www.burmeseclassic.com

တက္ကသိုလ်

# နှောပင့်ဒေါင်

## အရိုးဖြူကိုလျား
## သွေးနီအရိုင်း

စာစဉ် (၁)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အရိုးဖြူဂိုဏ်းသွေးနီအရိုင်း

(စာစဉ်–၁)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၈၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၀၁၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်၏ အဓိကအကျိုးတွင်ဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

## ရှေးရိုးအယုံအကြည်

လွန်ခဲ့သော နှစ်ပေါင်းများစွာက တရုတ်ပြည်၌ ယုံကြည်မှု တစ်ခု ရှိခဲ့သည်။ ထိုယုံကြည်မှုသည် သေခြင်းတရားနှင့် စပ်ဆိုင်သော ယုံကြည်မှုဖြစ်သည်။ ထိုယုံကြည်မှုကို တရုတ်ပြည်သူတို့၏ ဦးနှောက်နှင့် ကျောပေါ်မှ ခွာချ၍မရပေ။

လူတစ်ယောက် သေဆုံးပြီးနောက် ထိုလူအား မြေမြှုပ်ရာ၌ နည်းလမ်းမကျလျှင်လည်းကောင်း၊ မကောင်းဆိုးရွားများ ကြီးစိုးရာ၌ မြေမြှုပ်လျှင်လည်းကောင်း၊ ထိုလူသေအလောင်းသည် လနှင့် နေတို့၏ စွမ်းအင်ကို စုပ်ယူလျက် မိစ္ဆာအဖြစ် ပြောင်းလဲသွားတတ်သည် ဟူ သတတ်။

တရုတ်ပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းတစ်ခွင်လုံး မိစ္ဆာနှင့် ပတ်သက်၍ ယုံတမ်းစကားများ ရှိခဲ့သည်။

အချို့သောသူများက 'မိစ္ဆာ'သည် အဖြူရောင် အမွေးများ တစ်ကိုယ်လုံးဖုံးလွှမ်းလျက်ရှိကြောင်း၊ အချို့လူများက မိစ္ဆာသည်

www.burmeseclassic.com

www.burmeseclassic.com



သာမန်လူထက် အဆတစ်ရာမက အားအင်ကြီးမားကြောင်း၊ အချို့လူများက မိစ္ဆာသည် နေ့ခင်း၌ ပုန်းအောင်းပြီး ညဘက်မှသာ ကျက်စားတတ်ကြကြောင်း၊ အချို့လူများက ယင်းမိစ္ဆာတို့၏ လက်သည်းများမှာ သံချိတ်ကဲ့သို့ မာကျောချွန်ထက် ရှည်လျားကြောင်း၊ အချို့ကလည်း မိစ္ဆာ၏ ခန္ဓာကိုယ်မှာ အလွန်မာကျောကြောင်း၊ အချို့က ယင်းမိစ္ဆာများသည် လှုပ်ရှားလျှင် အလွန်ပင် မြန်ဆန်သော်လည်း မျက်နှာမူရာ တည့်တည့်ကိုသာ သွားနိုင်ကြသဖြင့် ယင်းမိစ္ဆာနှင့်တွေ့လျှင် ခေါင်းအေးအေးထားပြီး ကွေ့ပတ်ပြေးလျှင် လွတ်မြောက်ကြောင်း အသီးသီး ပြောဆိုခဲ့ကြပါသည်။

အချို့သော လူများကမူ လနှင့်နေတို့၏ စွမ်းအင်အကြောင်း တစ်လုံးတစ်ပါဒမျှ ထည့်မပြောကြချေ။ အလောင်းထည့်ထားသည့် ခေါင်းပေါ်သို့ ကြွက်၊ ကြောင် စသည့် တိရစ္ဆာန်များဖြတ်မိလျှင် အဖို့အမ ဓာတ်နှစ်မျိုးစီးဝင်သွားပြီး လူသေအလောင်းမှာ ထလာတတ်ကြောင်းဖြင့် မိစ္ဆာထနိုင်သည့်အခြေအနေကို ပြောကြ၏။

သူတို့ကပင် ထို ထ,လာသော မိစ္ဆာအား ဝါးတုတ်နှင့် ထိုးလိုက်လျှင် စီးဝင်နေသော အဖို့,အမ ဓာတ်များ ပျက်ပြယ်ကာ မြေပေါ်ပြန်လဲကျသွားမည်ဖြစ်ကြောင်း ပြောဆိုကြပေသည်။

စကားဆိုသည့်အတိုင်း လူများသည် ကား၍, ကား၍ ချဲ့ထွင်ပြောကြရာမှ မိစ္ဆာဟူသည် အလွန်တရာ ကြောက်မက်ဖွယ်ရာ သတ္တဝါကြီး ဖြစ်လာလေတော့၏။

လူတို့သည် အမှောင်ကို ကြောက်ရွံ့ကြ၏။ အမှောင်ထဲ၌ မြင်ရသည့်အရာနှင့် အလင်းထဲ၌ မြင်ရသည့်အရာကို အကဲဖြတ်ရာ၌ လုံးဝမတူညီကြပေ။ အလင်းထဲမှအရာကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်



သလောက် မှောင်ထဲမှအရာကို မှန်မှန်ကန်ကန် အကဲမဖြတ်နိုင်ပေ။

ကြောက်ရွံ့မှု ရောစွက်လျက် အကဲဖြတ်လိုက်သောအခါ မှောင်ထဲမှအရာသည် ကြောက်ဖွယ်ကြီးများလာလေတော့သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

## ချောက်ချားသွားသောမြို့ကလေး

တရုတ်ပြည်၌ မွန်ဂိုများ အုပ်စိုးနေသော အချိန်ကာလဖြစ်သည်။

မွန်ဂိုဘုရင်က တရုတ်ပြည်အား ခရိုင်(၁၈)ခရိုင်ခွဲကာ အုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်ရာ၌ အတော်ပင် စည်းစနစ် ကျနလေသည်။

ကျက်ကျန်းပြည်နယ်၏ မြို့တော်မှာ ဟောင်ကျူ ဖြစ်၏။

သို့သော် ....

အဘယ်ကြောင့် ဟောင်ကျူကို မြို့တော်အဖြစ် သတ်မှတ်မှန်း မသိကြပေ။ အကြောင်းမှာ ဟောင်ကျူမြို့သည် နင်ပိုမြို့လောက် လမ်းပန်းအဆက်အသွယ်၌ အချက်အချာ မကောင်းသောကြောင့် ဖြစ်ပါသည်။

နင်ပိုမြို့မှာ အခြားပြည်နယ်များသို့ ရေလမ်းခရီးဖြင့် လည်းကောင်း၊ ကုန်းလမ်းခရီးဖြင့်လည်းကောင်း သွားရောက်နိုင်သည်။ အဝင်အထွက် ကောင်းသည်။ ထို့ကြောင့် နေပြည်တော်သို့ ပို့ဆောင်ရမည့်



ဘဏ္ဍာတော်များ၊ ရိက္ခာများအား နင်ပိုမြို့၌ပင် စုစည်းထားရှိသည်။

ကုန်စည် အစုအဆောင်းရှိသောကြောင့် နင်ပိုမြို့၌ ဘဏ္ဍာတော်များထားသော ဘဏ္ဍာတိုက်တစ်ခုကိုလည်း တည်ဆောက်ထား၏။

ထိုဘဏ္ဍာတိုက်အား အုတ်ဖြင့် အခိုင်အမာတည်ဆောက်ထားရုံမျှမက အစောင့်အကြပ်များကိုလည်း တင်းကျပ်စွာ ချထားသည်။

နေ့ညမခွဲခြားဘဲ အစောင့်များ အမြဲအသင့်အနေအထား ရှိ၏။

ထိုမျှသာမကသေး ဘဏ္ဍာတိုက်ရှိရာဘက်သို့ ခွင့်ပြုချက်မရဘဲ မည်သူမျှ ဖြတ်သန်းသွားလာခွင့် မပြုခဲ့ချေ။

ဘဏ္ဍာတိုက်ကို အုပ်ချုပ်သော အရာရှိများသည် သူတို့ကိုယ်တိုင် လုံ့လဝီရိယရှိရှိ နံနက်တိုင်း လာရောက်စစ်ဆေးလေ့ရှိသဖြင့် ထိုဘဏ္ဍာတိုက်၏ လုံခြုံမှုမှာ အတော်ကလေး လုံခြုံသည်ဟု ဆိုနိုင်လောက်ပေသည်။

သို့သော် ....

တစ်နေ့တွင်မူ ထိုမျှလုံခြုံသော ဘဏ္ဍာတိုက်သည် လုံခြုံမှုမရှိဘဲ ပွင့်သွားခဲ့ရလေ၏။

နံနက်ပိုင်း အချိန်အခါ ....

မြို့စောင့်တပ် ဗိုလ်မှူးကလေးမှာ ထုံးစံအတိုင်း သူ၏အဖွဲ့နှင့် ဘဏ္ဍာတိုက်အား လာရောက်စစ်ဆေးသည်။

သူသည် အခြေအနေဆိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံတွေ့ခဲ့သဖြင့် ခပ်အေးအေးပင်။

သို့သော် ငွေတိုက်အနီးသို့ ရောက်လာသူ မျက်လုံးပြူးသွားရတော့သည်။

အဘယ်ကြောင့်ဆိုသော် ....

www.burmeseclassic.com

www.burmeseclassic.com



ငွေတိုက်ရှေ့၌ အစောင့်စစ်သည်များမှာ အတုံးအရုံး လဲကျနေသောကြောင့်ပေတည်း။

အစောင့်စစ်သည်များအား စစ်ဆေးသောအခါ ကျောဘက်နှင့် ရင်ဝဘက်၌ နက်ရှိုင်းသော လက်ရာများကို တွေ့ရသည်။

သေဆုံးသွားသော စစ်သည်များ၏ အလောင်းမှာ ကြည့်ရက်စရာ မရှိပါ။

အလွန်ပင် အကြည့်ရဆိုးလေသည်။ သွေးများ ရဲနေသည်။

ဘဏ္ဍာတိုက်၏ နံရံပေါ်၌ပင် သွေးများမှာ စွန်းထင်းနေသည်။

ထို့အပြင် အုတ်နံရံပေါ် နစ်ဝင်နေသော လက်သည်းရာများကလည်း ကြောက်စရာကောင်းလှသည်။ မည်သို့ကြည့်ကြည့် ကြည့်၍မကောင်းသော မြင်ကွင်းပါပေ။ တာဝန်ခံ ဗိုလ်မှူးကလေးအဖို့ ရှု၍မကောင်းဆုံးသောအရာမှာ ဘဏ္ဍာတိုက်၏ သံတံခါးကြီး ပွင့်နေခြင်းပင်တည်း။

အတွင်းသို့ အလျင်အမြန် ဝင်စစ်ဆေးလိုက်သောအခါ ငွေဘဏ္ဍာဟူ၍ တစ်လုံးမျှမရှိတော့ချေ။

ငွေတိုက်အတွင်း၌ သေတ္တာအလုံး သုံးဆယ်ရှိသည်။ ငွေအပြည့်ထည့်ထားသော သေတ္တာများဖြစ်သည်။ ထိုသေတ္တာများ ယခု တစ်လုံးမျှမရှိတော့။

ဗိုလ်မှူးကလေးမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

သူ၏ အမှုထမ်းသက်ကာလအတွင်း ယခုကဲ့သို့ ဘဏ္ဍာတိုက် အဖောက်ခံရပုံမျိုး တစ်ကြိမ်မျှ မတွေ့ဘူးသဖြင့် သူ အကြီးအကျယ် တုန်လှုပ်သွားရခြင်းဖြစ်သည်။ သူ ရပ်ပြီး တုန်လှုပ်နေ၍ မဖြစ်ပါ။ ထို့



ကြောင့် နင်ပိုမြို့စားကြီးထံ အကြောင်းကြားရတော့သည်။

နင်ပိုမြို့စားမှာ မွန်ဂိုလူမျိုးတစ်ယောက်ပင် ဖြစ်သည်။

သူ၏အမည်မှာ 'ထော်ပလာ' ဖြစ်၏။

သူ နံနက်အိပ်ရာမှ ထလာချိန်ဝယ် စစ်သည်တစ်ယောက်က အရေးတကြီး တွေ့ခွင့်တောင်းနေကြောင်း ကြားသိလိုက်ရသဖြင့် စိတ်ထဲ၌ အံ့ဩသွားသည်။ နံနက်စောစော သူ့အား အရေးတကြီး တွေ့ခွင့်တောင်းသူကို မတွေ့ရသည်မှာ ကြာမြင့်လှပြီ မဟုတ်ပါလား။

မြို့စားက တွေ့ခွင့်ပေးလိုက်သဖြင့် စစ်သည်တစ်ယောက် ဝင်ရောက်လာ၏။

စစ်သည်တော်က မြို့စားအား ဒူးထောက်အရိုအသေပေးပြီးနောက် ဘဏ္ဍာတိုက် ဖောက်ခံရသည့်သတင်းကို အစီရင်ခံလိုက်လေသည်။

မြို့စားကြီး ထော်ပလာမှာ ထိုသတင်းကြောင့် အကြီးအကျယ် ထိတ်လန့်သွား၏။

သူက ချက်ချင်းပင် သူ့တပ်သားများကို တပ်လှန့်ကာ ဘဏ္ဍာတိုက်ရှိရာသို့ အခြံအရံ အစောင့်အကြပ်များဖြင့် ဝေါယာဉ်စီးကာ ထွက်လာသည်။

ဘဏ္ဍာတိုက်သို့ ရောက်သောအခါ ဗိုလ်မှူးကလေးက သူ တွေ့ကြုံခဲ့ရသည့် အနေအထားကို ဆီးကြို၍အစီရင်ခံ၏။

"အေး .... ငါ ဆက်ပြီး စစ်ဆေးမယ်၊ မင်းလည်း အသင့်စောင့်နေ .... "

"အမိန့်အတိုင်း စောင့်နေပါ့မယ် မြို့စားကြီး .... "

မြို့စားကြီးက အစောင့်စစ်သည်များကို စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံခံရသော အစောင့်စစ်သည်များထဲမှ အသက်ရှင်ကျန်ခဲ့သူ ရှိပါက သတင်းရနိုင်သောကြောင့် ဖြစ်သည်။

သူ စေ့စပ်သေချာစွာ စစ်ဆေးလိုက်သောအခါ အစောင့်စစ်သည်သုံးဆယ့်နှစ်ယောက်အနက် ဒဏ်ရာနှင့် မေ့မြောနေသော စစ်သည်တစ်ယောက်ကို တွေ့လိုက်ရသည်။

မြို့စားကြီးမှာ အလွန်ဝမ်းသာသွား၏။

"ဟော့ .... သူ့ကို မြန်မြန်သတိရအောင် လုပ်ပေးကြစမ်း"

ချက်ချင်းပင် ထိုစစ်သည်အား ကုသရန် အမိန့်ပေးတော့သည်။

စစ်သည်တော်အား ကုသနေချိန်တွင် သူက ဘဏ္ဍာတိုက်အတွင်းဘက်သို့ ဝင်ရောက်စစ်ဆေးသည်။

မြို့စားကြီးသည် အလွန်စေ့စပ်၏။

သူ့ပုံစံကိုကြည့်ပြီး အေးအေးဆေးဆေး ဆောင်ရွက်နေသည်ဟု ထင်ပါက မှားသွားပေလိမ့်မည်။

သူ့အပြင်က အေးသော်လည်း ရင်ထဲ၌ မီးတောက်နေသည်၊ ရင်ပူနေသည်။

ထိုအမှုအား ပြေလည်အောင် မဖြေရှင်းနိုင်လျှင် သူ အပြစ်ပေးခံရမည် မဟုတ်ပါလား။

မြို့စားရာထူးမှ အရာကျသွားလျှင် ရှက်စရာ။

အတန်ကြာသောအခါ ဒဏ်ရာနှင့် မေ့မြောနေသော စစ်သည်တော်မှာ သတိပြန်လည်၍ ရရှိလာသည်။

စစ်သည်တော်မှာ သတိရလာသော်လည်း အတော်ပင် တုန်လှုပ်နေ၏။

သူ၏ပုံပန်းမှာ ကြောက်စရာတစ်ခုခုနှင့် ရင်ဆိုင်ခဲ့ရပုံရသည်။



မြို့စားကြီးက စိတ်ရှည်လက်ရှည်ဖြင့် ချော့မော့မေးမြန်းသည်။

အတန်ကြာမှ အစောင့်စစ်သည်က ညကအဖြစ်အပျက်အား ပြန်လည်ပြောပြနိုင်ခဲ့လေတော့သည်။

လဆန်း တစ်ဆယ့်တစ်ရက်။

လပြည့်ရန် လေးရက်မျှသာ လိုသေးသည့်အလျောက် လမင်းမှာ အတော်ပင် အလင်းရောင်ကို ပေးနေနိုင်သည်။

လရောင်အောက်ဝယ် နင်ပိုမြို့၏ ဘဏ္ဍာတိုက်မှာ ထီးထီးကြီး ခြင်နေရသည်။

ဘဏ္ဍာတိုက်၏ မျက်နှာစာတစ်ဘက်စီ၌ .... စစ်သည်လေးယောက်နှုန်းဖြင့် စောင့်ကြပ်နေသည်။ သူတို့ စောင့်ကြပ်ပုံမှာ အသေကောင်ကဲ့သို့ ရပ်ပြီး စောင့်နေခြင်းမဟုတ်ပါ။

ခြေလှမ်းမှန်မှန်ဖြင့် ဘဏ္ဍာတိုက်အား ပတ်၍ စောင့်နေခြင်းသာ ဖြစ်ပါသည်။

ထို စစ်သည်တော်များသည် မည်ကာမတ္တ စစ်သည်တော်များမဟုတ်ပေ။ အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်သည်။ တိုက်ရည်ခိုက်ရည် ပြည့်ဝသူများ ဖြစ်သည်။

မြို့စောင့် စစ်သည်များထဲမှ တစ်ရာလျှင် တစ်ယောက် လက်ရွေးစင်များကို ရွေးထုတ်ထားသော စစ်သည်တော်များ ဖြစ်သည်။

လျင်မြန်သည်၊ ဖျတ်လတ်သည်။ နိုးကြားတက်ကြွသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကို အထူးရွေးထုတ်စောင့်ကြပ်စေခြင်းကြောင့်လည်း သူတို့သည် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူကာ ပိုမို၍ တက်ကြွစွာ စောင့်ကြပ်ကြသည်။

ထိုဘဏ္ဍာတိုက်အား စောင့်ကြပ်ရန် ရွေးချယ်ထားသော စစ်သည်တော်မှာ အားလုံး သုံးဆယ့်နှစ်ယောက် ဖြစ်သည်။

တစ်ဆယ့်ခြောက်ယောက်လျှင် တစ်ဖွဲ့နှုန်းဖြင့် အဖွဲ့နှစ်ဖွဲ့ ခွဲကာ ငွေတိုက်အား စောင့်ကြပ်ကြသဖြင့် ဘဏ္ဍာတိုက်အား တိုက်ခိုက်လုယက်လိုသူများအတွက် အတော်ကလေး အကျဉ်းအကျပ် ကျစေပေသည်။

တစ်နာရီ တစ်ခါကင်းလဲသဖြင့် အိပ်ငိုက်ခြင်းလည်း မရှိကြချေ။

ယနေ့ညလည်း စစ်သည်တော် တစ်ဆယ့်ခြောက်ယောက်မှာ ငွေတိုက်ကို ပတ်ချာလှည့်ကာ စောင့်ကြပ်နေကြသည်။

ထိုအခိုက် ငွေတိုက်၏ မျက်နှာစာတစ်ဘက်မှ အသံတစ်ခု ထွက်ပေါ်လာလေသည်။

ချောက်ချားဖွယ်ရာ အသံ။

“အား ....”

နာကျင်စွာ အော်လိုက်သံက .... ညအမှောင်ထဲ၌ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဤသို့သော အသံမျိုးကို မည်သူကမျှ အပျော်သဘောဖြင့် အော်ဟစ်မည် မဟုတ်ပါ။

စစ်သည်တော်များမှာ လေ့ကျင့်မှု အပြည့်အဝ ရှိထားသောကြောင့် ရန်သူ ရောက်ရှိလာပြီဟု ချက်ချင်း ရိပ်မိကြသည်။

သူတို့အားလုံး အော်သံထွက်ပေါ်လာရာဘက်ဆီသို့ ပြေးသွားကြလေသည်။

သူတို့အားလုံး ထိုနေရာသို့ရောက်သောအခါ စစ်သည်တော်



လေးယောက်မှာ မြေပေါ်၌ လဲကျနေသည်ကို တွေ့လိုက်ရသည်။

ထိုအတူ ရန်သူကိုလည်း တစ်ဆက်တည်း တွေ့လိုက်ရလေသည်။

သူတို့အားလုံး ရန်သူကို တွေ့သည်နှင့် ငေးကြောင်သွားကြလေတော့သည်။

“ဒေါင် ....”

အုန်းမောင်းသံတစ်ချက် ထွက်ပေါ်လာ၏။

ဘဏ္ဍာတိုက်အား စောင့်မည့် နောက်ထပ်စစ်သည်တော် တစ်ဆယ့်ခြောက်ယောက်သည် ကင်းလဲရန် ဘဏ္ဍာတိုက်မျက်နှာစာများဆီသို့ ရောက်လာတော့သည်။

ဘဏ္ဍာတိုက်အနီးသို့ ရောက်သောအခါ မျက်လုံးပြူးသွားကြသည်။

စောင့်ကြပ်နေသော အစောင့်စစ်သည်များကို မတွေ့ရသောကြောင့်ပေတည်း။

အခြေအနေ ဆိုးနေပြီကို သူတို့ ရိပ်မိလိုက်ကြသည်။ ဤမြင်ကွင်းမှာ ပုံမှန်မြင်ကွင်းမှ မဟုတ်ပေပဲ။

ထို့ကြောင့် စစ်သည်များသည် အမြန်ဆုံး ပြေးလွှားစုံစမ်းကြ၏။

ထိုအခါ ပထမကင်းစောင့်စစ်သည် တစ်ဆယ့်ခြောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စလုံး မြေပေါ်လဲကျနေသည်ကို တွေ့လိုက်ရလေတော့သည်။

သေချာစွာ ကြည့်လိုက်သောအခါ ထိုစစ်သည်အားလုံး ဝမ်းဗိုက်နှင့် ကျောဘက်များပွင့်ကာ သေဆုံးနေကြောင်း တွေ့လိုက်ကြရသည်။ ထိုအခြင်းအရာမှာလည်း ဖြစ်လေ့ဖြစ်ထရှိသော အခြင်းအရာ မဟုတ်ပေ။

ထို့ကြောင့် သူတို့ တစ်ဆယ့်ခြောက်ယောက်စလုံး ထိုမြင်ကွင်းကြောင့် ထိတ်လန့်သွားကြသည်။ သူတို့ အော်ဟစ်ရန် ကြိုးစားလိုက်ကြ၏။ ထိုအချိန်မှာပင် သူတို့နောက်ကျောမှ ထူးဆန်းသောအသံများကို ကြားလိုက်ကြသည်။

ထိုအသံမှာ သူတို့၏နောက်ကျောမှ ကပ်၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအသံကြောင့် သူတို့ မအော်ဖြစ်တော့ချေ။ ခေါင်းနပန်းကြီးသွားကြသည်။ သူတို့၏ ခေါင်းများပေါ်သို့ တစ်စုံတစ်ခုက မိုးထားသကဲ့သို့ပါ ခံစားလိုက်ရလေတော့သည်။

သူတို့ သတိမထားမိချိန်ဝယ် ရန်သူများက လျင်မြန်စွာ ရောက်ရှိလာခဲ့ကြလေပြီ။

စစ်သည်တော်များက ရန်သူအား တိုက်ခိုက်ရန် ကြိုးစားကြသည်။

သို့သော် ရန်သူများက လက်ဦးသွားခဲ့ကြလေပြီ။

စစ်သည်များမှာ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ကျသွားသည်။

ထိုအထဲမှ စစ်သည်တော်တစ်ဦးမှာမူ ကျောလည်းမပွင့်ပါ။ ရင်လည်း မပွင့်ပါ။

သူသည် လဲကျသွားသည်နှင့် သေချင်ဟန်ဆောင်လိုက်သည်။



လုံးဝ မလှုပ်ရှားတော့ပါ။ သူ မလှုပ်ရှားတော့သဖြင့် ရန်သူများကလည်း သူ့ကို သေပြီဟု ယူဆပြီး ထပ်မံ မတိုက်ခိုက်တော့ပါ။

ရန်သူများ၏ တိုက်ခိုက်မှု ငြိမ်သက်သွားသောအခါ ထိုစစ်သည်တော်သည် မျက်လုံးကို အသာမှေးဖွင့်၍ ရန်သူအား ချောင်းမြောင်းကြည့်ရှုလိုက်လေသည်။

ထိုအခါ သူ၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားလေတော့သည်။

ရန်သူများမှာ အယောက်နှစ်ဆယ်ခန့် ရှိ၏။

အားလုံးမှာ အဖြူရောင်ဦးထုပ်နှင့် အဝါရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။

သူတို့၏မျက်နှာများမှာ ဖြူဖွေးနေသည်။

သူတို့၏ လှုပ်ရှားမှုမှာလည်း မာတောင့်တောင့်နှင့် ဖြစ်သည်။ ဘဏ္ဍာတိုက်ဆီသို့ သွားရာတွင်ပင် ခြေထောက်ကို ခုန်ဆွခုန်ဆွလုပ်ကာ သွားကြသည်။

ထူးဆန်းသည်ဟု မဆိုနိုင်ပါပြီလော။

ထို့နောက် ဘဏ္ဍာတိုက်တံခါးအား ဖွင့်ခဲ့ပြီး အထဲသို့ ဝင်သွားသည်။

"ဒါ .... ဒါ မိစ္ဆာတွေပဲ၊ မိစ္ဆာ .... မိစ္ဆာကောင်တွေ"

သူသည် ကယောင်ချောက်ချား ဧရရွတ်ပြီးနောက် ခေါင်းခွဲထားသော ဒဏ်ရာကြောင့် .... ပြန်လည်မေ့မြောသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး ထော်ပလာက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

ဘဏ္ဍာတိုက်အား ဖောက်ထွင်းသွားသူမှာ အစောင့်စစ်သည် ပြောသကဲ့သို့ မိစ္ဆာများ ဖြစ်သည်ဟု သူ လက်မခံပါ။ မိစ္ဆာကို သူ မယုံကြည်ပါ။

ထို့ကြောင့် မြို့စားကြီးသည် အလောင်းများကို သေချာစွာ စစ်ဆေးသည်။

အလောင်းများ အားလုံးလိုလိုမှာ သေဆုံးပုံတူ၏။

ထို့အပြင် ကြောက်ရွံ့စွာဖြင့် သေဆုံးသွားရကြောင်းလည်း အလောင်းများ၏ မျက်နှာက ဖော်ပြနေသည်။

ထို့နောက် အုတ်နံရံမှ လက်သည်းရာနှင့် အလောင်းများ၏ ဒဏ်ရာကို တိုင်းတာကြည့်လိုက်သည်။ အားလုံး အတူတူပင် ဖြစ်၏

မြို့စားကြီးက သေချာစွာ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း အကဲခတ်လိုက်၏။ စစ်သည်တော် ပြောသကဲ့သို့ ခြေစုံသွားသည့် ခြေရာများကိုလည်း တွေ့ရသည်။ အဘယ်လူသည် သေရေးရှင်ရေးကို ခြေစုံခုန်နေပါမည်နည်း။

ထို့ပြင် ခြေရာများမှာ သာမန်လူပင် ခုန်မသွားနိုင်သော ခြေရာများ ဖြစ်နေသည်။

မြို့စားကြီးမှာ ဦးနှောက်ခြောက်သွားသည်။

စစ်သည်တော်အား အမျိုးမျိုး လှည့်ပတ်မေးသော်လည်း — အဖြေက ပြောင်းလဲမသွားပါ။ တရားခံမှာ မိစ္ဆာပင်ဖြစ်သည်။ စစ်သည်တော်က ထပ်တလဲလဲပင် မိစ္ဆာဟု ပြောနေသည်။



မြို့စားကြီးမှာ စိတ်ထဲမှ ယုံကြည်မှု သိပ်မရှိသော်လည်း အခြေအနေအရ တရားခံမှာ မိစ္ဆာဟုပင် ယူဆလိုက်ရလေတော့သည်။

ထို့ကြောင့် နင်ပိုမြို့၏ ဘဏ္ဍာတိုက် အဖောက်ခံရသည့် သတင်းမှာ တစ်မြို့လုံးသို့ နှံ့မကူးခင် ပျံ့နှံ့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

## ချောက်ချားသွားသောရွာကလေး

ကွမ်ကျူးပြည်နယ် အရှေ့ဘက်ခြမ်း တစ်ခုလုံးမှာ ပင်လယ်ပြင်ကို မျက်နှာမူလျက် တည်ရှိပေသည်။

ဟောင်ကျုံပင်လယ် ကမ်းခြေတစ်ဝိုက်တွင် ကျွန်းစုအများအပြား ရှိ၏။

ထိုကျွန်းစုများရှိ ရွာများမှာ များသောအားဖြင့် ငါးဖမ်းခြင်းဖြင့် အသက်မွေးမြူကြသော တံငါသည်များ၏ ရွာများဖြစ်ကြသည်။ ဖီယွင်ဖုရွာသည် ထိုကျွန်းများ၌ တည်ရှိသော ရွာလေးတစ်ရွာ ဖြစ်သည်။

ထို့ကြောင့် ဖီလွှင်ဖုရွာကလေးရှိ လူအားလုံးလိုလိုမှာလည်း တံငါသည်များသာ ဖြစ်သည်။ သို့သော် ထိုရွာ၌ ထိုရွာဇာတိမဟုတ်သော မိသားစုတစ်စု ရှိသည်။ သူတို့သည် တံငါအလုပ်လည်း မလုပ်တတ်ပေ။

မည်သည့် အသက်မွေးဝမ်းကျောင်း အလုပ်မျှလည်း မလုပ်ကိုင်ကြပေ။



ထိုမိသားစုမှာ တံငါရွာကလေး၌ နေထိုင်ကြသော်လည်း တံငါသည်များနှင့် အသွားအလာ အဆက်အဆံလည်း မရှိပေ။

ထိုမိသားစုမှာ စုစုပေါင်း လေးယောက်သာ ရှိသည်။

အသက်ငါးဆယ်ခန့်ရှိ ယီထင်းဟောင်နှင့် သူ၏သမီး ယီဖျောင်းရှမ်း၊ အိမ်ဖော်နှစ်ယောက်တို့ပင် ဖြစ်ပါသည်။

ယီထင်းဟောင် ....

ယီထင်းဟောင်မှာ ဟန်တရုတ်မင်းဆက်များ လက်ထက်၌ တပ်မှူးကြီးတစ်ယောက် ဖြစ်ခဲ့သည်။ စွမ်းရည်ရှိသော်လည်း ခေတ်ကာလအခြေအနေအရ သူ ဘာမျှ ဆောင်ရွက်နိုင်စွမ်းမရှိ ဖြစ်ခဲ့ရသည်။

တရုတ်ပြည် တစ်ပြည်လုံးအား မွန်ဂိုများ ဝင်ရောက်သိမ်းပိုက်ပြီးသောအခါ သူသည် မြို့ပေါ်ရှိ မရှောင်တိမ်း၍ မရတော့ချေ။ ထို့ကြောင့် တံငါရွာကလေးသို့ လာရောက်တိမ်းရှောင်ရတော့သည်။

သို့သော် မျိုးချစ်စိတ်ကမူ ပျောက်မသွားပါ။

မွန်ဂိုများအား တော်လှန်ရန် အမျိုးမျိုးကြံဆခဲ့သည်။

သူ ဤဖီယွင်ဖုရွာကလေးသို့ ရောက်သောအခါ၌လည်း ရွာသားဦးရေ မနည်းလှသောကြောင့် သူက တော်လှန်ရေးအင်အားစုအဖြစ် ပြောင်းလဲရန် စဉ်းစားခဲ့သည်။

သို့သော် ....

တံငါသည်များမှာ စာပေမတတ်၊ ဗဟုသုတခေါင်းပါးပြီး တိုင်းရေးပြည်ရာ စိတ်ဝင်စားမှုမရှိသည်သာမက သူ့အား တဖြည်းဖြည်း ရှောင်ဖယ်လာကြသောအခါ ယီထင်းဟောင်သည် သူ့အကြံအစည်ကို လက်လျှော့လိုက်ရတော့သည်။

သူသည် ရွာထဲသို့ သွားရောက်လည်ပတ်ခြင်းလည်း မပြုတော့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ လသာသော ညများတွင်သာ ပင်လယ်ကမ်းခြေဘက်သို့ လမ်းလျှောက်ထွက်ပါတော့သည်။

မွန်ဂိုများ၏ လက်အောက်၌ ကျွန်သဘောက်သဖွယ် နေရသည့် ရင်တွင်းခံစားချက်များကို တတွတ်တွတ် ရေရွတ်ရင်း ရင်ထဲမှ ခံစားချက်များ လျော့ပါးအောင် ပြုလုပ်နေခဲ့ရှာသည်။ သူသည် တို့ထက် သူ့ကိုယ်သူ စိတ်ချမ်းသာအောင် မပြုလုပ်နိုင်ရှာတော့ပေ။

ယိထင်းဟောင်၏သမီး ယိဖျောင်းရှမ်းမှာ ဆယ့်ခုနစ်နှစ်ခန့်သာ ရှိသေး၏။ အိမ်ဖော် ဘာဘာဟူခေါ် တိုဟူနှင့် အိမ်ဖော် ဇွိဟုန် တို့မှာ အသက်အရွယ် အနည်းငယ် ကြီးနေပေပြီ။

ယိထင်းဟောင် ဤဖီယွင်စု တံငါရွာကလေးသို့ ရောက်ရှိနေထိုင်ခဲ့သည်မှာ ခုနစ်နှစ်မျှ ရှိခဲ့ပြီ။ ထိုခုနစ်နှစ် သက်တမ်းအတွင်း တစ်ကြိမ်တစ်ခါမျှ မငြိမ်းမချမ်း မဖြစ်ခဲ့ပေ။

သို့သော် ....

တစ်နေ့တွင်မူ အေးချမ်းသာယာသော ဖီယွင်ဖုတံငါရွာကလေးသို့ ထူးဆန်းမှုတစ်ခုက စတင်ဝင်ရောက်လာလေတော့သည်။

ထိုထူးဆန်းမှုကို တံငါသည်များကပင် စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်ပါသည်။

တံငါသည်များသည် ထုံးစံအတိုင်း ငါးဖမ်းထွက်ရန် ပင်လယ်ကမ်းခြေသို့ ဆင်းလာကြသည်။

ထိုစဉ် ပင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်၌ ထူးဆန်းသော ခြေရာများကို တွေ့မြင်လိုက်ကြရသည်။ ပထမ၌ သူတို့ အမှတ်မထင် ကြည့်ကြသည်။ သို့သော် အနည်းငယ် အသေအချာ ကြည့်မိလိုက်သည်နှင့် အားလုံးပင် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကြရတော့သည်။



သူတို့ တွေ့မြင်လိုက်ရသော ခြေရာမှာ သာမန်လူ ခြေရာထက်ကြီးပါ။

သို့သော် ....

ထူးဆန်းသည်က သာမန်လူခြေရာကဲ့သို့ ဘယ်တစ်လှမ်း ညာတစ်လှမ်း နင်းသွားထားသော ခြေရာမဟုတ်ပါ။ ခြေရာများမှာ အစုံလိုက် ပူးတွဲနေကြသည်။ ပူးကပ်နေကြသည်။

ထိုသို့ ပူးကပ်လျက်ရှိသော ခြေရာတစ်စုံနှင့်တစ်စုံ အကွာအဝေးမှာ ခြောက်ပေမှ ရှစ်ပေခန့်ရှိပေသည်။ မည်မျှ ထူးဆန်းနေပါသနည်း။

ထို့ကြောင့် ခြေရာပိုင်ရှင်သည် တစ်လှမ်းချင်း သွားခြင်းမဟုတ်ဘဲ ခြေစုံခုန်၍ သွားသည်ဟု ယူဆဖွယ်ရာ ဖြစ်နေတော့သည်။

တံငါသည်တစ်ယောက်က ....

“ဟာ .... ခြေရာ ထူးဆန်းလှချည်လား၊ ဒီလူက ခြေစုံခုန်ပြီးသွားတဲ့လူလား .... ”

နောက်တံငါသည် တစ်ယောက်က ....

“ဘယ်လိုလူက ဒီလိုခုန်ပြီး သွားမှာလဲ .... ”

“ခြေရာကို ကြည့်ပါလား .... ဒီခြေရာဟာ ခုန်ပြီးသွားတဲ့ ခြေရာမဟုတ်လို့ ဘာခြေရာ ဖြစ်ရမှာလဲ .... မင်းပြောသလို သွားရင် တို့သာမန်လူတွေလို ဘယ်တစ်လှမ်း ညာတစ်လှမ်း ခြေရာတွေ ရှိနေရမှာပေါ့ .... ”

“လူဆိုရင် ခြေလှမ်း ဒီလောက်အကွာအဝေးကို ခုန်ပြီး သွားနိုင်ပါ့မလား .... အဲဒါကို မင်းမှ သဘောမပေါက်ဘဲ .... ”

“အေး .... ဒါလည်း စဉ်းစားစရာပဲ၊ လူမဟုတ်ရင် မိစ္ဆာများလား မသိဘူး .... ”

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် တံငါသည် အတော်များများ လန့်ဖျပ်သွား၏။

အသက်နှစ်ဆယ်ခန့်ရှိသော တံငါသည် လူရွယ်က ....

"ဘယ်က မိစ္ဆာခြေရာ ဟုတ်ရမှာလဲ ...., ဒါ ကလေးတွေ ဆော့ထားတာပဲ ဖြစ်ရမယ် .... "

ထိုစကားကို တံငါသည်အားလုံးက လက်ခံလိုက်ကြသည်။ သူတို့အားလုံး စိတ်သက်သာရာရရန် လျှော့ပေါ့တွေးချင်ကြသည်။

ထို့နောက် ခြေရာကို ဂရုမစိုက်ကြတော့ဘဲ အားလုံး လှေများပေါ် တက်ကာ ငါးဖမ်းထွက်သွားကြလေတော့သည်။

ထိုရက်မှစ၍ နောက်ထပ် သုံးလေးရက်လုံးလုံးမှင် ခြေရာများကို ဆက်တိုက်တွေ့မြင်ခဲ့ကြသည်။ ထိုအခါ တံငါသည်အားလုံး စိတ်ထဲ၌ သို့လော၊ သို့လော ဖြစ်လာကြလေတော့၏။

ထူးဆန်းသော ခြေရာများကို နေ့စဉ် တွေ့လာရသောအခါ ကလေးများ ကစားထားသော ခြေရာမဟုတ်ကြောင်း အလိုလို နားလည်လာကြတော့သည်။

ကလေးများအား မေးမြန်းသည့်အခါ၌လည်း သူတို့ ဆော့ကစားထားခြင်း မဟုတ်ကြောင်း သိလာရသည်။ အလုပ်နှင့် လက်နှင့်မပြတ်သော တံငါသည် ရင်သွေးကလေးများသည် ဤကဲ့သို့ ကြံကြံဖန်ဖန် ဆော့ကစားနိုင်ကြမည် မဟုတ်ပါ။

အားလုံး စိတ်ထဲ၌ မကောင်းဆိုးရွားများ၏ ခြေရာဟုသာ ယုံကြည်လာကြတော့သည်။

ထိုအခါ ငါးဖမ်းရာတွင် စိတ်မဖြောင့်တော့ပါ။ လုပ်ငန်းကိုင်ငန်းကို ဖြောင့်ဖြောင့်တန်းတန်း မဆောင်ရွက်နိုင်တော့ပါ။



တချို့ သတ္တိနည်းသော တံငါသည်များမှာ ငါးဖမ်းပင် မထွက်တော့ပါ။ ကိုယ့်အိမ်၌ကိုယ် တံခါးအလုံပိတ်ကာ နေထိုင်လာကြတော့သည်။

သည်လိုနှင့်ပင် တစ်ယောက်မှတစ်ယောက် ဆိုသလို သတင်းပျံ့ပြီး အကြောက်ကြီးကြောက်ပြီး အိမ်ထဲမှအိမ်ပြင် မထွက်ရဲကြတော့ချေ။ ကြောက်လန့်ခြင်းတည်းဟူသော ဒုက္ခကြီးသည် ဗီယွင်ဖုရွာသားများ၏ ကျောကုန်းထက်သို့ ကုတ်တက်ဖိစီးလျက် ရှိနေတော့သည်။

လေးရက်မြောက်သောညတွင် တံငါသည်များ စိုးရိမ်ကြောက်လန့်နေသည့် အကြောင်းတရားသည် ကိုယ်ထင်ပြလာလေ၏။

တိမ်လိပ်တိမ်တိုက်များ အကြား၌ လကလေးမှာ ခေါင်းပြူရုံသာ ပြူနေ၏။ ထိုလသည် ဗီယွင်ဖုရွာကလေးအား မှေးမှိန်သော အလင်းရောင်ကိုသာ ပေးစွမ်းနိုင်သည်။

အဝေးဆီမှ အုန်းမောင်းသံနှစ်ချက် ထွက်ပေါ်လာ၏။

ဗီယွင်ဖု ရွာစွန်ရှိ အိမ်ကလေးတစ်လုံးမှာ ညအမှောင်အောက်ဝယ် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေ၏။ အကြောင်းတရားနှင့် ညအမှောင်၏ လွှမ်းခြုံမှုအောက်၌ ဗီယွင်ဖုရွာ ငြိမ်သက်နေသည်မှာ ဆန်းသည်တော့ မဟုတ်လှပါချေ။

တံငါသည် ကျန်းချန်ကန်မှာ အသက်လေးဆယ်ခန့်ရှိပြီး သူ၏ဇနီး ချန်လီ၊ သား ကျန်းဟူ၊ သူ၏ အမေအိုတို့နှင့်အတူ နေထိုင်သူဖြစ်သည်။

သူတို့မိသားစုအားလုံး အိပ်မောကျချိန်၌ အိမ်တံခါးဝဆီမှ ထူးဆန်းသော အသံတစ်သံ ထွက်ပေါ်လာနေသည်။

ထိုအသံမှာ စက္ကူများအား လေတိုးသံနှင့်လည်းကောင်း၊ အလ

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် လှှင့်နေသော ရွက်ထည်ကို လေတိုးသံနှင့်လည်းကောင်း၊ အတော်ကလေး တူညီသည်။ ထို့ပြင် ထိတ်လန့်ဖွယ်ရာ ညည်းညူသံလည်း ပါသည်။

ထိုညည်းညူသံကြောင့် ချန်လီ လန့်နိုးလာခြင်းလည်း ဖြစ်ပေသည်။

သူမက ခင်ပွန်းဖြစ်သူအား အတင်းလှုပ်နိုးသည်။

သူမ၏ နှိုးသံကြောင့် ကျန်သုံးယောက်စလုံး နိုးလာသည်။

"ဂျစ် .... ဂျစ် .... ဂျလစ် .... "

ချန်လီမှာ ထိတ်လန့်သွားသည်။ တံခါးကို ကုတ်ခြစ်သံ၊ လက်သည်းဖြင့် ကုတ်ခြစ်သည့်အသံ မဟုတ်ပါလော။ ချန်လီသည် ပါးစပ်မှ ဘုရားစာကို တတွတ်တွတ် ရွတ်ဆိုရင်း အထိတ်တလန့် ပြောလိုက်သည်။

"မကောင်းဆိုးရွားများ ရောက်လာသလား မသိဘူး .... "

သူမ၏စကားကြောင့် အားလုံး ပို၍ ထိတ်လန့်သွားကြသည်။

"ဝုန်း .... "

အိမ်တံခါးမ ပြိုလဲကျသွားသံ ထွက်ပေါ်လာသည်။ ထိုအသံ ငြိမ်သက်သွားသောအခါ ထူးဆန်းသောခြေသံ ထွက်ပေါ်လာသည်။ ခြေသံမှာ တဖြည်းဖြည်းနှင့် သူတို့အခန်းဆီသို့ ရွေ့လျားလာ၏။

ကျန်းချန်ကန်မှာ ကြောက်သော်လည်း သူက မိသားစု၏ ဦးဆောင်တစ်ယောက်ဖြစ်၍ စိတ်ကို တင်းလိုက်သည်။

ထို့နောက် အခန်းထဲရှိ တုတ်တစ်ချောင်းကို ယူ၍ အခန်းထဲမှ လှမ်းထွက်လိုက်သည်။

"အမယ်လေး .... "



အခန်းပြင်ရောက်သည်နှင့် ကျန်းချန်ကန်မှာ ထိတ်လန့်သွားသည်။ လက်ထဲမှ တုတ်ပင် လွတ်ကျလုမတတ် ဖြစ်သွားသည်။ ခြေသံပိုင်ရှင်မှာ သူနှင့် ငါးပေခန့်အကွာတွင် မလှုပ်မယှက် ရပ်နေပြီမဟုတ်ပါလား။

ထိုခြေသံပိုင်ရှင်၏ ပုံစံမှာ ဒဏ္ဍာရီထဲမှ မိစ္ဆာပုံစံမျိုးပင်။

ဦးခေါင်းပေါ်တွင် ဦးထုပ်အဝါရောင်ကို ဆောင်းထားသည်။ ကိုယ်ခန္ဓာပေါ်တွင် အဝါရောင်ဝိတ်စ ပတ်ထား၏။

၎င်း၏မျက်နှာမှာ ဖြူဖွေးနေသည်။ မျက်ကွင်းမှာလည်း .... အတော်ပင် နက်ဝင်ကာနေ၏။ လည်ပင်း၌ ဇရွှေစက္ကူ၊ ငွေစက္ကူများ ဆွဲထား၏။

သူ၏ လက်နှစ်ဖက်ရှိ လက်သည်းများမှာ ရှည်လျားချွန်ထက် သေးနက်နေ၏။

ထိုပုံစံကိုမြင်လျှင် ကျန်းချန်ကန်သာမက မည်သူမဆို ထိတ်လန့်ရမည်မှာ သေချာသည်။

ထိုစဉ် ....

အိမ်အပြင်မှ ပုံစံတူ နောက်ထပ်တစ်ကောင် ဝင်လာပြန်သည်။

"ဝုန်း .... "

ခြေစုံခုန်ဝင်လာသဖြင့် ခြေကျသံ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကျန်းချန်ကန်မှာ အသားများ တဆတ်ဆတ်တုန်နေ၏။

သို့သော် သူ၏ မိသားစုအား ကာကွယ်မည်ဆိုလျှင် ဤသို့ ကြောက်နေ၍မဖြစ်ကြောင်းကိုတော့ သူ ကောင်းစွာ သိသည်။ ထို့ကြောင့် သူသည် စိတ်ကိုတင်းပြီး မိစ္ဆာကောင်ကို ရင်ဆိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှ တုတ်သည် မြောက်တက်သွားပြီး မိစ္ဆာကို ရိုက်ချလိုက်သည်။

"ဖြောင်း ...."

မိစ္ဆာမှာ ရှောင်တိမ်းခြင်းမပြုပါ။

ကျန်းချန်ကန် ရိုက်ချလိုက်သော တုတ်သည် မိစ္ဆာကောင်ကို ရိုက်မိသွားပြီး ကျိုးထွက်သွားသည်။ မိစ္ဆာကား ဘာမျှမဖြစ်။

ကျန်းချန်ကန် ထိတ်လန့်သွားသည်။ ခံစားမှု မရှိသော မိစ္ဆာနှင့် ဆက်လက် ယှဉ်ပြိုင်ခြင်းမှာ ရူးမိုက်သူ၏အလုပ်သာ ဖြစ်ပေလိမ့်မည်။

သူ အခန်းထဲ ပြန်ဝင်ပြေးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် မိစ္ဆာက လက်ကိုဆန့်၍ ကျန်းချန်ကန်အား ကုတ်ချလိုက်သည်။

"အား ...."

ကျန်းချန်ကန်မှာ စူးရှစွာတစ်ချက်အော်ရင်း ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

မိစ္ဆာက တစ်ချက်ခုန်လိုက်ရာ အခန်းထဲသို့ ရောက်ရှိသွားလေသည်။

"ကယ်ကြပါဦး .... ကယ်ကြပါဦး ...."

ချန်လီနှင့် ကျန်းချန်ကန်၏အမေတို့သည် အံ့သကုန် အော်ဟစ်ရင်း မူးမေ့လဲကျသွားတော့သည်။

မိစ္ဆာက ခုတင်ပေါ်၌ ငေးကြောင်ကြည့်နေသော ဆယ်နှစ်အရွယ် ကျန်းဟွာအနီးသို့ ခုန်သွားပြန်သည်။

တံငါသည်များမှာ မီးတုတ်ကိုယ်စီဖြင့် ကျန်းချန်ကန်၏ အိမ်သို့ ရောက်ရှိလာ၏။ ကျန်းချန်ကန်၏ အိမ်ရှေ့၌ ထူးဆန်းသောခြေရာများ



တွေ့ရသည့်အပြင် အိမ်တံခါးမှာလည်း ကျိုးပဲ့ပျက်စီးနေသည်ကို တွေ့ရသဖြင့် တံငါသည်များက အိမ်ထဲသို့ အလျှင်အမြန် ဝင်ရောက်ကြရတော့သည်။

အိမ်ထဲ၌ ပစ္စည်းများ ဖရိုဖရဲ ဖြစ်နေ၏။ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် ကျန်းချန်ကန်မှာ လဲကျနေ၏။

ကျန်းချန်ကန်၏ ဗိုက်မှာ ပွင့်ထွက်နေပြီး သွေးများလည်း မြင်မကောင်းအောင် ထွက်နေသည်။ အနိဋ္ဌာရုံမြင်ကွင်းပေတည်း။

အခန်းထဲသို့ ဝင်ကြည့်သောအခါ ကျန်းချန်ကန်၏ အမေနှင့် သူ၏ဇနီး ချန်လီမှာ မျက်ဖြူစိုက်ပြီး လဲကျနေသည်။

တံငါသည်များက ပြုစုလိုက်သောကြောင့် ချန်လီမှာ သတိပြန်ရလာသည်။ ကျန်းချန်ကန်၏အမေမှာမူ သတိပြန်မလည်လာတော့ချေ။ အကြောက်လွန်ကာ သေဆုံးသွားပြီ ဖြစ်သည်။

ချန်လီမှာ သတိရလာသော်လည်း စကားမပြောနိုင်သေးပါ။ စောစောက အဖြစ်အပျက်သည် သူမအား ချောက်လှန့်နေဆဲ ဖြစ်ပါသည်။ သူမ၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်နေသေးသည်။ ကြောက်ရွံ့မှုကြောင့် သူမ၏မျက်လုံးများသည် ဝိုင်းဝိုင်းလည်နေဆဲ ဖြစ်သည်။

"ချန်လီ သတိထား၊ ငါတို့ ရောက်လာပြီ၊ ဘာမှ မပူနဲ့တော့"

ရွာသူကြီးတစ်ဦးက အားပေးလိုက်၏။

ထိုအခါကျမှ ချန်လီမှာ အသိတရား ဝင်လာပြီး ချုံးပွဲချ ငိုကြွေးလေတော့သည်။ ထို့နောက် ချန်လီက ....

"မိစ္ဆာ .... မိစ္ဆာ ...."

"ဘာ .... မိစ္ဆာ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချန်လီက ခေါင်းညိတ်ရင်း အဖြစ်အပျက်အားလုံးကို ပြောပြလိုက်သည်။ ချန်လီ၏ စကားအဆုံး၌ လူအားလုံး ငိုင်သွားကြသည်။

သူတို့၏ရင်ထဲ၌ စိုးရိမ်ကြောင့်ကြမှုကလည်း ကြီးစိုးလာ၏။ မိစ္ဆာသည် ရှေးမဆွကပင် သူတို့အား ချောက်လှန့်နေခဲ့သည် မဟုတ်ပါလော။

ချန်လီက သူမ၏သားကို သတိရလာ၏။

"ကျွန်မသားလေး ကျန်းဟူရော ...."

"ဟာ .... ဟုတ်သားပဲ၊ ကျန်းဟူ .... ကျန်းဟူ ဘယ်မှာလဲ"

သူမစကားကြောင့် အားလုံးက ကျန်းဟူအား လိုက်ရှာကြသည်။ သို့သော် ကျန်းဟူအား ရှာ၍မတွေ့တော့ပါ။

အသက်ခပ်ကြီးကြီး တံငါသည်တစ်ယောက်က သက်ပြင်းချရင်း မှတ်ချက်ချသည်။

"ကျန်းဟူကို မိစ္ဆာတွေ ခေါ်သွားတာပဲ ဖြစ်ရမယ်"

ချန်လီက ခပ်လောလော ဝင်မေးလိုက်သည်။

"သူ .... သူတို့ ဘာလုပ်ဖို့ ခေါ်သွားတာလဲ .... "

"သွေးစုပ်ဖို့ နေမှာပေါ့ .... "

"ရှင် .... "

ချန်လီမှာ 'ရှင်'ဟူသော တစ်ချက် အော်လိုက်နိုင်ပြီး ပြန်လည်မေ့မြောသွားလေတော့သည်။

ရွာလူကြီးက မဆင်မခြင်ပြောသည့် တံငါသည်ကို ကြိမ်းမောင်းလိုက်သည်။

"မင်း အတော်အသုံးမကျတဲ့ကောင် .... အခုမှ သတိရလာတဲ့လူကို အဲဒီလို ပြောရသလား .... "



တံငါသည်များသည် ချန်လီကို အားပေးရုံမှအပ ဘာမျှမပြုနိုင်ခဲ့ကြပါ။

ကျန်းချန်ကန် အိမ်မှာ အဖြစ်အပျက်ကြောင့် အားလုံး လန့်နေကြသည်။

နောက်ထပ် နှစ်ရက်မျှအတွင်း မည်သည့်ထူးခြားမှုမျှ ဖြစ်မလာချေ။

သို့သော် သုံးရက်မြောက်သောနေ့တွင်မူ ....

တံငါသည် ကျီအာစု၏ အိမ်သို့ မိစ္ဆာ ရောက်ရှိလာလေတော့သည်။

တံငါသည် ကျီအာစု၏အိမ်မှာ ရွာ၏တောင်ဘက်အစွန်၌ ဖြစ်၏။ သူနှင့် အနီးဆုံးအိမ်မှာ သူ့အိမ်နှင့် ပေနှစ်ရာခန့် ဝေး၏။

သန်းခေါင်ယံ အချိန်လောက်၌ တံခါး ကျိုးပဲ့သွားသံကြား၍ အားလုံး လန့်နိုးလာကြသည်။ အားလုံး သတိစိုးရိမ်ထားပြီး အိပ်ကြသောကြောင့် ဤသို့ နိုးလာခြင်းဖြစ်သည်။

ကျီအာစုလည်း ချက်ချင်းနိုးသည်။

ကျီအာစုမှာ နိုးလာလာခြင်း သူ၏အိမ်သို့ မိစ္ဆာ ရောက်လာပြီဖြစ်ကြောင်း နားလည်လိုက်၏။

သူ ခုန်ထလိုက်သည်။

မိစ္ဆာကို တွေ့ရသည်။

မိစ္ဆာမှာ ကျန်းချန်ကန်၏ဇနီး ပြောပြသည့်ပုံစံအတိုင်းပင်။ ဘာမျှ ပြောင်းလဲခြင်း မရှိပါချေ။

မိစ္ဆာမှာ အိမ်ထဲသို့ ဝင်လာသည်နှင့် ကျီအာစုကို တစ်ချက်…တ်ပြီး၊ ကျီအာစု၏သားငယ်ကို လုယူတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျီအာစု၏သားငယ်မှာ အလွန်တရာ လျင်မြန်လှသော မိစ္ဆာ၏ လက်တွင်းသို့ ပါသွားလေသည်။

ကျီအာစုက ချက်ချင်း သတိဝင်လာပြီး နံရံတွင် ချိတ်ဆွဲထားသောဓားကို ဖြုတ်ယူလိုက်သည်။ ထို့နောက် မိစ္ဆာအား အရှိန်ပြင်းစွာ ခုတ်ချလိုက်၏။

"ထန်း ...."

ဓားချက်သည် ပြန်ကန်ထွက်လာ၏။ ကျီအာစု၏ ဓားကိုင်လက်မောင်းပင် ထုံကျဉ်သွားသည်။ ကျီအာစု ထိတ်လန့်သွားသည်။

သို့သော် .... သားငယ်က ရန်သူ၏လက်ထဲ ရောက်နေသဖြင့် ကြောက်လန့်မနေအားတော့ပေ။ သား ပြန်လည်ရရှိရေးအတွက် တ ကြမ်း တိုက်ခိုက်ရတော့သည်။ မည်မျှပင် ကြိုးစား၍တိုက်တိုက် ကျီအာစု၏ တိုက်ခိုက်မှုမှာ အချည်းနှီးဖြစ်နေရသည်။

မိစ္ဆာမှာ ဓားထိသော်လည်း ဘာမျှမဖြစ်ကြောင်း တွေ့နေသည်။ မိစ္ဆာက တရကြမ်း ဝင်ရောက်ထိုးခုတ်နေသော ကျီအာစုအား ပြန်လှည့်ကြည့်လိုက်၏။

ထို့နောက် ကျီအာစု၏ငယ်ထိပ်သို့ လက်ဝါးဖြင့် ဝုန်းခနဲ ရိုက်ချလိုက်၏။ ကျီအာစုက ကမန်းကတန်း ရှောင်တိမ်းလိုက်သော်လည်း မလွတ်တော့ပါ။ ကျီအာစုသည် သိုင်းသမား မဟုတ်သဖြင့် အကွက်ကျ ရှောင်တိမ်းနိုင်စွမ်းမရှိပါ။ သူသည် အသံပင်မထွက်နိုင်ဘဲ လဲကျ သေဆုံးသွားလေတော့သည်။

ကျီအာစု၏ ဇနီးသည် ခင်ပွန်းဖြစ်သူ၏အဖြစ်ဆိုးကို တွေ့သောအခါ မူးမေ့လဲကျသွားလေတော့သည်။

သည်တစ်ကြိမ်၌လည်း ရွာသူရွာသားများသည် မိစ္ဆာကို သေချာ



စွာ မတွေ့လိုက်ရပါ။ မိစ္ဆာကို သေသေချာချာ တွေ့သူများမှာ ကျီအာစု မိသားစုတို့သာ ဖြစ်ပါသည်။

အသံဗလံများ ငြိမ်သက်သွားသောအခါမှ တံငါသည်များ ထွက်လာရဲကြ၏။

ရွာတောင်ဘက်စွန်းရှိ ကျီအာစု အိမ်ရှေ့သို့ ရောက်လာသောအခါ မိစ္ဆာ၏ခြေရာများကို ထင်ရှားစွာ တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။ သူတို့သည် အုပ်စုနှင့် ကျီအာစု၏ အိမ်ထဲသို့ ဝင်ကြည့်ကြသည်။

ကျီအာစုမှာ သေဆုံးနေပြီး .... ယင်း၏ဇနီးမှာမူ သတိမေ့နေကြောင်း တွေ့မြင်လိုက်ကြရသည်။

တံငါသည်များ၏ ပြုစုမှုကြောင့် ကျီအာစု၏ဇနီးမှာ ပြန်လည်သတိရလာ၏။ သူမက အဖြစ်အပျက်များကို ပြန်လည်ပြောပြပြီး ဝမ်းနည်း ငိုကြွေးပါတော့သည်။ သူမ၏ ရင်သွေးငယ် မိစ္ဆာလက်ထဲ ပါသွားသည့်အတွက်သာမက ခင်ပွန်းသည် သေဆုံးရမှုအတွက်ပါ လ, ပေါင်းများစွာ သူမ ပူဆွေးသောက ခံစားရပေဦးမည်။

ဝမ်းနည်းပူဆွေးဖွယ်ရာ အဖြစ်အပျက်များကား ဤမျှနှင့် မရပ်ပေ။

နောက်ထပ် နှစ်အိမ်မှ ကလေးငယ်များအား မိစ္ဆာများက လု သွားခဲ့ပြန်သည်။

ထိုအကြောင်းများကြောင့် ထိုဒေသ အနီးပတ်ဝန်းကျင်ရှိ တံငါ များမှာ ကြီးလန့်တစာ ဖြစ်ကုန်ကြသည်။

ရွာသားတစ်ဝက်ခန့်မှာ မိမိတို့ အိုးအိမ်ကိုစွန့်ကာ ထွက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတိကို ခင်မင်ပြီး ကျန်ရစ်ခဲ့သော ရွာသားများမှာမူ တထိတ်ထိတ် တလန့်လန့်နှင့် နေနေကြရသည်။

ဤရွာသားများအဖို့ကား စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရသော ဘဝများသို့ ရောက်ရှိကုန်သည်။ မိစ္ဆာများသည် တားဆီးသူ မည်သူမဆို ယောကျ်ားမိန်းမ မရွေး သတ်ဖြတ်ပြီး ကလေးငယ်များကိုလည်း ရအောင် ဆွဲယူသွားကြသည်။ ထို့ကြောင့် ရွာသူရွာသားများ စိတ်လွတ်ကိုယ်လွတ် မအိပ်ရဲကြခြင်း ဖြစ်ပေတော့သည်။



အခန်း(၄)

## တမ်းခြေမှုတိုက်ပွဲ

ဗီယွင်ဖု ရွာကလေး၌ မိစ္ဆာသတင်းပျံ့နှံ့ကြောက်ရွံ့နေချိန်တွင် ၎င်းနှင့် အတန်ငယ်လှမ်းသည့် ထိယင်းဟောင်တို့ မိသားစုမှာ မည်သို့မျှ ဘေးအန္တရာယ်မကပ်ငြိဘဲ ရှိနေသည်။ သို့သော် သူတို့သည် မိစ္ဆာသတင်းကို လွန်စွာ စိတ်ဝင်စားမိကြလေသည်။

ဤတံငါရွာသို့ လာရောက်ရောင်တိမ်းပြီးကတည်းက သူတို့အားလုံး ငြိမ်ငြိမ်သက်သက် နေခဲ့ကြရသည်။

မိစ္ဆာသတင်းသည် ငြိမ်သက်နေသော သူတို့၏ဘဝကို ပထမဆုံးအကြိမ် လှုပ်လှုပ်ရှားရှား ဖြစ်စေသည့်သတင်းပင် မဟုတ်ပါလော။

"သမီး .... ဒီရက်ပိုင်းအတွင်းမှာ ရွာထဲကို မိစ္ဆာ ဝင်ပြီးသောင်းကျန်းတဲ့သတင်း ကြားပြီးပြီလား .... "

ယိဖျောင်းရှမ်းက ခေါင်းညိတ်ကာ ....

"ကြားပြီးပါပြီ ဖေဖေ .... ဘဘဟူ ပြောပြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယိထင်းဟောင်က ....

"သမီးကော မိစ္ဆာဆိုတာ ယုံသလား .... "

ယိဖျောင်းရှမ်းက ပြုံးရင်း ....

"သမီးကတော့ မိစ္ဆာဆိုတာ မယုံဘူး .... ဒီနောက်ကွယ်မှာ တစ်ခုခု လျှို့ဝှက်ချက် ရှိရမယ် .... "

ယိထင်းဟောင်က ခေါင်းညိတ်လိုက်ပြီး ....

"သမီး မဆိုးဘူး၊ လျှို့ဝှက်ချက်ဆိုတာ ဘာကိုဆိုလိုတာလဲ"

ယိဖျောင်းရှမ်းက ....

"သေသေချာချာတော့ မပြောတတ်ဘူး .... အကြံအစည်တစ်ခု ရှိမှာတော့ သေချာပါတယ် .... "

ယိထင်းဟောင်က ....

"ဒုစရိုက်သမားတွေဟာ ဒီတံငါရွာကို ခြောက်လှန့်တယ် .... ဒီရွာကလူတွေ ထွက်ပြေးတော့ သူတို့အတွက် ဘာအကျိုးရှိမလဲ"

သည်တစ်ကြိမ်တွင်မူကား ယိဖျောင်းရှမ်း မဖြေနိုင်တော့ပါ။ သက်ပြင်းကိုသာ မှုတ်ထုတ်မိလေသည်။

ယိထင်းဟောင်က ဆက်၍ပြောလေသည်။

"ဒုစရိုက်သမားတွေရဲ့ ရည်ရွယ်ချက်ဟာ ရွှေငွေဥစ္စာ လိုချင်လို့က များတယ် .... အခု ဒီတံငါရွာက လူတွေ ထွက်ပြေးအောင် လုပ်နေတဲ့ ရည်ရွယ်ချက်ကိုတော့ ဖေဖေလည်း နားမလည်ဘူး .... ဒီမှာ ဆင်းရဲသားတွေပဲ ရှိတယ်မဟုတ်လား .... "

ယိဖျောင်းရှမ်းက ဖခင်အား စိုက်ကြည့်ရင်း ....

"ဒါဆိုရင် ဖေဖေက ဒီလူတွေကို ဒုစရိုက်သမား မဟုတ်ဘူး တကယ့်မိစ္ဆာတွေလို့ ဆိုလိုတာလား .... "



ယိထင်းဟောင်က သက်ပြင်းချရင်း ....

"အခုချိန်မှာတော့ ဒုစရိုက်သမားလား၊ တကယ့်မိစ္ဆာလား ဆိုတာ ဖေဖေ မပြောနိုင်သေးဘူး .... ဒါပေမယ့် တစ်ကောင်လောက် ဖမ်းမိရင်တော့ ပြောပြနိုင်မယ် ထင်တယ် .... "

ယိဖျောင်းရှမ်းက ....

"ဘာလဲ .... ဖေဖေက ဒီမိစ္ဆာတွေကို ဖမ်းဖို့ ကြံနေပြီလား"

ယိထင်းဟောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... တို့က ဒီရွာမှာ မှီခိုနေတာဆိုတော့ ဒီရွာရဲ့ အန္တရာယ်ကို ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ သင့်ပါ့မလား .... ဒါကြောင့် ဒီနေ့ည .... "

ဖခင်၏ စကားမဆုံးမီ ယိဖျောင်းရှမ်းက ကြားဖြတ်ပြောလိုက်သည်။

"ဒီနေ့ညပဲ မိစ္ဆာကောင်ကို လက်ရဖမ်းမယ် ဆိုပါတော့"

ယိထင်းဟောင်က ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

ယိဖျောင်းရှမ်းက တက်ကြွသော လေသံဖြင့် ....

"ဒါဆို သမီးလည်း လိုက်မယ် .... "

ယိထင်းဟောင်မှာ သမီးဖြစ်သူ၏ စကားကြောင့် မျက်နှာရှုံ့သွားသည်။

ယိဖျောင်းရှမ်းက ....

"ဘာလဲ .... ဖေဖေက သမီးကို မခေါ်ချင်ဘူးလား"

သူမက မကျေမနပ်နှင့် မေးသည်။

ယိထင်းဟောင်က ....

"ဒီမိစ္ဆာတွေဟာ ဒုစရိုက်သမားလား၊ ဘာလားဆိုတာ မသိရ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး .... သမီး ပါလာတော့ ဖေဖေ လွှတ်လွှတ်လပ်လပ် လှုပ်ရှား
လို့ ဘယ်ရမလဲ .... သူတို့ ဘာလဲဆိုတာ ဖေဖေပဲ အရင်ဆုံး စုံစမ်းချင်
တယ် .... ”

ယိဖျောင်းရှမ်းက နှုတ်ခမ်းကလေးစူ၍ ပြော၏။

“ဖေဖေ .... သမီးအတွက် စိတ်ချပါ။ သမီး ကိုယ့်ကိုယ်ကို
ကောင်းကောင်း ကာကွယ်နိုင်ပါတယ် .... ဖေဖေက သမီးကို အထ
သေးချင်တာကိုး .... ”

ယိထင်းဟောင်က သမီးဖြစ်သူအား စူးစမ်းသော မျက်လုံးများ
ဖြင့် ကြည့်ရင်း ....

“သမီးရဲ့ ကွင်းဆက်သံလုံး လေ့ကျင့်တာ ဘယ်အဆင့်ရော
သေးလို့လဲ .... ”

“ဖေဖေ ကြည့်ချင်ရင် ပြမယ် .... ”

သူမသည် စကားဆုံးသည်နှင့် အခန်းထဲသို့ ပြေးဝင်သွား
အခန်းထဲမှ ပြန်ထွက်လာသောအခါ လေးတစ်စင်းနှင့် သံလုံးထည့်
သော အိတ်ကလေးတစ်ခု ပါလာသည်။

ယိဖျောင်းရှမ်းက လေးကို စားပွဲပေါ် တင်လိုက်သည်။ သူ
သံလုံးအိတ်ကိုသာ ယူပြီး အခန်းအလယ်သို့ လျှောက်သွား၏။ အ
အလယ်ရောက်သောအခါ သူမက လျှပ်တစ်ပြက် သံလုံးတစ်လုံး
အပေါ်သို့ ပစ်တင်လိုက်၏။ သံလုံးကလေး အပေါ်သို့မြောက်
သွားပြီး ပြန်ကျလာချိန်တွင် နောက်ထပ်သံလုံးတစ်လုံးသည် ယိဖျော
ရှမ်း၏ လက်မှ ထွက်သွားသည်။ ဗိုးခနဲ မြည်လျက် ....

ပထမသံလုံးအား ဒုတိယသံလုံးက တည့်မတ်စွာ ထိမှန်
ပြီး အပေါ်သို့ ပြန်တက်သွားသည်။ နောက်ထပ် ယိဖျောင်းရှ



သံလုံးနှစ်လုံး ထုတ်ကာ ပစ်လိုက်၏။ ပထမနှစ်လုံးနှင့် နောက်နှစ်လုံး
ထိပ်တိုက်တိုးပြီး လေးခုစလုံး လွင့်၍သွား၏။ မြေပေါ် ပြန်မကျမီ
နောက်ထပ်လေးလုံး ထပ်ထွက်လာကာ ထိမှန်သွားသည်။

ယိထင်းဟောင်က လက်ခုပ်တီးပြီး ဩဘာ ပေးလိုက်၏။ စိတ်
လိုလက်ရ ချီးကျူးလိုက်မိသည်။

“အင်း .... သမီး ဒီလောက် ကျွမ်းကျင်ပြီဆိုရင်တော့ ဖေဖေနဲ့
လိုက်လာလို့ ဖြစ်ပါပြီ .... သမီး ဒီလောက် ကျွမ်းကျင်နေမှန်း ဖေဖေ
လုံးဝမသိခဲ့ဘူး .... ”

ဖခင်၏ ခွင့်ပြုချက် ကြားလိုက်ရသောအခါ ယိဖျောင်းရှမ်းမှာ
ပျော်ရွှင်သွားသည်။

ယိထင်းဟောင်မှာ ယခင်က တပ်မှူးတစ်ယောက် ဖြစ်ခဲ့ရုံမျှ
မကဘဲ သိုင်းလောကတွင် နာမည်ရှိခဲ့သူ တစ်ယောက်လည်း ဖြစ်သည်။
ကျော်ကြားသလို သိုင်းပညာလည်း ကောင်းသည်။

သူ၏ ‘ကျားခေါင်းရွှေဓား’ မှာ သိုင်းလောကတွင် နာမည်ရခဲ့
သည်။ တံငါရွာ၌ ဓာတ်မြုပ်လိုက်သောအခါ သူ၏ သိုင်းသမားဘဝနှင့်
ကျော်ကြားမှုများသည်လည်း လုံးဝ ဓာတ်မြုပ်သွားတော့သည်။

စောစောက ယိဖျောင်းရှမ်း ပြသသွားသော လက်နက်ပုန်းပစ်
ပညာမှာ သူ့ပညာပင် ဖြစ်ပါသည်။ သမီးဖြစ်သူအား သူ ကောင်းစွာ
သင်ပေးခဲ့သည်။

ယိဖျောင်းရှမ်းမှာ ဖခင်၏ လက်နက်ပုန်းပညာအား ကောင်း
စွာ တတ်မြောက်ခဲ့သည်။ လက်ကုန်မဟုတ်သော်လည်း တော်ရုံရန်သူ
ကိုတော့ ခုခံနိုင်ပေပြီ။

သို့သော် ဤပီယွင်ဖုရွာမှ တံငါသည်များမှာမူ သူတို့ သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



တတ်ကြောင်း စိုးစဉ်းမျှ မသိကြချေ။ ထိုသို့ မသိစေရန်လည်း သူတို့ ပုံးဖုံးဖိဖိ နေခဲ့ကြ၏။

ထိုနေ့ညနေတွင် ....

ယိထင်းဟောင်နှင့် ယိဖျောင်းရှမ်းမှာ ညစာကို စောစော စားသောက်လိုက်ကြသည်။

စားသောက်ပြီးသော် ခရမ်းရောင် သိုင်းဝတ်စုံများကို ဝတ်ဆင်လိုက်ကြ၏။

ခရမ်းရောင်သည် အနက်ရောင်ကဲ့သို့ပင် ကိုယ်ယောင်ဖျောက်နိုင်စွမ်းရှိသည်။

ညအမှောင်၌ ခရမ်းရောင်သည် ကောင်းစွာ ရောနှောနိုင်ပေသည်။

ယိထင်းဟောင်က သိုင်းလောကအကြောင်း သိမှတ်ဖွယ်ရာများ ပြောပြရင်း ညအမှောင်ကို စောင့်စားနေကြလေတော့၏။

ည ....

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာသည်။ အမှောင်ဖုံးလာသည်။

အဝေးဆီမှ အုန်းမောင်းသံတစ်ချက် လွင့်ပျံ့လာ၏။ ညသန်းခေါင်ယံကျော်တိုင်း ဤအုန်းမောင်းသံ ကြားရစမြဲ။

အုန်းမောင်းသံတစ်ချက် ထွက်ပေါ်လာသည်နှင့် --- ယိထင်းဟောင်က ထိုင်ရာမှ ထလိုက်သည်။

ယိဖျောင်းရှမ်းလည်း ထသည်။

သူက နှစ်ပေါင်းများစွာ ပစ်ပယ်ထားခဲ့သည့် ကျားခေါင်းရွှေဓားကို ဆွဲကိုင်လိုက်ပြီး အိမ်ထဲမှ ထွက်လာခဲ့လေသည်။



ယိဖျောင်းရှမ်းက လေးကိုကိုင်ပြီး သံလုံးထည့်ထားသော အိတ်ကိုယူသည်။

သူမ၏လက်ဆွဲတော် လက်နက်များသည် အရေးကြုံသောအခါ အရာရောက်လာရပေတော့မည်။ တံငါရွာကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

အိမ်တိုင်းလိုလိုပင် တံခါးများအား သစ်တုံးဖြင့် ပိတ်ဆို့ထားကြသည်။

အပေါက်မှန်သမျှ ဝင်မရအောင် ပိတ်ဆို့ထားကြသည်။ မှောင်မိုက်သောည၏ ရင်ခွင်ထဲ၌ တံငါရွာကလေး လဲလျောင်းအိပ်စက်သလို ရှိနေသည်။ ငြိမ်သက်နေသည်ကား အမှန်။

သို့သော် ....

သာယာခြင်းကား မရှိပေ။

ယိထင်းဟောင်တို့က ရှေ့မှနေ၍ ပင်လယ်ကမ်းခြေဘက်သို့ ဦးတည်သွားနေတော့သည်။

ယိဖျောင်းရှမ်းက နောက်မှလိုက်ရင်း လှမ်းပြော၏။

"ဖေဖေ .... ဒီမိစ္ဆာတွေက ပင်လယ်ထဲက လာတာလို့ ထင်လို့လား" ဟု မေးလိုက်လေသည်။

ယိထင်းဟောင်က ....

"ဟုတ်တယ် .... တို့ တံငါရွာကလေးရဲ့ အနေအထားကိုကြည့်လေ .... တောင်မြင့်ဆိုလို့ တစ်ခုမှမရှိဘူး .... တောအုပ်ဆိုလို့ တစ်ခုမှ မရှိဘူး မဟုတ်လား .... ဒီတော့ သူတို့ ပုန်းအောင်းစရာနေရာ တစ်ခုမှမရှိဘူး .... သူတို့ ပင်လယ်ဘက်ကပဲ လာရမယ် .... တခြားလာစရာမရှိဘူး .... "

www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက် စကားဆက်မပြောမိကြတော့ပေ။ တိတ်ဆိတ်စွာပင် ပင်လယ်ကမ်းစပ်သို့ လျှောက်လာကြ၏။

သူတို့သားအဖမှာ မကြာမီ ပင်လယ်ကမ်းခြေသို့ ရောက်ရှိလာကြသည်။

ထိုပင်လယ်ကမ်းခြေကား တပြန့်တပြူး ရှိလှသည် မဟုတ်ပေ။ အချို့နေရာများ၌ ကျောက်ဆောင်ကျောက်တန်းများရှိ၏။ ယိထင်းဟောင်တို့ သားအဖအတွက် ပုန်းခိုစောင့်ဆိုင်းရန် နေရာကား အဆင်သင့်ပင်။

"သိပ်ဟန်ကျတယ် .... ဒီကျောက်ဆောင်တွေသာ မရှိရင် အခက်ပဲ .... သဲသောင်ပြင်ပေါ်မှာ ပုန်းခိုစရာမရှိရင် ရန်သူက တို့ကို အရင်မြင်သွားမှာ သေချာတယ် .... "

ယိထင်းဟောင်က တီးတိုးပြောပြီး သမီးဖြစ်သူကို ကျောက်ဆောင်ကွယ်တစ်ခု၌ နေရာချပေးလိုက်သည်။

ပင်လယ်လေကလေးမှာလည်း ဖြည်းညင်းစွာ တိုက်ခတ်နေသည်။

ယိထင်းဟောင်နှင့် ယိဖျောင်းရှမ်းတို့သည် ငြိမ်သက်စွာဖြင့် ပင်လယ်ကမ်းခြေကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိကြတော့သည်။

အချိန်ဟူသည် စောင့်စားလျှင် ကြာစမြဲ။ အချိန်ကုန်အောင် စောင့်လျှင် မကုန်နိုင်အောင်ပင် ရှည်ကြာတတ်ပေသည်။

သူတို့က တစ်နာရီမျှအထိ စောင့်ပြီးဖြစ်သော်လည်း အခြေအနေက ထူးခြားမလာပါ။ မိစ္ဆာ၏ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ယိဖျောင်းရှမ်းမှာ ငယ်ရွယ်သူဖြစ်၍ စောင့်စားရင်း စိတ်မရှည်



နိုင်အောင် ဖြစ်လာသည်။

ထို့ကြောင့် ပုန်းကွယ်ရာမှထပြီး သဲသောင်ပြင်၌ လွတ်လွတ်လပ်လပ်လျှောက်ရန် ဟန်ပြင်သည်။ ထိုအခိုက်မှာပင် သူ၏နောက်ဘက်ဆီမှ ထူးခြားသော အသံတစ်ခုကို ကြားလိုက်ရလေသည်။

ယိထင်းဟောင်သည်လည်း ထူးခြားသော ထိုအသံကို ကြားလိုက်ရသည်သာ။

ယိထင်းဟောင်ရော၊ ယိဖျောင်းရှမ်းပါ အံ့ဩသွားကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ပြန့်ပြူးသော သဲသောင်ပြင်ဘက်သို့ ငေးမောနေခိုက်၊ ရန်သူများသည် ကျဉ်းမြောင်းသည့်ကျောက်ဆောင်များ နောက်ဘက်မှ တက်လာကြသောကြောင့်တည်း။

ယိဖျောင်းရှမ်းမှာ ကြက်သီးတဖြန်းဖြန်း ထသွားရသည်။

ကျောက်ဆောင်အနောက်ဘက်၌ မိစ္ဆာနှစ်ကောင် ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

ထိုမိစ္ဆာမှာ အဝါရောင်ဦးထုပ် ဆောင်းထားပြီး အဝါရောင်ပိတ်စဖြင့် ခန္ဓာကိုယ်အား ပတ်ထား၏။

မျက်နှာမှာ သွေးမရှိဘဲ ဖြူဖပ်ဖြူရော်နှင့် ဖြစ်သည်။

မျက်လုံးအိမ်မှာ အတွင်းသို့ အတော်ပင် ချိုင့်ဝင်နေ၏။

မိစ္ဆာ၏ အသွင်သဏ္ဌာန်မှာ ကြက်သီးထစဖွယ်ပင်။ လူသေကို အဝတ်နှင့် ပတ်ထားသည်ကဲ့သို့ ရှိလေ၏။

ထို့ပြင် ....

မိစ္ဆာတို့၏ လက်သည်းများမှာ ချွန်ထက်နေ၏။ ထိုအချက်မှာ သာမန်လူသေနှင့် ခြားနားချက်ဖြစ်သည်။ လည်ပင်း၌လည်း ရွှေစက္ကူ ငွေစက္ကူများကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစက္ကူ ငွေစက္ကူများမှာ လေတိုးသောကြောင့် တဖျပ်ဖျပ် အသံများ ထွက်ပေါ်နေသည်။

စောစောက သူတို့ ကြားလိုက်ရသော ထူးခြားသည့်အသံမှာ ထိုအသံပင်ဖြစ်ကြောင်း ယိထင်းဟောင်တို့ သားအဖ သိလိုက်ကြသည်။

ယိဖျောင်းရှမ်းမှာ မိစ္ဆာရှိသည်ကို မယုံကြည်သော်လည်း ယခု ကဲ့သို့ နဖူးတွေ့ ဒူးတွေ့ တွေ့ရသည့်အခါတွင်မူ မိန်းကလေးတို့၏ ပင်ကိုယ်ဓာတ်ရုပ်ပေါ်ကာ လန့်ဖျပ်သွားသည်။ သူမ၏သတ္တိများလည်း ဘယ်ဆီရောက်သွားမှန်း မသိတော့ပေ။ ထို့ကြောင့် ကြောက်အားလန့် အားဖြင့် အော်လိုက်မိတော့သည်။

ယိထင်းဟောင်သည် သမီးဖြစ်သူ မြင်သည့် မိစ္ဆာနှစ်ကောင် ကို မြင်သဖြင့် တိုက်ခိုက်ရန် ဟန်ပြင်မိ၏။ သို့သော် သူ့နောက်မှ တဖျပ် ဖျပ် အသံများကို ကြားလိုက်ရပြန်သဖြင့် ရုတ်တရက် လှည့်ကြည့်မိ သည်။

"ဟင် ...."

ယိထင်းဟောင် တုန်ခါသွားသည်။ သူ့နောက်ဘက်၌လည်း မိစ္ဆာနှစ်ကောင် ရောက်ရှိနေပါပကော။

သူက ခန္ဓာကိုယ်တစ်ချက်ဆောင့်ပြီး ကျောက်ဆောင်ပေါ် ခုန် တက်လိုက်လေသည်။

"ယိဖျောင်း .... အပေါ်ကိုလာခဲ့"

ယိဖျောင်းရှမ်းက ဖခင်၏စကားကြောင့် သတိဝင်လာပြီး .... ကျောက်ဆောင်ပေါ် ခုန်တက်လိုက်သည်။

ထို့နောက် ....

ဖခင်နှင့် ကျောချင်းကပ်ကာ ရပ်လိုက်ကြ၏။ သားအဖနှစ်



ယောက်စလုံး ဓားကိုကိုယ်စီကိုင်ကာ မိစ္ဆာများကို သေချာစွာလေ့လာ ကြသည်။

ယိဖျောင်းရှမ်းမှာ ယခု ကြောက်စိတ်ပြေသွားပြီ ဖြစ်လေသည်။

ဒုစရိုက်သားများသာ ဖြစ်သည်ဟုလည်း ပြန်လည်ယုံကြည်လာ ၏။

သို့သော် ထိုမိစ္ဆာများမှာ လူနှင့်တစ်စက်မှ မတူပါချေ။ ထို့ ကြောင့် ဒုစရိုက်သမားများဟု ပြောရန်ခက်လှ၏။

သူတို့၏ ခန္ဓာကိုယ်မှာ တောင့်တောင့်ကြီး ဖြစ်သည်။ လူသေ နှင့် တူသည်။ မည်သို့ ဒုစရိုက်သမားဟု စွပ်စွဲနိုင်အံ့တော့နည်း။

ယိထင်းဟောင်တို့ သားအဖ ကြည့်နေစဉ်မှာပင် မိစ္ဆာများက လှုပ်ရှားလာကြသည်။

မိစ္ဆာလေးကောင်သည် ဘယ်ညာခွဲပြီး ကျောက်ဆောင်အား ဝိုင်းထားလိုက်ကြသည်။ ယိထင်းဟောင်တို့သည် သူတို့၏ ရန်သူများ ဖြစ်သည်ကိုတော့ သတိပြုမိဟန်ရှိသည်။

သို့သော် မိစ္ဆာများ၏ ရွေ့လျားပုံမှာ နှေးကွေးသည်။ သူတို့၏ ရွေ့လျားပုံမှာ လူတစ်ယောက်နှင့် မတူညီကြချေ။ အချို့က နှေးသည်။ အချို့က မြန်သည်။ ခုန်၍ရွေ့သည်။

လူဟုဆိုရန် အတော်ခက်လှသည်။ မိစ္ဆာဆိုသည်ကလည်း စာ ၌သာ တွေ့ဖူး၍ခက်နေသည်။

ယိထင်းဟောင်မှာ သက်ပြင်းချမိ၏။ သူ၏စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်လာမိသည်။

အမှန်တကယ်ပင် မိစ္ဆာများ ဖြစ်နေရော့သလားဟုလည်း တွေး ဘာမိ၏။

www.burmeseclassic.com



သို့သော် ယခုအခြေအနေမှာတော့ သူတို့အဖို့ နောက်ဆုတ်ရန် လမ်းမရှိတော့ပါ။ မိစ္ဆာပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ ကြွက်တစ္ဆေပဲဖြစ်ဖြစ် တိုက်ခိုက်ရပါတော့မည်။ သူသည် သမီးဖြစ်သူအား လှမ်းပြောလိုက်သည်။

“သမီး .... ဒါဟာ မိစ္ဆာအတုပဲ ဖြစ်မှာပဲ၊ မကောင်းဆိုးရွားတွေဟာ လူကောင်းကို မယှဉ်နိုင်ပါဘူး .... တို့သားအဖနှစ်ယောက်တည်း တိုက်ခိုက်မယ် .... ”

ယိထင်းဟောင်က ပြောပြောဆိုဆိုနှင့် ချဉ်းကပ်လာသော မိစ္ဆာအား ဓားနှင့်ခုတ်ချလိုက်သည်။

ယိထင်းဟောင်၏ တိုက်ခိုက်မှုမှာ တိကျပေသည်။ ဓားသည် ရွှမ်းခနဲထွက်သွား၏။ သူ၏ဓားသည် မိစ္ဆာ၏ ဦးခေါင်းဆီသို့ တည့်တည့် ကျ၏။

မိစ္ဆာသည် ရွေ့လျားလာစဉ်က နှေးကွေးသော်လည်း ယိထင်းဟောင် တိုက်ခိုက်လိုက်သောအခါ လျှင်မြန်စွာပင် ခုန်ဆုတ်သွားသည်။

သို့သော် ချက်ချင်းလိုလိုပင် ပြန်လည်ခုန်ဝင်လာသည်။ ခုန်ဝင်လာရာတွင် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ခုန်ဝင်တိုက်ခိုက်သည်။

သူတို့၏ တိုက်ခိုက်မှုမှာ လျှင်မြန်သည်။ တိကျသည်။ ထိလိုက်ပါကလည်း သက်သာမည်မဟုတ်ချေ။

ယိထင်းဟောင်က ခြေကိုနောက်သို့ဆုတ်ပြီး မိစ္ဆာ၏မျက်နှာဆီသို့ ဓားနှင့် ထိုးချလိုက်သည်။ မိစ္ဆာ နောက်သို့ ပြန်ဆုတ်ပြန်၏။ ယိထင်းဟောင် အားတက်လာသည်။ မိစ္ဆာသည် မိမိ၏ ဓားချက်ကို ကြောက်ရွံ့နေပြီမဟုတ်ပါလော။ သူသာ မကြောက်လျှင် မိမိဓားကို ဂရုမစိုက်ဘဲ တည့်တည့်မတ်မတ်ဝင်တိုက်ရမည်။



ထိုစဉ် မိစ္ဆာက ရှေ့သို့တိုးကာ လက်သည်းနှင့် ကုတ်ချတိုက်ခိုက်ပြန်သည်။

ယခုတစ်ကြိမ် မိစ္ဆာ၏ တိုက်ခိုက်မှုမှာ သိုင်းသမားတစ်ယောက်နှင့် အတော်တူသည်။

ယိထင်းဟောင် ထိတ်သွား၏။ သတိကြီးစွာ ထားလာရတော့သည်။

သို့သော် တိုက်ခိုက်မှုက ရပ်တန့်မသွားပါ။

ယိထင်းဟောင်၏ ဓားဆီသို့ လက်သည်းများက ရောက်လာပြန်လေသည်။

ယိထင်းဟောင်မှာ ကမန်းကတန်း အောက်သို့ ခုန်ချလိုက်ရလေသည်။ လူချင်း ပူးလာသဖြင့် သူ လန့်သွားသည်။

ယိထင်းဟောင် ခုန်ချမှု လျှင်မြန်သွား၏။

“ချွမ်း .... ”

မိစ္ဆာ၏ ချွန်ထက်သော လက်သည်းများသည် ကျောက်ဆောင်အား ပြင်းထန်စွာ ရိုက်ခတ်မိပြီး မီးများ ပွင့်ထွက်လာသည်။

ကျောက်တုံးမှ ကျောက်သားသည်လည်း အနည်းငယ် ပဲ့ထွက်သွားသည်။

ယိဖျောင်းရှမ်းမှာလည်း ဓားကို တရစပ် ဝှေ့ယမ်းရင်း မိစ္ဆာနှင့် တိုက်ခိုက်နေရသည်။

ထိုစဉ် ဖခင်ဖြစ်သူ ကျောက်ဆောင်အောက် ရောက်သွားသည်ကို တွေ့သဖြင့် သူမလည်း အောက်သို့ ခုန်ချလိုက်ရသည်။ ထိုအခါ အောက်၌စောင့်နေသော မိစ္ဆာနှင့် တိုက်ခိုက်ရတော့၏။ သူမက မိစ္ဆာ၏ ခြေထောက်ကို လျှပ်တစ်ပြက် ခုတ်ချလိုက်ရာ မိစ္ဆာမှာ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မည်ဟု လုံးဝမျှော်လင့်ထားဟန် မရှိသဖြင့် ယိဖျောင်းရှမ်း၏ ဓားချက်မှာ မိစ္ဆာ၏ခြေထောက်ကို ခုတ်မိတော့သည်။

"ထန်း ...."

ဓားမှာ သံထည်အား ခုတ်မိသလိုဖြစ်ပြီး ပြန်ခုန်ထွက်လာသည်။

မိစ္ဆာမှာ ဘာမျှမဖြစ်ပါ။ လဲကျခြင်းမရှိပါ၊ နာကျင်စွာ အော်ဟစ်ခြင်းမရှိပါ။ ယိဖျောင်းရှမ်း၏ ဓားကိုင်လက်မှာမူ နာကျင်သွားခဲ့ရပေသည်။

မိစ္ဆာက ချက်ချင်း ယိဖျောင်းရှမ်း ငယ်ထိပ်အား ကုတ်ချသဖြင့် ယိဖျောင်းရှမ်း လန့်သွားသည်။ မိစ္ဆာ၏ တိုက်ခိုက်မှုမှာ အံ့မခန်း လျင်မြန်လှသည်။ ယိဖျောင်းရှမ်းအတွက် အချိန်လုံလောက်အောင် မရှိတော့ပါ။ ထို့ကြောင့် ကမန်းကတန်း မြေကြီး၌လိမ့်ရင်း ရှောင်တိမ်းပေးလိုက်ရတော့သည်။

"ရွီး ...."

ယိဖျောင်းရှမ်း လှဲအချတွင်ပင် မိစ္ဆာ၏ ခန္ဓာကိုယ်ဆီသို့ ဓားချက်တစ်ချက် ထိုးသွင်းလိုက်သေး၏။ သို့ရာတွင် ဓားသည် မိစ္ဆာ၏ ခန္ဓာကိုယ်ထဲ နစ်ဝင်သွားခြင်းမရှိပါ။ ထို့ကြောင့် ယိဖျောင်းရှမ်း ပို၍ ထိတ်လန့်သွားရတော့သည်။



ခန်း(၅)

## အနိုင်ရရှိကြခြင်း

တိုက်ပွဲကား မလှပချေ။

သိုင်းသမားအုပ်စု တိုက်ပွဲများလို ကြည့်မကောင်းချေ။

ယိထင်းဟောင်တို့ သားအဖမှာ အတော်ကလေး ဒုက္ခရောက်နေကြရသည်။ အကြောင်းမှာ သမားရိုးကျတိုက်ပွဲမဟုတ်သောကြောင့်တည်း။

မိစ္ဆာများ၏ တိုက်ခိုက်မှုမှာ သိုင်းကွက်များနှင့်တူသည်ဟု ထင်ရသော်လည်း သိုင်းကွက်ဟု သေချာပေါက်ပြောရန်ကား ခက်ခဲလှ၏။

ယိထင်းဟောင်ကဲ့သို့ လူမျိုးပင် သေချာစွာ ဝေခွဲမရ ဖြစ်နေ၏။

မိစ္ဆာ၏လှုပ်ရှားမှုမှာ တည့်တည့်ခုန်သည် .... ။ တည့်တည့်ပင် အောက်သို့ ဆုတ်၏။

သို့သော် သူတို့၏ ခုန်ပုံက တိကျသည်။ တိုက်ခိုက်လိုက်သော ဓားချက်ကို လွတ်ရုံသာ ခုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တိုက်ခိုက်ချိန် ကြာမြင့်လာသောအခါ မိစ္ဆာ၏ ရေ ကွက်ကိုလည်း နားလည်လာ၏။

မိစ္ဆာတို့သည် လက်ခြေတို့အား တိုက်ခိုက်လျှင် ရှောင်တိမ်းခြင်း မရှိပါ။

သို့သော် ရင်ဝကို တိုက်ခိုက်လျှင်မူ ရှောင်တိမ်းကြသည်။

ထို့အပြင် သူတို့က ပြန်လည်တိုက်ခိုက်လျှင်လည်း တံတောင် ဆစ်၊ ပခုံး စသည်တို့ကိုသာ ဦးတည်၍ တိုက်ခိုက်တတ်သည်။

ယိထင်းဟောင်မှာ တစ်စထက်တစ်စ အခြေအနေကို သဘော ပေါက်လာ၏။ မိစ္ဆာတို့၏ လက်နှင့်ခြေတို့မှာ ဓားမတိုးနိုင်ကြောင်း သိလာသည်။

ထို့ကြောင့် သူတို့သည် မိစ္ဆာတို့၏ ရင်ဝကိုသာ ဦးတည်တိုက် ခိုက်လိုက်ကြလေတော့သည်။

ထိုအချက်ကို သမီး မသိမည်စိုးရိမ်သဖြင့် လှမ်း၍ သတိပေး၏

"သမီး ဆက်မတိုက်နဲ့ .... ကျောက်ဆောင်ပေါ်တက် .... လေး နဲ့ သူတို့ကိုပစ် .... "

ယိဖျောင်းရှမ်းမှာ ဖခင်၏ သတိပေးသံ ကြားလိုက်သောအခါ ချက်ချင်း တိုက်ခိုက်နေရာမှ ရပ်ဆိုင်းလိုက်ပြီး နောက်သို့ ခုန်ဆုတ် လိုက်သည်။ မိစ္ဆာများမှာ လျှပ်တစ်ပြက် လှုပ်ရှားနိုင်ခြင်း မရှိကြသဖြင့် သူမသည် လွယ်ကူစွာ ဆုတ်နိုင်၏။ လျှင်မြန်စွာပင် ကျောက်ဆောင် ပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ကျောတွင်ပိုးထားသော လေးကို ဆွဲယူလိုက်လေ သည်။ သံလုံးတစ်ဆုပ် နှိုက်ယူလိုက်ပြီး အနီးဆုံးမိစ္ဆာ၏ မျက်နှာဆီ သို့ ချိန်ရွယ်ကာ ပစ်ခတ်လိုက်၏။



ယိဖျောင်းရှမ်း၏ ပစ်ခတ်မှုမှာ တိကျလှသည်။ တဒင်္ဂအတွင်း သံလုံးရှစ်လုံးခန့်မှာ အရှိန်နှင့် ပစ်သွင်းနိုင်သဖြင့် မိစ္ဆာ၏မျက်နှာဆီသို့ တစ်လုံးပြီးတစ်လုံး ထိမှန်သည်။

ထိုအခါ မိစ္ဆာမှာ နောက်သို့ ယိမ်းယိုင်သွားရတော့သည်။ သို့ သော် ထိုမိစ္ဆာသည် သူမ၏ သံလုံးဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိနေ ကြောင်း အံ့သြစွာ တွေ့မြင်လိုက်ရတော့သည်။

ယိဖျောင်းရှမ်း ပစ်သွင်းလိုက်သော သံလုံးအရှိန်မှာ သာမန်လူ ဆိုလျှင် မျက်နှာကို ကြေမွသွားစေနိုင်သည်။

ယခု သံလုံးရှစ်လုံးစလုံး ထိမှန်သော်လည်း အာမှမဖြစ်သည့် အတွက် ယိဖျောင်းရှမ်းမှာ အကြီးအကျယ် ထိတ်လန့်သွားရတော့ သည်။

"ဘုရား .... ဘုရား၊ ဒီကောင်တွေဟာ ဘယ်နည်းနဲ့မှ လူသား ဖြစ်နိုင်ဘူး .... လူတွေ ပြောပြောနေတဲ့ မိစ္ဆာဆိုတာ တကယ်များ ဖြစ်နေမလား မသိဘူး .... "

ယိထင်းဟောင်သည် .... ထိုအခြင်းအရာကို တွေ့သောအခါ အံ့အားသင့်သွား၏။ သူက ကမန်းကတန်း အော်ပြောလိုက်၏။

"သမီး .... မျက်စိကို ချိန်ပစ်"

ယိဖျောင်းရှမ်းက ဒုတိယအကြိမ် ပစ်လိုက်သည်။

သည်တစ်ကြိမ်၌မူ သူမသည် မိစ္ဆာနှစ်ကောင်၏ မျက်စိများဆီ သို့ သံလုံးများကို ပစ်ခတ်ခြင်းဖြစ်သည်။

ထိုအခါ မိစ္ဆာများ၏ ထူးခြားသော လှုပ်ရှားမှုကို တွေ့လာရ သည်။ စောစောက အသေကောင်များလို ဖြစ်နေသော မိစ္ဆာများသည် ထိုသံလုံးများကိုတော့ ရှောင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းက ဆက်တိုက် ပစ်နေသည့်အတွက် အချို့ လုံးများမှာ မိစ္ဆာများ၏ မျက်စိများကို မထိသော်လည်း မျက်နှာ တော့ ထိကြသည်။

သို့သော် မိစ္ဆာများအဖို့ ဘာမှ ဒဏ်ရာရခြင်း မရှိပါ။ ယိဖျော ရှမ်း ပိုကြောက်လာ၏။ ပိုကြောက်လေလေ သံလုံးများလည်း လွဲချေ လာလေလေ ဖြစ်လာလေတော့၏။

ယိထင်းဟောင်က သူ၏သမီး ကြောက်နေမှန်း သိလိုက်သည်

"သမီး မကြောက်နဲ့ .... စိတ်ငြိမ်ငြိမ်ထား .... မိစ္ဆာတွေ တစ်ကောင်ချင်း ပစ် ...."

ဖခင်ဖြစ်သူ၏ သတိပေး အော်ဟစ်သံကြောင့် ယိဖျောင်းရှ က သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်၏။

သူမကိုယ်သူမ ပြန်လည် ထိန်းသိမ်းလိုက်သည်။ ဟုတ်သည် မိမိ အဘယ်ကြောင့် ကြောက်နေရမည်လဲ။ သူတို့ကို မတိုက်နိုင် ရန် မိမိတွင် မည်သည့်အကြောင်းမျှမရှိ။

သူမက လေးကို သေချာစွာ ချိန်ရွယ်ကာ ပစ်လိုက်သည်။

"ဗြိုး ...."

သူမ၏ တိုက်ခိုက်မှုမှာ သည်တစ်ကြိမ်တွင်တော့ အတော် မှန်ကန်သွားသည်။ စတုတ္ထမြောက် ပစ်လိုက်သောအခါ မိစ္ဆာကော တစ်ကောင်၏ မျက်လုံးကို ထိမှန်သွားတော့သည်။

မိစ္ဆာကောင်သည် မျက်လုံးကိုအုပ်ရင်း ဝူးဝူးဝါးဝါး အော် လေ၏။ ထို့နောက် အရူးတစ်ယောက်နှယ် ဟိုခုန်သည်ခုန်နှင့် ဖြစ် ၏။

မိစ္ဆာကောင် နာကျင်တတ်သည်ဟု ယိဖျောင်းရှမ်းတို့ မြ



ခဲ့ချေ။ မိစ္ဆာကောင်၏ နာကျင်ခံစားမှုသည် ယိဖျောင်းရှမ်းကို အားတက်စေသည်။ သူမ၏ ကြောက်စိတ်များကို ပြေစေသည်။

သူမက မိစ္ဆာကောင်များအား ထပ်မံ၍ ပစ်ပြန်၏။

မိစ္ဆာကောင်များသည် ယိထင်းဟောင်အား ဆက်လက်တိုက် နိုင်စွမ်း မရှိတော့ချေ။

မိစ္ဆာကောင်များ၏ အံ့သြဖွယ်ကောင်းသော ရှောင်တိမ်းမှုများ တွေ့လာရသည်။ နောက်ဆုံး မိစ္ဆာကောင်များ ကြံ့ကြံ့မခံနိုင်တော့ ။

တိရစ္ဆာန်တစ်ကောင်ကောင် ညည်းညူသံမျိုးကဲ့သို့သော အသံ မျိုးဖြင့် ညည်းညူကာ နောက်ပြန်လှည့်ပြေးသွားတော့သည်။ ဪ .... မိစ္ဆာကောင်တို့သည် အရှုံးဖြင့် ပြန်ပြေးတတ်ကြပေသည် ကား။

ယိထင်းဟောင် အားတက်သွားသည် .... ။ မိစ္ဆာကောင် လေး ကောင်ကို သူတို့ အောင်နိုင်ခဲ့ကြသည် မဟုတ်ပါလား။ သမီးဖြစ်သူ၏ လုံးပစ်စွမ်းရည်ကို သူ ချီးကျူးရပေတော့မည်။

"မဖြစ်သေးဘူး .... မိစ္ဆာကောင် တစ်ကောင်တော့ မိအောင် ရမယ် .... ဒါမှ ဒီကောင်တွေရဲ့ လျှို့ဝှက်ချက်ကို သိရမယ်"

ယိထင်းဟောင် ရုတ်တရက် ပြေးလိုက်လေတော့၏။

မိစ္ဆာလေးကောင်မှာ ရှေ့က ပြေးနေ၏။ တစ်လှမ်းခြင်း ပြေး မဟုတ်။ တစ်ဆွဲ့ခုန်၊ နှစ်ဆွဲ့ခုန် ခုန်၍ ခုန်၍ ပြေးကြခြင်း ဖြစ် သည်။

သူတို့ ခြေစုံတစ်ခါခုန်လျှင် ရှစ်ပေခန့် ရောက်သဖြင့် အတော် သည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယိထင်းဟောင်တို့ သားအဖက နောက်မှ အမြန်ပြေးလိုက်နေကြသည်။ ဤမြင်ကွင်းကိုသာ ရွာသားများ မြင်ကြလျှင် ရယ်မောမိကြမည်မှာ သေချာ၏။ မိစ္ဆာကောင်က လူကို လိုက်ရမည့်အစား လူက မိစ္ဆာကောင်ကို ပြန်လိုက်နေသောကြောင့်ပင် ဖြစ်သည်။

ယိထင်းဟောင်တို့သားအဖ၏ ကိုယ်ဖော့ပညာမှာ မညံ့လှချေ။

သို့သော် အလေ့အကျင့် ပြတ်နေသဖြင့် ထိပ်တန်းအဆင့် မ
တော့ပါ။

သိုင်းပညာနှင့် ဓားပညာ၊ လက်နက်ပုန်းပညာတို့မှာ လူမမြင်အောင် အိမ်ထဲ၌ လေ့ကျင့်၍ ရရှိနိုင်ပေသည်။ ကိုယ်ဖော့ပညာမှာမူ အိမ်ထဲ၌ လေ့ကျင့်၍မဖြစ်နိုင်ပါ။ အိမ်ပြင်ထွက်၍ လေ့ကျင့်မှသာ ရပေမည်။

ထို့ကြောင့် ယိထင်းဟောင်တို့ သားအဖနှစ်ယောက်မှာ ကိုယ်ဖော့ပညာအား မလေ့ကျင့်ဖြစ်ဘဲ ရှိခဲ့ခြင်း ဖြစ်သည်။

သူတို့မှာ မိစ္ဆာကောင်နောက်သို့ လိုက်ရင်း တဖြည်းဖြည်း မိစ္ဆာကောင်နှင့် ကွာဝေးလာလေသည်။ ယိထင်းဟောင်တို့က အားမလျှော့ဘဲ ဆက်လိုက်သော်လည်း မိစ္ဆာကောင်များမှာ တစ်စထက်တစ်စ ဝေးကွာပြီး နောက်ဆုံး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ယိထင်းဟောင်က ဆက်မလိုက်တော့ဘဲ လက်လျှော့လိုက်ပြီး

"ဒီမိစ္ဆာကောင်တွေ ခုန်တာ မြန်လွန်းတယ် .... တို့သာ စောစောကတည်းက လက်နက်ပုန်း သုံးမိရင် ကျိန်းသေမိမှာ .... အခုတော့ နမြောဖို့ကောင်းလိုက်တာကွာ .... တို့ အသာရပါလျက်နဲ့ လွတ်သွားရတယ် ...." ဟု ညည်းညူမိလိုက်သည်။



ယိဖျောင်းရှမ်းက သူ့ဖခင်ကို ပြန်အားပေးသည်။

"ဒီနေ့ မမိလိုက်ပေမယ့် နောက်တစ်နေ့ ထပ်လာပြီး ဖမ်းကြတာပေါ့ .... "

ယိဖျောင်းရှမ်းမှာ ရွာသားများ ကြောက်ရွံ့နေသည့်မိစ္ဆာကောင်များကို အနိုင်ဖြင့် တိုက်ခိုက်လိုက်ရသဖြင့် လွန်စွာ ပျော်ရွှင်နေသည်။ အသက်စွန့်ရကျိုး နပ်သည်ဟု တွက်နေသည်။

ယိထင်းဟောင်က ....

"အင်း .... အိမ်ပြန်ကြစို့ သမီး .... တို့ ဒီအတိုင်းဆိုရင် မိစ္ဆာတစ်ကောင်လောက်တော့ ဖမ်းနိုင်မှာ သေချာပါတယ် .... ရွာသားတွေအတွက် တစ်ဖက်တစ်လမ်းက ကူညီနိုင်ခွင့်ရတာပေါ့ .... "

သားအဖနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။

ညမှာ အေးချမ်းစွာ ကုန်ဆုံးသွားသည်။

မိုးစင်စင်လင်း၍ တံငါသည်များ ငါးဖမ်းရန်ထွက်လာသည့်အခါ သဲသောင်ပြင်၌ မိစ္ဆာခြေရာ အများအပြား တွေ့မြင်သဖြင့် အကြီးအကျယ် ထိတ်လန့်ကုန်ကြ၏။ အဘယ်ကြောင့် မိစ္ဆာများ ရွာထဲမဝင်ခဲ့သနည်း။

ယိထင်းဟောင်တို့ သားအဖ ခုခံတိုက်ခိုက်ကြကြောင်းကို ရွာသားများ မသိကြချေ။ သူတို့မျက်နှာ၌ အံ့သြသော အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## သော်ချေပြီ

ယိထင်းဟောင်တို့ သားအဖသည် နံနက်စာစားရင်း ညက အဖြစ်အပျက်ကို ပြန်လည်သုံးသပ်စဉ်းစားကြသည်။

ယိဖျောင်းရှမ်းက ....

"သမီးတို့ ညကတွေ့ခဲ့တဲ့ မိစ္ဆာဟာ လူမဟုတ်နိုင်ဘူး၊ တကယ့် မိစ္ဆာပဲ ဖြစ်နိုင်တယ် ဖေဖေ ...."

"ဘာအကြောင်း သိလိုက်ရလို့လဲ သမီး ...."

"သမီး လေးနဲ့ပစ်ခဲ့တဲ့ သံလုံးအရှိန်ဟာ မနည်းဘူး .... သာမန် လူဆိုရင် တစ်ချက်တည်းနဲ့ သေသွားနိုင်လောက်တယ် .... အခု ညက မိစ္ဆာဟာ မျက်နှာကို သံလုံးထိတာတောင် မဖြုံဘူး .... အဲဒါ အံ့ဩစရာ မကောင်းဘူးလား ...."

ယိထင်းဟောင်က သမီးဖြစ်သူ၏ စကားကြောင့် တွေဝေသွား၏။

သူက ....



ညက မိစ္ဆာများနှင့် တိုက်ခိုက်ပုံကို ပြန်လည်မြင်ယောင်လာသည်။

ထိုမိစ္ဆာများအား သူ၏ ကျားခေါင်းရွှေဓားနှင့် အကြိမ်သုံးဆယ်မျှကော ခုတ်ချမိသည်။

သို့သော် ထိုမိစ္ဆာများ ဘာမျှ မဖြစ်ခဲ့ချေ။ လူသားမှန်လျှင် ဤမျှ မခံနိုင်ပေ။

ထိုသို့ဆိုလျှင် အမှန်တကယ်ပင် မကောင်းဆိုးရွား မိစ္ဆာပေလော။

သို့သော် မိစ္ဆာများ တိုက်ခိုက်မှု၌ ထူးဆန်းသော တန်ခိုးဣဒ္ဓိ တ်များ မပါဝင်ပေ။

သိုင်းပညာဆန်ဆန် ခုန်ရှောင်တိုက်ကွက်များသာဖြစ်နေသည်။ တကယ့်သိုင်းကွက်လောဟု ပြောရန်ကလည်း ခက်ပြန်သည်။ သို့သော် အချို့သော ဓားချက်နှင့် သံလုံးပစ်ချက်များကိုမူ မိစ္ဆာများ ရှောင်နိုင်ကြပြန်သည်။

ယိထင်းဟောင်မှာ တွေးရင်း တွေးရင်း လုံးချာလိုက်လာ၏။

ညက ထိုမိစ္ဆာများနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သော်လည်း လူလား၊ မိစ္ဆာလားဟု သားအဖနှစ်ယောက်စလုံး မဝေခွဲနိုင်ဘဲ ဖြစ်ခဲ့ကြရ၏။

"ဖေဖေ ဒီလိုဆိုရင် သမီးတို့ ထပ်စောင့်ကြတာပေါ့၊ မကောင်းဘူးလား ...."

ယိထင်းဟောင်က သမီး၏ အဆိုပြုချက်ကို သဘောတူ၏။

"ကောင်းတယ် .... မိစ္ဆာတစ်ကောင်ကို မိအောင်ဖမ်းတာပေါ့"

ယနေ့ညတွင်လည်း သွားစောင့်ရန် စိတ်ကူးလိုက်သည်။

ယနေ့ည မိစ္ဆာနှင့် တွေ့ပါက လူသားလား၊ မိစ္ဆာလား ဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



ကို အေးသေချာချာ သိရလိမ့်မည်ဟု ယိထင်းဟောင် ယုံကြည်မိသည်။

ည ....

လကွေးလေးမှသာ ကောင်းကင်ပေါ်၌ ထွက်ပေါ်နေ၏။

မှေးမှိန်သော လရောင်အောက်ဝယ် ဖီယွင်ဖု တံငါရွာကလေးမှာ လဲလျောင်းနေ၏။

ညဉ့်နက်လာပြီဖြစ်သောကြောင့် တစ်ရွာလုံး အိပ်မောကျနေကြသည်။

သို့သော် အိပ်မပျော်နိုင်သူနှစ်ယောက်မှာမူ ရှိနေသေး၏။

ထိုလူနှစ်ယောက်မှာ ယိထင်းဟောင်နှင့် ယိဖျောင်းရှမ်းတို့ပင် ဖြစ်ပါသည်။

ညအမှောင် လူခြေတိတ်သည်နှင့် ယိထင်းဟောင်တို့ သားအဖနှစ်ယောက်သည် လက်နက်အပြည့်အစုံ ယူဆောင်လာခဲ့ကြသည်။ ကြိုးကွင်းလည်း ပါလာ၏။

ထိုကြိုးကွင်းသည် နွားသားရေဖြင့် ပြုလုပ်ထား၍ အလွန်ခိုင်ခံ့သည်။ ကြိုး၏တစ်ဘက်၌ သံကွင်းနှင့် မိစ္ဆာအား စွပ်ဖမ်းရန် စဉ်းစားထားသည်။

လက်နက်အဖြစ်လည်း အသုံးပြုနိုင်ရန် စီမံထားခြင်း ဖြစ်သည်။ ထို့အပြင် ထုံးမှုန့်များ ထည့်ထားသော အိတ်လည်းပါသည်။

ထုံးမှုန့်ကို အသုံးပြု၍ မိစ္ဆာ၏မျက်လုံးကို တိုက်ခိုက်ရန်အတွက် ဖြစ်သည်။

ထုံးမှုန့် မျက်စိထဲဝင်လျှင် မိစ္ဆာပဲဖြစ်ဖြစ် ဒုက္ခရောက်ရမည် ကတော့ သေချာသည်။

သူတို့သားအဖနှစ်ယောက်က မိမိတို့၏ လက်နက်ပစ္စည်းများ



နှင့် မိစ္ဆာတစ်ကောင်လောက်တော့ အရှင်ရအောင် ဖမ်းနိုင်မည်ဟု ယုံကြည်ထားကြသည်။

ဖီယွင်ဖု တံငါရွာကလေးအတွင်း ကျရောက်နေသော အန္တရာယ်ကို မိမိတို့ကမှ မဖယ်ရှားပေးလျှင် မည်သူမျှ ဖယ်ရှားပေးနိုင်လိမ့်မည် မဟုတ်ဟု ထင်သည်။

ယိထင်းဟောင်တို့သားအဖသည် ယမန်နေ့ညက မိစ္ဆာစောင့်သည့်နေရာသို့ ပြန်လာကြ၏။ သူတို့က တစ်ယောက်နှင့်တစ်ယောက် ကျောပေးပြီး ကျောက်ဆောင်နှစ်ခုနောက်၌ ပုန်းအောင်းလိုက်သည်။

သည်တစ်ကြိမ်၌မူ သူတို့သည် ပင်လယ်ပြင်ကိုချည်း မကြည့်တော့ပါ။ နေရာအနှံ့ကိုသာ ကြည့်ရှုကြတော့သည်။ အထူးသဖြင့် .... ကျောက်ဆောင်များ၏အနောက်ဘက်ကို ဂရုစိုက်ကြပါသည်။

သားအဖနှစ်ယောက်မှာ .... စိတ်တက်ကြွစွာ စောင့်မျှော်ကြသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ စောင့်ရသူများ သက်ပြင်းတချချ ဖြစ်လာသည်။

သည်လိုနှင့် တစ်စထက်တစ်စ အချိန်ကုန်ကာ အရုဏ်ဦး၏ အလင်းရောင်ပင် ထွက်စပြုလာ၏။

လကွေးလေးမှာလည်း အရှေ့မှအနောက်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ကောင်းကင်၏ အရှေ့ဘက်အခြမ်း၌ ပုဖွန်ဆီရောင်များ ယှက်သန်းလာ၏။

မိုးလင်းပြီ။ ယနေ့ည မိစ္ဆာများ လာတော့မည်မဟုတ်ချေ။

“ဟင်း .... သွားပြီ”

“ဟုတ်တယ် ဖေဖေ .... မိစ္ဆာတွေ မလာတော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ အချိန်အလဟဿ ကုန်တာပေါ့လေ ...."

"သူတို့ ကြောက်များသွားသလား ဖေဖေ ...."

"ကြောက်မယ်တော့ မထင်ဘူး .... ကြည့်ရတာ တစ်ခုခု ကြံစည်နေပုံရတယ် ...."

"ဖေဖေ .... ပင်လယ်ထဲ လိုက်ရှာမလားဟင်"

ယိထင်းဟောင်က ရယ်မောရင်း ....

"သမီးကလည်းကွာ .... စိတ်မလောပါနဲ့၊ ဒီကောင်တွေကို ပင်လယ်ထဲမှာ ရင်ဆိုင်ဖို့ မလိုပါဘူး .... ကုန်းပေါ်မှာဆိုရင် သူတို့ကို ကြောက်စရာတစ်ခုမှ မရှိပါဘူး .... တွေ့တာနဲ့ ဖေဖေတို့ ဖမ်းနိုင်မှာပါ ...."

"စိတ်ချ ဖေဖေ .... ဒီကောင်တွေကို တွေ့တာနဲ့ အရှင်ရအောင် ဖမ်းပြမယ် ...."

"ကဲ ကဲ .... သမီး နောက်မှပဲ ဖမ်းကြတာပေါ့ .... အခုတော့ အိပ်ရေးဝအောင် ပြန်အိပ်ကြရအောင် .... ရန်သူကို ရင်မဆိုင်ခင် အားမွေးထားဖို့ လိုတယ် ...."

ထိုည၌ ဗီယွင်ဖုရွာ၌ ဘာမျှ ပြဿနာမပေါ်ခဲ့ပေ။

သို့သော် ရွာသားများကား အိပ်ကောင်းခြင်း မအိပ်ရပေ။ ပင်လယ်ကမ်းစပ်၌ ယိထင်းဟောင်တို့သားအဖ စောင့်ကြပ်နေသည်ကိုလည်း သူတို့ မသိပေ။

သို့လျှင်တော့ တစ်အားတက်ကြပေမည်။

ရွာသားများအဖို့ မိစ္ဆာမှာ ကြောက်စရာကောင်းသော်လည်း ယိထင်းဟောင်တို့ သားအဖအတွက်မူ မိစ္ဆာသည် စိတ်လှုပ်ရှားမှုတစ်ခုအတွက် အလုပ်တစ်ခု ဖြစ်နေပေသည်။



သူတို့သည် ညတိုင်းစောင့်ပြီး မိစ္ဆာကို လက်ရဖမ်းရန် သန္နိဋ္ဌာန်ချထားခဲ့ကြပေသည်။

ထိုရက်မှစ၍ သုံးရက်တိုင်တိုင် မိစ္ဆာများ ငြိမ်သက်နေကြသဖြင့် ဗီယွင်ဖုရွာသားများ အနည်းငယ် အကြောက်ပြေလာကြ၏။ မိစ္ဆာသတင်းကိုလည်း သိပ်မပြောကြတော့ချေ။

နေ့စဉ် လုပ်ငန်းခွင်သို့ပင် ပြန်လည်ဝင်ရောက်လုပ်ကိုင်လာကြပြီ ဖြစ်သည်။

အခြားရွာများသို့ ပြောင်းတော့မည့် ရွာသားများပင် သူတို့၏ အကြံအစည်များကို ပယ်ဖျက်လိုက်ကြသည်။

ယိထင်းဟောင်တို့ သားအဖမှာမူ အားမလျှော့သေးပါ။

ညစဉ် စောင့်မြဲ စောင့်နေကြသည်။

ဤသို့ဖြင့် ရွာကလေးသည် ပုံမှန် ပြန်ဖြစ်လာသည်။

ယိထင်းဟောင်တို့ စောင့်နေမှုမှာလည်း ဆဋ္ဌမညတိုင် ရောက်ရှိလာသည်။

ထိုညမှာလည်း အချိန်အတော်ကြာသည့်တိုင် ထူးခြားမှု မရှိသေးချေ။

သို့သော် သုံးနာရီ အချိန်လောက်၌ သူတို့ ပုန်းခိုရာ ကျောက်ဆောင်နှင့် မလှမ်းမကမ်း ကျောက်တောင်တစ်ခု၏ နောက်ဘက်မှ ထူးခြားသောအသံတစ်ခုကို ကြားလိုက်ရသည်။

အသံမှာ စက္ကူ (သို့မဟုတ်) အဝတ်အား လေတိုးသံမျိုး ဖြစ်၏။ သေချာပြီ။ မိစ္ဆာ လာပြီ။

ယိဖျောင်းရှမ်းက သူမ၏ ဖခင်အား လှည့်ကြည့်လိုက်၏။

ယိထင်းဟောင်က သူလည်း ကြားကြောင်း ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



အသံမထွက်ရန် သမီးဖြစ်သူအား နှုတ်ခမ်းကို လက်ကန့်လန့် ဖြတ် ပြ၏။

သူတို့က အတန်ကြာ စောင့်စားနေသော်လည်း ဘာမှထွက်လာခြင်း မရှိချေ။

သို့သော် အသံကမူ လေတိုက်လျှင် ကြားနေရဆဲပင်။

ယိထင်းဟောင်က လေသံဖြင့် ....

"သမီး .... တို့ လူခွဲပြီး ဒီကျောက်ဆောင်နောက်ကို ဝင်မယ် သမီးက ကျောက်ဆောင်ရှေ့ရောက်တာနဲ့ ထုံးမှုန့်နဲ့ပစ်လိုက် .... ထုံးမှုန့်ပြယ်တာနဲ့ တို့ ဝင်ဖမ်းကြမယ် .... "

ယိထင်းဟောင်က ကြိုးကွင်းကို အသင့်ပြင်ပြီး ခုန်ထွက်သွား၏။ သူ၏လှုပ်ရှားမှုမှာ ညင်သာလှသည်။

ယိဖျောင်းရှမ်းကလည်း ထုံးထုပ်ကို ကိုင်ကာ ကျောက်ဆောင်ရှေ့သို့ ခုန်ထွက်သည်။

ထို့နောက် အသံထွက်နေသော ကျောက်ဆောင်ဆီသို့ ပြေးကပ်လိုက်သည်။ ထိုကျောက်ဆောင်ရှေ့ ရောက်သောအခါ အနောက်ဘက်ဆီသို့ ထုံးမှုန့်များ တစ်ထုပ်ပြီးတစ်ထုပ် ပစ်သွင်းတော့သည်။ ထုံးမှုန့်များ မှုံမှိုင်းတက်လာ၏။ မိစ္ဆာမပြောနှင့် သံချပ်အင်္ကျီနှင့် လူလည်း သက်သာမည်မဟုတ်ချေ။

ယိဖျောင်းရှမ်းက ကျောက်ဆောင် အနောက်ဘက်ဆီသို့ သတိနှင့် ချဉ်းကပ်သွား၏။

ယိထင်းဟောင်က ရှေ့မှ ဝင်သည်။

ကျောက်ဆောင်အနောက်ဘက်သို့ ရောက်သောအခါ ထုံးမှုန့်များ ဖုံးလွှမ်းနေဆဲပင် ရှိသေးသည်ကို တွေ့ရသည်။



နှစ်ယောက်စလုံး ကျောက်ဆောင်အနီးသို့ ရောက်ချိန်၌ ထုံးမှုန့်များ ပြယ်လွင့်သွားခဲ့လေပြီ။

မြင်ကွင်းကို ထင်ထင်ရှားရှား တွေ့မြင်လာရသည်။ တဖျပ်ဖျပ် အသံကိုလည်း ကြားရသည်။

ယိထင်းဟောင်တို့သားအဖသည် လက်နက်များကို အသင့်ကိုင်ဆောင်ရင်းမှ တဟားဟား ရယ်မိကြတော့သည်။

သူတို့မြင်ရသော မြင်ကွင်းကား .... တံငါသည်အင်္ကျီဟောင်း တစ်ထည်သည် ကျောက်ဆောင်များအလယ် တိုင်တစ်တိုင်၏ ထိပ်၌ ချိတ်ကာ တဖျပ်ဖျပ်လှုပ်လွန့်နေခြင်းသာ ဖြစ်ပါသတည်း။

ယိထင်းဟောင်တို့ သားအဖနှစ်ယောက်သည် ဆယ်ရက်ကျော်သွားရောက်စောင့်ကြည့်သော်လည်း မိစ္ဆာများကို မတွေ့ရတော့ချေ။

အဘယ်သို့နည်း။

မိစ္ဆာများ အဘယ့်ကြောင့် မလာတော့သနည်း။

ဤသို့ဆိုလျှင် မိစ္ဆာဖမ်းမည့် သူတို့အစီအစဉ် ပျက်တော့မည်လော။

သူတို့သားအဖ စိတ်ပျက်လာလေပြီ။

ဆယ့်သုံးရက်မြောက်သောနေ့ ည၌ ....

ယိဖျောင်းရှမ်းက ထုံးစံအတိုင်း ကမ်းခြေသို့သွားရန် ပြင်ဆင်သည်။ သူမ၏ဖခင်က မည်သို့မျှ ပြင်ဆင်ခြင်းမရှိ။ ငြိမ်သက်စွာ ထိုင်နေသည်။

ယိဖျောင်းရှမ်းက ....

"ဖေဖေ .... သမီးတို့ သွားကြရအောင်လေ .... "

ယိထင်းဟောင်က ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .... ဒီနေ့ မသွားတော့ဘူး"

ယိဖျောင်းရှမ်းက မကျေမနပ်ဖြင့် ပြော၏။

"ဟင် .... ဘာဖြစ်လို့လဲ၊ ဖေဖေက အားလျော့သွားပြီလား စိတ်ပျက်သွားပြီလား .... သမီးတောင် စိတ်မပျက်ဘဲနဲ့ .... "

ယိထင်းဟောင်က ပြုံး၍ ....

"စိတ်ပျက်တာတော့ ပျက်တာအမှန်ပဲ .... ဒါပေမယ့် ဖေဖေ အားမလျှော့ပါဘူး .... ဒါပေမယ့် ဒီနေ့ည လက ထိန့်အောင်သာတယ် သိုင်းလောကထုံးစံကို သမီး မသိဘူးလား .... "

ယိဖျောင်းရှမ်းက နားမလည်ဟန်ဖြင့် ပြန်မေးသည်။

"ဘာထုံးစံများ ရှိလို့လဲ .... "

ယိထင်းဟောင်က ....

"ဒုစရိုက်သမားတွေဟာ အမှောင်သမားတွေပါ .... ညလူတွေ ဟာ လသာတဲ့ညမှာ မလှုပ်ရှားကြဘူး .... ဒီလိုပဲ မကောင်းဆိုးရွား တွေဟာလည်း လသာတဲ့ညကို မထွက်ကြဘူး .... ရှောင်ကြတယ် ဒါကြောင့် ဒီနေ့ သွားစောင့်လည်း အလကားပဲ .... တို့တွေ အိပ်ရေး ပျက်တာ ကြာပြီ .... ဒီညတော့ အေးအေးဆေးဆေး အနားယူကြ တာပေါ့ ဟုတ်လား .... "

ယိဖျောင်းရှမ်းက နှုတ်ခမ်းစူ၍ ပြော၏။

"အနားယူစရာ မလိုပါဘူး ဖေဖေရာ .... မိစ္ဆာတွေ လာချင် လာမှာပေါ့ .... သမီးတို့ အနားယူချိန် လာမှ ဟုတ်ပေ့ဖြစ်နေမယ်"

ယိထင်းဟောင်က ....

"သမီးက .... လူငယ်ဆိုတော့ အနားမယူလည်း အကြောင်း မဟုတ်ဘူး .... ဖေဖေက အသက်ကြီးပြီ၊ ဒီတော့ အနားယူမှ ဖြစ်မှာ



ပေါ့ကွ .... ဒီလောက်လည်း စိတ်မလောပါနဲ့ သမီးရယ် .... နောက် ရက်တွေ အများကြီး ရှိပါသေးတယ် .... "

ယိဖျောင်းရှမ်းမှာ ဆက်လက်၍ အတွန့်မတက်နိုင်တော့ပါ။ ခင်ကြီး၏ စကားကလည်း ကျိုးကြောင်းဆီလျော်သည်။ ထို့ကြောင့် ကိုယ်စီကိုယ်စီ ကိုယ့်အိပ်ခန်းဆီသို့ ဝင်သွားကြလေတော့၏။

အပြင်ဘက်၌ အလင်းရောင် လင်းထိန်နေသည် .... ။ နွေခင်း လားပင်။ လရောင်ဖြင့် အရာရာကို မြင်နိုင်သည်။

ယိထင်းဟောင်တို့ အိမ်ကလေးကား ငြိမ်သက်နေလေပြီ။

ယိဖျောင်းရှမ်းမှာ ချက်ချင်း မအိပ်နိုင်သေး။ ဟိုလူးသည်လွန့် ဖြစ်နေသည်။ အတန်ကြာမှသာ မျက်လုံးများ လေးပြီး အိပ်ပျော်သွား သည်။

"ဂျစ် .... ဂျစ် .... ဂျစ် .... "

အသံ .... ။ ကုတ်ခြစ်သံ။

တံခါးမအား လက်သည်းနှင့် ကုတ်ခြစ်သံသည် တိတ်ဆိတ်မှု ဖြိုခွင်းလိုက်သည်။

တစ်လောကလုံးတိတ်ဆိတ်ငြိမ်သက်နေချိန်ဖြစ်၍ လက်သည်း ကုတ်ခြစ်သံသည် လွန်စွာကျယ်လောင်လှပေတော့သည်။ အအိပ်ဆတ် မည်သူမဆို ဤအသံကြောင့် နိုးနိုင်ပေသည်။

ယိထင်းဟောင်မှာ ဆတ်ခနဲ လန့်နိုးလာ၏။ သူ့ဟာ နားစွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ တံခါးမအား ကုတ်ခြစ်သံကို အတိုင်းသား ကြားလိုက်
ရသည်။

ယိထင်းဟောင်က ပြုံးလိုက်သည်။ သူက အခြေအနေကို
လည်လိုက်ပြီဖြစ်သည်။ သူတို့ အချိန်ကုန်ခံကာ သွားစောင့်စဉ်က
မလာသော မိစ္ဆာတို့သည် သူတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရော
လာခဲ့လေပြီတကား။

ယိထင်းဟောင်က သွက်လက်စွာ ထလိုက်သည်။ သူ၏လက
တော် ကျားခေါင်းရွှေဓားကို ဆွဲယူသည်။

ခြေသံလုံအောင်ထိန်းရင်း တံခါးမဆီသို့ လျှောက်သွားလေ
သည်။

နင်လား မိစ္ဆာ။ ငါလား လူသား။

ထိုစဉ်မှာပင် .... တံခါးမမှာ ဝုန်းခနဲ ပြိုကျသွားလေတော့
တံခါးမ ပြိုကျသွားသည်နှင့် အဝါရောင်ဦးထုပ်နှင့် အဝါရောင်ဝိတ်
ပတ်ထားသော မိစ္ဆာနှစ်ကောင်က အိမ်တွင်းသို့ ခုန်ဝင်လာလေတော့
သည်။

ယခုတစ်ခေါက် မိစ္ဆာများမှာ သူတို့ ယခင်ကတွေ့ခဲ့သော မိစ္ဆာ
များထက် အရုပ်အနည်းငယ် ပိုမြင်၏။ ထိုမျှမကသေးပါ။

နောက်ထပ် မိစ္ဆာနှစ်ကောင်က အိမ်တံခါးဝ၌ ပိတ်၍ ရပ်
ပေသေးသည်။

ယခုတစ်ခေါက် မိစ္ဆာများထဲ၌ ဆံပင်ရှည်သော မိစ္ဆာများ
လာသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် မိစ္ဆာတို့သည် တစ်ပွ
တည်း တစ်စားတည်းမဟုတ်။ အရွယ်၊ အရုပ်၊ ပုံသဏ္ဌာန်အား
အမျိုးမျိုး ကွဲပြားကြောင်း သိနိုင်ခဲ့သည်။ တောင့်တောင့် မာ



ကျော့၊ အရုပ်မြင့်မြင့် မိစ္ဆာများသည် ပို၍ ကြောက်မှယ်ကောင်းသည်။

အသည်းငယ်သူများအဖို့ မြင်ရုံနှင့်ပင် မေ့မြောသွားနိုင်လောက်
သည်။

ယိထင်းဟောင် အနေဖြင့်မူ မိစ္ဆာတို့နှင့် တိုက်ဖူးထားပြီး ဖြစ်
ရုံမျှမက မိစ္ဆာတို့၏ ပျော့ကွက်ကိုပင် သိရှိထားပြီး ဖြစ်သဖြင့် လုံးဝ
ကြောက်စိတ်မရှိချေ။

သူသည် တုံ့ဆိုင်းမနေဘဲ ဓားကို တစ်ချက်လွှပ်ရှားကာ မိစ္ဆာ
နှစ်ကောင်အား တိုက်ခိုက်လိုက်လေတော့သည်။ သူ၏ တိုက်ခိုက်မှု
မှာ တိကျသည်၊ လျင်မြန်လှသည်၊ သွက်လက်သည်။

ဓားဖျားမှာ အရိပ်များ ဖြာထွက်သွားပြီး မိစ္ဆာ၏ရင်ဝသို့ တိုး
ဝင်သွား၏။

သို့သော် မိစ္ဆာက နောက်မဆုတ်ပါ။ လွန်စွာ ရုပ်ဆိုးသော အပြုအမူ
ကို ပြုလုပ်လေသည်။ မိစ္ဆာဖြစ်နေ၍ ဤသို့ ပြုမူခြင်းလည်း ဖြစ်နိုင်ပေ
သည်။

ဓားကို ဂရုမထားသည့်အလား ရှေ့သို့တိုးလာ၏။ ယိထင်း
ဟောင်၏ဓားမှာ မိစ္ဆာ၏ရင်ဝသို့ တည့်မတ်စွာ ထိုးစိုက်သွားသည်။
သို့သော် မိစ္ဆာက မမှုပါချေ။

ယိထင်းဟောင် ထိတ်လန့်သွားသည်။ ထို့ကြောင့် ဓားကို လျှပ်
တစ်ပြက် ဆွဲထုတ်ပြီး မျက်လုံးဆီသို့ လှမ်းထိုးလိုက်သည်။ မျက်လုံး
ကို ထိုးလျှင် မိစ္ဆာတို့ ကြောက်ရွံ့တတ်ကြသည် မဟုတ်ပါလော။ သို့
သော် ဤမိစ္ဆာတို့က မကြောက်။ ရှေ့သို့သာ တိုးလာသည်။ ထိုအခါ
ဓားသွားသည် မိစ္ဆာ၏ မျက်လုံးထဲသို့ တိုးဝင်သွားတော့၏။

"ဟင် ...."

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ ဆက်၍ပင်တိုးလာပြီး .... ယိထင်းဟောင်၏ မခံ့အား လက်သည်းဖြင့် လှမ်းကုတ်ပြန်သည်။

ယိထင်းဟောင် ထပ်မံ ထိတ်လန့်ရပြန်ချေပြီ။

ထိုစဉ်မှာပင် မိစ္ဆာများက ရှေ့တိုးလာ၏။

ယိထင်းဟောင်မှာ ဓားကို တရစပ် ဝှေ့ယမ်းတိုက်သည်။ သို့သော် မိစ္ဆာက လေးကောင် သူက တစ်ယောက်တည်း ဖြစ်သဖြင့် သူ့အနေဖြင့် မနိုင်,နိုင်အောင် ဖြစ်လာ၏။

နောက်ဆုံး၌ မိစ္ဆာတစ်ကောင်၏ လက်သည်းကုတ်ခြစ်မိသွားပြီး လဲကျသွားလေတော့သည်။

မိစ္ဆာများက သူ့အား ဝိုင်း၍ခုန်အုပ်လိုက်ပြီး လည်ချောင်းကို လက်သည်းများဖြင့် ထိုးဖောက်သတ်ဖြတ်ပစ်လိုက်လေတော့၏။

ယိထင်းဟောင်၏ ချောက်ချားဖွယ်ရာ အော်သံသည် ညဉ့်ယံ၌ ကြောက်မက်ဖွယ်ရာ လွင့်ပျံ့သွားလေတော့၏။

ယိထင်းဟောင်မှာ အိပ်ရာမှ လန့်နိုးလာ၏။ သူ့တစ်ကိုယ်လုံး ချွေးပြန်နေသည်။ တစ်ကိုယ်လုံး၌ ချွေးစေးများက စို့ရွှဲနေ၏။ သူ၏ အာခေါင်မှာ ခြောက်ကပ်နေ၏။

အိပ်မက်။ ဘုရား .... ဘုရား အိပ်မက်ဖြစ်ပေလို့ပဲ။ အိပ်မက်သာ မဟုတ်ဘဲ တကယ့်အဖြစ်သာဖြစ်လျှင် သူ မလွယ်တော့ပေ။ အိပ်မက်,မက်နေမှန်း သိလိုက်ရသဖြင့် စိတ်သက်သာသွားသည်။



အိပ်မက်ဆိုးသည် သတ္တိရှိသော သူကဲ့သို့သော သူ့ရဲကောင်းကို ပင်လျှင် ချွေးပြန်စေခဲ့သည်တကား။

လက်များပင် အနည်းငယ် တုန်ယင်နေသည်။

သူက ထိတ်လန့်မှု ပြေစေရန်အတွက် ရေသောက်ရန် ခုတင်ပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်မိသည်။

ထိုစဉ်အိမ်ရှေ့တံခါးမဆီမှ အသံတစ်ခု ကြားလိုက်ရလေတော့သည်။

"ဂျစ် .... ဂျစ် .... ဂျစ် .... "

ယိထင်းဟောင်မှာ တစ်ချက်တုန်သွားသည်။ ဒါ အိပ်မက်မဟုတ်။ တကယ့်အသံ။ တကယ့်အဖြစ်။ ယိထင်းဟောင် သူ့ကိုယ်သူ သတိပေးနေရသည်။

သူ သေသေချာချာ နားစွင့်လိုက်၏။

"ဂျစ် .... ဂျစ် .... ဂျစ် .... "

သေချာသည်။ တကယ်သေချာသည်။

အိမ်ရှေ့တံခါးမအား လက်သည်းနှင့် ကုတ်ခြစ်သံကို သဲသဲကွဲကွဲ ကြားလိုက်ရသည်။

သည်တစ်ကြိမ်၌ အိပ်မက် မဟုတ်တော့။ ယိထင်းဟောင် နားစွင့်လိုက်သည်။

အသံကား တဂျစ်ဂျစ် ကြားနေရဆဲပင်။

သွားစောင့်တုန်းကတော့ မလာ .... ၊ မစောင့်တော့မှ အိမ်တိုင်ရာရောက် ရောက်လာသည်။

ယိထင်းဟောင်က ဓားကို အသင့်ပြင်လိုက်သည်။ ဟူကိုလည်း နှိုးလိုက်သည်။ ဟူ နိုးလာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီး ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ .... "

ယိထင်းဟောင်က လေသံဖြင့် ....

"ရှူး .... တိုးတိုး"

"ဘာများ အရေးပေါ်လို့လဲ ခင်ဗျာ .... "

"နားထောင်စမ်း .... တဂျစ်ဂျစ်နဲ့ အသံမကြားဘူးလား"

ဟူ နားစွင့်လိုက်၏။

"ဟုတ်တယ် .... ဘယ်သူ လာခြစ်နေတာလဲ .... "

"သူခိုး ဖြစ်လိမ့်မယ် .... "

ယိထင်းဟောင်က ဟူ ထိတ်လန့်သွားမည်ကို စိုးသဖြင့် သူခိုးဟု ပြောလိုက်ခြင်း ဖြစ်၏။

ဤတံငါရွာ၌ သူခိုး မရှိပါ။ ထိုအချက်ကို ဟူလည်း မတွေးမိပါ။

ထိုစဉ် တံခါးမမှ တဂျစ်ဂျစ်အသံကို ပို၍ ပို၍ ကြားလာရသည်။

ဟူက သစ်သားချောင်းတစ်ချောင်းကို ဆွဲကိုင်လိုက်သည်။

"လာ .... သခင်ကြီး သူခိုးကို ရင်ဆိုင်ဖို့ .... "

ထို့နောက် ယိထင်းဟောင်နှင့်အတူ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

အိမ်ရှေ့ခန်း ရောက်သည်နှင့် ဟူက လှမ်းအော်မေးသည်။

"ဘယ်သူလဲ .... "

"ဂျစ် .... ဂျစ် .... ဂျစ် .... "

အဖြေ မလာပါ။ တဂျစ်ဂျစ် အသံသာ ကြားနေရပါသည်။

"ဟူ .... တံခါးဖွင့်ပြီးရင် ဒေါ့ကို မြန်မြန်ကပ်လိုက်"

ယိထင်းဟောင်က အမိန့်ပေးလိုက်၏။



ဟူက တံခါးကို ဆွဲဖွင့်လိုက်သည်။

"အား .... "

ဟူသည် ထိုမျှသာ အော်နိုင်ပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့၏။

ယိထင်းဟောင်က ဓားကို အသင့်ကိုင်ပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။

"မိစ္ဆာကောင်တွေပါလား .... "

အပြင်ဘက်၌ အဝါရောင်ဦးထုပ်၊ အဝါရောင်အင်္ကျီများ ဝတ်ဆင်ထားသော မိစ္ဆာလေးကောင် တန်းစီရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုမိစ္ဆာလေးကောင်မှာ သူတို့သားအဖ မင်လယ်ကမ်းစပ်၌ တိုက်ခိုက်ခဲ့သော မိစ္ဆာကောင်များနှင့် မတူချေ။

ယခု မိစ္ဆာကောင်များမှာ အရပ်အနည်းငယ် ပိုမြင့်သည်။ ဆံပင်ပို၍ရှည်သည်။ အိပ်မက်ထဲ၌ တွေ့ခဲ့သော မိစ္ဆာကောင်များနှင့် တစ်ပုံစံတည်းပင် ဖြစ်နေသည်။

ယိထင်းဟောင်သည် သတ္တိရှိသူ ဖြစ်သော်လည်း အိပ်မက်ထဲ၌ တွေ့ရသည့် မိစ္ဆာကောင်များနှင့် ထပ်တူဖြစ်နေသည်ကို တွေ့ရသောအခါ တုန်လှုပ်သွားမိသည်။ သို့သော် သူ့ကိုယ်သူ အားပေးလိုက်သည်။ မိစ္ဆာကောင်၏ ပျော့ကွက်ကို သိထားသည်မဟုတ်ပါလော။

မိစ္ဆာနှစ်ကောင်က လျှင်မြန်စွာ ခုန်ဝင်လာသည်။ သူတို့၏ ခုန်အားမှာ အတော်ကောင်း၏။ တစ်ကြိမ်တည်းနှင့် ယိထင်းဟောင်ဆီသို့ ရောက်ရှိလာသည်။

ယိထင်းဟောင်က တစ်ကောင်ကို အသာတိမ်းပေးပြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်၏ရင်ဝသို့ ချွေးဓားနှင့် ထိုးလိုက်၏။ ယိထင်းဟောင်သည် ဓား သိုင်းကို ပိုင်နိုင်သူဖြစ်၍ သူ့ဓားချက်ကို တိတိကျကျပင် ထိုးနိုင်သည်။

"ထန်း ...."

ဓားချက်က ရင်ဝသို့ တန်းခနဲ ဝင်သည်။

ဓားက တိုးမဝင်။ တောင့်ခံသည်။ သံပြားကို ဓားနှင့် ထိုးလိုက်သလို ထင်ရသည်။ ယိထင်းဟောင်၏ လက်မောင်းတစ်ခုလုံး ထုံကျင်သွားသည်။ ဓားကျိုးမည်ပင် စိုးရိမ်ရသည်။ ဓားမကျိုး၍ တော်သွားသေးသည်။

မိဓ္ဓာကောင်က နောက်မဆုတ်ပေ။ ရှေ့သို့ တိုးဝင်လာပြီး ယိထင်းဟောင်၏ ပခုံးကို ကုတ်ဆွဲသည်။ မိဓ္ဓာကောင်၏ လှုပ်ရှားမှု လျင်မြန်လှသဖြင့် ယိထင်းဟောင်ပင် လန့်သွား၏။ သို့သော် သတိရှိသူဖြစ်၍ ခန္ဓာကိုယ်ကို လှဲချကာ .... ထိုမိဓ္ဓာကောင်ကို ခြေထောက်ဖြင့် ကောက်တင်ပေးလိုက်၏။

"ဝုန်း ...."

မိဓ္ဓာကောင်မှာ ယိထင်းဟောင်၏ အငိုက်တိုက်ခိုက်မှုကြောင့် ဝုန်းခနဲ လွင့်စဉ်သွားသည်။

သို့သော် ယနေ့ညလာသော မိဓ္ဓာကောင်များမှာ ပင်လယ်ကမ်းစပ်၌ တွေ့ခဲ့ရသော မိဓ္ဓာကောင်ထက် ပို၍ လျင်မြန်ပါးနပ်လှသည်။

ယိထင်းဟောင် ပြန်ထစဉ် သူ၏ ပခုံးထက်သို့ လေဟာပ်သလို ခံစားလိုက်ရသည်။ နောက်မှ မိဓ္ဓာကောင်တစ်ကောင်က သူ၏ ပခုံးအား ကုတ်ဆွဲလိုက်သောကြောင့် ဖြစ်သည်။

ယိထင်းဟောင် ဘေးသို့ ရှောင်တိမ်းလိုက်ရသည်။



သို့သော် ....

"ဖြဲ ...."

မိဓ္ဓာကောင်၏ လက်သည်းသည် အင်္ကျီကို ဆွဲကုတ်မိသွားသဖြင့် အင်္ကျီပြဲသွားတော့သည်။

ထိုစဉ် နောက်ထပ် မိဓ္ဓာနှစ်ကောင်ပါ အိမ်ထဲသို့ ဝင်ရောက်လာပြီး ယိထင်းဟောင်အား လေးဘက်လေးတန် ဝိုင်းရံကာ တိုက်ခိုက်ကြလေတော့သည်။

ယိထင်းဟောင် မလွယ်တော့။ လေးယောက် တစ်ယောက်ဖြစ်သဖြင့် မနည်းပင် လွတ်အောင်ရှောင်နေရသည်။

ယိထင်းဟောင်က တိုက်ခိုက်နေသည် ဆိုခြင်းထက် မိဓ္ဓာ၏ တိုက်ခိုက်မှုကို ခုခံနေရခြင်း ဆိုသည်က ပို၍မှန်ပေလိမ့်မည်။

မိဓ္ဓာကောင်များဆိုသော်လည်း ထိုသူတို့သည် လေးယောက်လေးကောင် ကွက်တိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ သူတို့အချင်းချင်း တစ်ကြိမ်မျှ ထိခိုက်မိခြင်း မရှိပေ။

ယိထင်းဟောင်မှာ ချွေးပြန်လာသည်။

အရေးကြုံသောအခါမှ သမီးဖြစ်သူကို သတိရတော့သည်။

သူက ယခုလောက် တိုက်ခိုက်နေသည့်တိုင်အောင် သမီးဖြစ်သူမှာ ထွက်ပေါ်လာခြင်း မရှိသေးပါ။

သူတို့ တိုက်ခိုက်သံများမှာ တဗုန်းဗုန်း တဒိုင်းဒိုင်း ဆူညံနေပါသည်။

"သမီး ...., မိဓ္ဓာတွေ ရောက်နေပြီ ...."

ယိဖျောင်းရှမ်း အိပ်ရာမှ နိုးလာသည်။ ထို့အတူ အိမ်ဖော်ကြီးလည်း နိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မကြီးက ဒရောသောပါး ထွက်ကြည့်ရင်း တုန်ယင်စွာ ပြော၏။

"သခင်မလေး .... အပြင်မှာ မိစ္ဆာ .... မိစ္ဆာ"

ယိဖျောင်းရှမ်းက မိစ္ဆာကောင်ဟူသော စကားကြောင့် ရင်ထိတ်သွားသည်။ သူတို့ စောင့်မျှော်စဉ်က မလာခဲ့သော မိစ္ဆာကောင်များသည် အဘယ်သို့သောနည်းဖြင့် သူတို့ အိမ်ပေါ်သို့ ရောက်ရှိလာခဲ့ရသနည်း။

ထို့နောက် ဓားကို ဆွဲယူလိုက်သည်။

တစ်ဆက်တည်းပင် လေးနှင့် သံလုံးအိတ်ကိုလည်း ဆွဲယူလိုက်၏။

ထို့နောက် အလွန်ကြောက်ရွံ့နေသော အိမ်ဖော်မကြီးအား နှစ်သိမ့်လိုက်လေသည်။

"မကြောက်ပါနဲ့ .... ဒါ မိစ္ဆာမဟုတ်ပါဘူး .... "

အိမ်ဖော်မကြီးက ....

"အို .... မိစ္ဆာမှ မိစ္ဆာအစစ်၊ သူတို့ သခင်ကြီးကို တိုက်ခိုက်နေကြပါတယ် သခင်မလေး .... "

ယိဖျောင်းရှမ်း တစ်ဟုန်ထိုး ပြေးထွက်သွား၏။

ပါးစပ်မှလည်း အော်သွားသေးသည်။

"ကြည့်နေ .... အဲဒီမိစ္ဆာတွေ ကျွန်မ သုတ်သင်ပြမယ်"

အိမ်ဖော်မကြီးသည် ယိဖျောင်းရှမ်းနောက်မှ ပြေးလိုက်လာ၏။

"မလိုက်လာနဲ့ .... "

ယိဖျောင်းရှမ်းက အော်သော်လည်း မရပေ။

"ဝုန်း .... "



အိမ်ဖော်မကြီးသည် မိစ္ဆာများကို ဒုတိယအကြိမ် တွေ့လိုက်ရသည့်အခါတွင်မူ သတိမေ့သွားတော့သည်။ လူသေမျက်နှာကဲ့သို့သော မျက်နှာကြီးများကို ပီပီပြင်ပြင် တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

ယိဖျောင်းရှမ်းသည် သူ့ဖခင်နှင့် မိစ္ဆာလေးကောင်တို့၏ တိုက်ပွဲကို တွေ့ရတော့သည်။ သူမ အချိန်မဆိုင်းနိုင်တော့ပေ။

ထို့နောက် သေချာစွာ ချိန်ရွယ်၍ ရင်ဝဆီသို့ ပစ်လိုက်လေ၏။

သံလုံးလေးလုံးမှာ အရှိန်ပြင်းစွာဖြင့် ဖုတ်ကောင်၏ရင်ဝသို့ ပြေးဝင်သွားလေတော့သည်။

"ထန်း .... ထန်း .... ထန်း .... ထန်း .... "

သံချင်း ထိသံကဲ့သို့ အသံမြည်ထွက်လာပြီး သံလုံးများမှာ ပြန်လည် လွင့်စဉ်လာသည်။

ယိဖျောင်းရှမ်းက အံ့အားသင့်သွားတော့၏။

စိတ်ထဲမှလည်း ပြောမိ၏။

"ဟင် .... ဟိုနေ့က ကောင်တွေလို မကြောက်ပါလား"

ထိုအခိုက် မိစ္ဆာကောင်တစ်ကောင်က သူမထံ ခုန်ဝင်လာသည်။

"ဝုန်း .... "

ယိဖျောင်းရှမ်းမှာ ထိတ်လန့်သွားသည်။

မိစ္ဆာကောင်၏ လှုပ်ရှားမှုမှာ လွန်စွာလျင်မြန်လှသည် မဟုတ်ပါလော။

ယိဖျောင်းရှမ်းက နောက်ဆုတ်ပြီး ရှောင်တိမ်းလိုက်ရလေသည်။

သံလုံးများကို လေးနှင့် မပစ်သာတော့။

www.burmeseclassic.com



ဓားကို ဆွဲထုတ်ရသည်။

ဓားဖြင့် တိုက်ခိုက်ရတော့သည်။

တိုက်သင့်သော အကွာအဝေးမရှိလျှင် လေးဖြင့် တိုက်ခိုက်ရန် မဖြစ်နိုင်ပါ။

မိစ္ဆာကောင်၏ လက်က လျှပ်တစ်ပြက်ဆိုသလို ယိဖျောင်းရှမ်း၏ တံတောင်ဆစ်ဆီသို့ ကုတ်ချလာသည်။

ယိဖျောင်းရှမ်းက ဓားကိုင်လက်ဖြင့်လက်ပြန်ရိုက်လိုက်ရသည်။

မိစ္ဆာကောင်သည် သူ့အရှိန် .... ယိဖျောင်းရှမ်း၏ ရိုက်အားတို့ကြောင့် လွင့်စဉ်ထွက်သွားပြီး စားပွဲခုံတစ်ခုနှင့် ဝုန်းခနဲ ရိုက်မိသည်။ သူ့လက်ချောင်းများက စားပွဲခုံ၌ ဒုတ်ခနဲ စိုက်မိသည်။

ယိဖျောင်းရှမ်း အတွေးပေါက်လာ၏။ အိမ်ထဲ၌ တိုက်ခိုက်ရသည်မှာ ကျဉ်းမြောင်းသည်။ သံလုံးများဖြင့် ပစ်ခတ် တိုက်ခိုက်ရန်လည်း မလွယ်ချေ။

“ဝုန်း ....”

ယိဖျောင်းရှမ်းသည် နှစ်ချက်မျှ အရှိန်ယူ ခုန်ထွက်ပြီး တံခါးမကြီးမှ ကျွမ်းထိုး ထွက်သွားလေတော့သည်။

ယိထင်းဟောင်သည် သမီးဖြစ်သူ၏အစွမ်းကိုတွေ့သောအခါ လွန်စွာ ချီးကျူးမိ၏။

သမီးဖြစ်သူ ဝင်ကူ၍သာ သူ သက်သာရာ ရသွားခဲ့သည် မဟုတ်ပါလော။

ယိဖျောင်းရှမ်းသည် အပြင်ရောက်သည်နှင့် လေးကို အသင့်ပြင်ထား၏။

ထို့နောက် ....



မိစ္ဆာကောင်များ ထွက်လာသောအခါ တရစပ်ပစ်ခတ် တိုက်ခိုက်တော့သည်။

သို့သော် ....

မိစ္ဆာကောင်များက မမှုပါ။

ရှေ့သို့ တိုးမြဲ တိုးလာနေကြ၏။

ယိဖျောင်းရှမ်းမှာ တစ်စထက်တစ်စ ပို၍ထိတ်လန့်လာ၏။

သူမက ဆက်လက်မတိုက်ခိုက်တော့ဘဲ နောက်ဆုတ်ပြေးရသည်။

နောက်ဆုတ် ပြေးခြင်းဖြစ်၍ နောက်ကြောင်းမှ ရန်သူကို သူမမြင်ပါ။

သူမ၏ ခြေထောက်အား တစ်စုံတစ်ယောက်က ဖမ်းဆွဲလိုက်သကဲ့သို့ ခံစားလိုက်ရပြီး သူမ ဝုန်းခနဲ လဲကျသွားလေသည်။

ယိဖျောင်းရှမ်းက ကြည့်လိုက်ရာ ....

“အမယ်လေး ....”

မိစ္ဆာကောင် တစ်ကောင်က သူမ၏ ခြေထောက်အား ဖမ်းချုပ်ထားခြင်းပင် ဖြစ်ပါသည်။

ယိဖောင်းရှမ်းက ရုန်းကန်လိုက်သည်။ သို့သော် မရပါချေ။ မိစ္ဆာကောင်က ပိုင်နိုင်စွာပင် ဖမ်းချုပ်ထားသည်။

ယိဖျောင်းရှမ်းက ဓားကိုဆွဲထုတ်ပြီး မိစ္ဆာကောင်ယယ်ထိပ်ဆီသို့ လျှပ်တစ်ပြက် ခုတ်ချလိုက်သည်။

“ဗိုး ....”

မိစ္ဆာကောင်က ဓားချက်ကို ရှောင်သည်။

ခြေထောက်လည်း လွတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းသည် အခွင့်အရေးရသည်နှင့် ဆက်လက် ပြေးထွက်သွားလေတော့၏။

ယိထင်းဟောင်မှာ မိစ္ဆာကောင်များနှင့် ရင်ဆိုင်တိုက်ခိုက်နေဆဲပင်။ သူတို့၏တိုက်ခိုက်မှုမှာ တစ်စထက်တစ်စ ပို၍ ပို၍ ပြင်းထန်လာနေသည်။

ယိထင်းဟောင်ကလည်း သမီးဖြစ်သူ ဆုတ်ပြေးသည်ကို အပြစ်မယူပေ။

အဘယ်ကြောင့်ဆိုသော် သမီးဖြစ်သူက သူ့လောက် ပညာမပြည့်ဝသေးကြောင်း သိရှိထားသောကြောင့် ဖြစ်သည်။

ဤမိစ္ဆာကောင်များသည် ပင်လယ်ကမ်းစပ်၌ သူတို့ တိုက်ခိုက်ခဲ့ဖူးသော မိစ္ဆာကောင်များထက် သိုင်းပညာပိုကောင်းနေ၏။ အမြဲတမ်း ခုန်သွားနေသူများလည်း မဟုတ်ပေ။ သာမန်လူကဲ့သို့ လမ်းလျှောက်လျှင်လည်း လျှောက်သည်။

မိစ္ဆာကောင်ကဲ့သို့ ခုန်လျှင်လည်း ခုန်သည်။ ထို့ပြင် မိစ္ဆာကောင် ဦးရေ များပြားလာခြင်းကလည်း သူတို့အဖို့ အကျဉ်းအကျပ်ကြုံတွေ့ရခြင်း ဖြစ်သည်။ သူ့ဓားချက်တိုင်း မိစ္ဆာကောင်တို့၏ အရေးကြီးသော နေရာများကို တိုက်ခိုက်နိုင်သည်သာ ဖြစ်သည်။

သို့သော် ....

မိစ္ဆာကောင်တို့မှာ သံချပ်အင်္ကျီဝတ်ထားသည့်အလား ဓား



မတိုး၊ လှံမတိုး ဖြစ်နေသည်။ ထို့ကြောင့် ယိထင်းဟောင်သည် လက်နက်ပုန်းမဲ့ သုံးစွဲရန် အသင့်ပြင်မိတော့သည်။

ယိထင်းဟောင်၏ လက်နက်ပုန်းမှာ လွန်စွာ သေးငယ်သော မြားကလေးများ ဖြစ်၏။

ယိထင်းဟောင်သည် ဓားတစ်ဘက်၊ လက်နက်ပုန်းတစ်ဘက် ပစ်ခတ် တိုက်ခိုက်တော့၏။

ယိထင်းဟောင်၏ လက်နက်ပုန်းပညာမှာ ယိဖျောင်းရှမ်းထက် များစွာ သာလွန်သည်။

လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် မြားကလေး လေးစင်းက ထွက်သည်။ ထိုမြားလေးစင်းမှာ မိစ္ဆာကောင်၏မျက်လုံး၊ အာခေါင်များဆီသို့ ပစ်ဝင်သွားခြင်းပင် ဖြစ်သည်။

မိစ္ဆာကောင်များက မြားများကို ပုတ်ထုတ်ပစ်သည်။

မိစ္ဆာကောင်တိုင်းက မြားများကို ပုတ်ထုတ်နိုင်သဖြင့် ယိထင်းဟောင် လန့်သွား၏။

သို့သော် သူက ကြာကြာ အံ့အားသင့်နေရန် အချိန်မရှိပါ။ မိစ္ဆာကောင်များ၏ တိုက်ခိုက်မှုမှာ တရစပ် ဖြစ်နေသဖြင့် ယိထင်းဟောင် လက်ပန်းကျလာသည်။ တိုက်ခိုက်မှု နှေးကွေးလာသည်။ ဓားချက်များ ပျော့လာသည်။ ထိရောက်မှု သိပ်မရှိတော့။ သူတိုက်ခိုက်မှု ပျော့လေလေ မိစ္ဆာကောင်များ၏ တိုက်ခိုက်မှုက ဖိလာလေလေပင်။

ယိထင်းဟောင် ဇောချွေးများ ပြန်လာလေပြီ။ ယခင်က သူတို့က မိစ္ဆာကောင်ကို ဖမ်းမည်ဟု စိတ်ကူးခဲ့သည်။ ယခု မိစ္ဆာကောင်များက သူ့ကို သတ်ဖြတ်ပေတော့မည်။

ယိထင်းဟောင် ဆုံးဖြတ်လိုက်သည်။ သူ မသေခင် မိစ္ဆာတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကောင်ကို သူနှင့်အတူ ခေါ်ယူသွားမည်။ ဤမျှ အရောင်အဝါမိမ်းကောင်းသူများသည် မည်သည့် နည်းနှင့်မျှ မိစ္ဆာကောင် မဖြစ်နိုင်၊ လူသာဖြစ်ရမည်။

သူသည် သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး အနီးရှိ မိစ္ဆာကောင်တစ်ကောင်ထံ ဓားရောလူပါ ခုန်ဝင်လိုက်၏။

"ရှိုး ...."

မိစ္ဆာကောင်ထံသို့ ယိထင်းဟောင် မရောက်မီမှာပင် အမှုန့်များ ဝိုးခနဲ ပျံ့လွင့်လာ၏။ မိစ္ဆာကောင်တစ်ကောင်က ပစ်လိုက်ခြင်း ဖြစ်သည်။

အဆိပ်မှုန့်သာ ဖြစ်ရမည်။

ယိထင်းဟောင် အံကြိတ်လိုက်၏။ မိစ္ဆာကောင်က အဆိပ်မှုန့်နှင့် ပစ်ရသတဲ့လား။ သူသည် သတိကို ထိန်းသည်။ အသက်မရှူမိအောင် ကြိုးစားသည်။ သို့သော် နံစော်သော အဆိပ်နံ့ကိုကား သူ ရှူခဲ့ပြီးပြီ၊ သူ့ဓားကွက် သုံးကွက်ပင် မထုတ်ရတော့။ ယိထင်းဟောင် လဲကျသွားသည်။

သူ ခေါင်းထဲ၌ ချာချာလည် မူးနောက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှေ့လျော့သွားလေတော့သည်။



အခန်း(၇)

## အနိဋ္ဌာရုံသဲလွန်စ

ယိဖျောင်းရှမ်းမှာ ပြေးလွှားလာနေသည်။ သူတို့အိမ်မှာ တံငါ...နှင့် အတန်ငယ်လှမ်းသဖြင့် သူသည် တံငါရွာကလေးဆီသို့ တရကြမ်း ပြေးလွှားပြီး အကူအညီ တောင်းရလေသည်။

"သူခိုး .... သူခိုး"

သူမ သူခိုးဟု အော်ရခြင်းမှာ အကြောင်းရှိသည်။

အကယ်၍ သူမကသာ မိစ္ဆာဟုအော်ပါက မည်သူမျှ ထွက်လာကြမည် မဟုတ်သည်ကို သူမက သိရှိထားသောကြောင့် ဖြစ်သည်။

ယိဖျောင်းရှမ်းသည် လူပင်ငယ်သော်လည်း၊ အတွေးအခေါ်ကတော့ ကောင်းသည်။

သူမ၏အော်သံကြောင့် မကြာမီ တံငါသည်များ ထွက်လာကြသည်။

မီးတုတ်များကိုင်ဆောင်ကာ သူမအနီးသို့ ပြေးလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံငါသည်များက ယိမ်ဖျောင်းရှမ်းကို မြင်သောအခါ အံ့အား သွားကြသည်။

ယိမ်ဖျောင်းရှမ်း၏ဆံပင်မှာ ဖရိုဖရဲ ဖြစ်နေ၏။ မျက်နှာမှာလည်း ဖြူဖပ်၊ ဖြူရော် ဖြစ်နေသည်။ ဤပုံစံမျိုးကို ယိမျိုးနွယ်တို့မျက်နှာ တစ်ခါမျှ သူတို့ မမြင်ဘူးကြပေ။

ဓားနှင့်လက်နက်မျိုးစုံကိုင်ထားသော တံငါသည်များသည် ယိမ်ဖျောင်းရှမ်းကို ဝိုင်းရံလိုက်သည်။

"လုံမလေး .... မင်းတို့အိမ်မှာ သူခိုးဝင်လိုလား"

"ဟုတ်တယ် .... အိမ်မှာ သူခိုးဝင်တယ်"

"ဒါဖြင့် လာ .... တို့ သူခိုးကို သွားဖမ်းမယ် .... "

"ခဏနေပါဦး .... ကျွန်မ ပြောပါရစေဦး .... "

ထိုစဉ် တံငါသည်တစ်ယောက်က ဝင်မေး၏။

"နေစမ်းပါဦး .... လုံမလေးကတော့ ပြေးလာတယ်၊ လုံမလေး ရဲ့ ဖခင်ကြီးကရော .... "

"ဖေဖေ အိမ်မှာ ကျန်နေခဲ့တယ် .... "

"ဟာ ...., ဒီလိုဆို ဘယ်ဖြစ်မလဲ .... သူခိုးသတ်လို့ သေတော့ မှာပေါ့ .... မြန်မြန်သွားကြစို့ .... "

တံငါသည်များသည် အလွန်ရိုးသူများ ဖြစ်သည်။ ယိမျိုးနွယ်များ သည် သူတို့ထက် အဆင့်အတန်းမြင့်သူများဖြစ်ကြောင်း သိထားကြ သည်။ ဓာတ်မြှုပ်နေသော မှူးကြီးမတ်ရာများဖြစ်ကြောင်းကိုကား မသိကြပေ။ ယိမ်ဖျောင်းရှမ်းက ခပ်တိုးတိုးပြောသည်။

"သူခိုး မဟုတ်ဘူး"

တံငါသည်များက အံ့အားသင့်သွားသည်။



"သူခိုးမဟုတ်ဘဲနဲ့ လုံမလေးက ဘာကြောင့် သူခိုးလို့အော်ရ တာလဲ .... "

ယိမ်ဖျောင်းရှမ်းက ရှင်းပြ၏။

"သူခိုးမဟုတ်ဘူး၊ မိစ္ဆာပါ၊ မိစ္ဆာလို့အော်ရင် ရှင်တို့လန့်သွားမှာ းလို့ပါ .... "

တံငါသည်များမှာ ယိမ်ဖျောင်းရှမ်း၏စကားကို ကြားသောအခါ ထိတ်လန့် ကြောက်ရွံ့သွားကြသည်။

သူတို့သည် သူခိုးကို မကြောက်။ မိစ္ဆာကိုသာ ကြောက်သည် ကကယ်တမ်းအားဖြင့်လည်း သူခိုးကို သူတို့မမြင်ဘူးကြချေ။ အလွန် ဆင်းရဲသော တံငါရွာကို မည်သည့်သူခိုးမျှ မလာဘူးသောကြောင့် ဖြစ် သည်။ ယခု ယိမ်ဖျောင်းရှမ်း အော်ဟစ်သောကြောင့်သာ ထွက်လာကြရ ခြင်း ဖြစ်လေသည်။

"မိစ္ဆာဆိုရင်တော့ ငါတို့ကြောက်တယ်"

တံငါသည်တစ်ယောက်က ပြော၏။

ယိမ်ဖျောင်းရှမ်းက ....

"မကြောက်ပါနဲ့၊ မိစ္ဆာဆိုတာ တစ်ခုခု လိမ်ညာထားတဲ့ကိစ္စပါ။ သူတို့ဟာ အင်မတန်တော်တဲ့ သိုင်းသမားတွေဖြစ်မှာပါ .... ဘာမှ မကြောက်ပါနဲ့ .... "

"ဟာ .... ဘယ်ဖြစ်မလဲ၊ သရဲ တစ္ဆေဆိုလည်း ကြောက်စရာပဲ၊ အင်မတန်တော်တဲ့ သိုင်းသမားဆိုလည်း ကြောက်စရာပဲ .... ဘယ်ဟာ တို့အတွက် မကောင်းဘူး .... "

"ကျွန်မတို့က ရှင်တို့ရွာမှာ လာမှီခိုနေရတဲ့ဉစ္စာ၊ ရှင်တို့က ဒီလိုပဲ မျက်နှာလွှဲ ခပ်ပစ် လုပ်တော့မလို့လား .... "

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားသော တံငါသည်များမှာ မျက်နှာနီသွားကြသည်။ ရှောင်သွားကြသည်။

ထိုအခါ တံငါသည် ခေါင်းဆောင်ပိုင်း လူကြီးတစ်ဦးက မီးတုတ်ကို မြှောက်လိုက်ပြီး ....

"ငါတို့လူအုပ်စုကြီး များပါတယ်၊ ဒီအုပ်ကြီးကို ဘယ်သိုင်းသမားနဲ့ ဘယ်သရဲတစ္ဆေမှ မခံနိုင်ပါဘူး၊ သရဲတစ္ဆေဆိုလည်း မီးနဲ့ရှို့မယ်၊ သိုင်းသမားဆိုရင်လည်း မှိန်းနဲ့ ထိုးမယ်၊ လုံမလေးတို့ကို ကာကွယ်ပေးမယ်၊ ကာကွယ်ပေးကြမယ် မဟုတ်လား ...."

ထိုလူကြီး၏အော်သံကြောင့် လူအုပ်စုကြီးက ညာသံပေးလိုက်၏။

"ဟုတ်တယ် .... ဟုတ်တယ် .... ကာကွယ်ပေးရမယ်"

တံငါသည် တစ်ယောက်က ....

"လုံမလေး အခု မိစ္ဆာကောင်ဆိုတာ လူက အယောင်ဆောင်ထားတဲ့ မိစ္ဆာကောင် ဟုတ်လား ...."

"ဟုတ်ပါတယ် ...."

"အံ့သြစရာပဲ ...."

"ကဲ .... သွားကြရအောင် .... ကျွန်မဖေဖေက မိစ္ဆာကောင်တွေနဲ့ တိုက်ခိုက်နေတယ်၊ ကျွန်မတို့ အချိန်ဖြုန်းနေတာ အတော်ကြာသွားပြီ"

"ဒါဖြင့် သွားကြစို့လေ"

ယိဖျောင်းရှမ်းက ရှေ့မှ ဦးဆောင်သွားလေတော့သည်။

တံငါသည်များမှာ ယိဖျောင်းရှမ်း၏စကားကြောင့် အနည်းငယ်အကြောက်ပြေသွား၏။



အားလုံးသည် ဆူညံစွာ အော်ဟစ်ရင်း ယိဖျောင်းရှမ်း၏အိမ်ဆီသို့ ပြေးလာကြ၏။

ယိဖျောင်းရှမ်းတို့ အိမ်ရောက်သောအခါ ဘာမှ မတွေ့ရတော့။ တိုက်ပွဲလည်း မရှိတော့။ အိမ်ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

ယိဖျောင်းရှမ်းသည် ထို တိတ်ဆိတ်ငြိမ်သက်မှုကို မကြိုက်ပေ။ စိုးရိမ်ပူပန်သွားသည်။

တံငါသည်များ၏ မီးတုတ်များကြောင့် အိမ်ပတ်ဝန်းကျင်၌ ထိန်ထိန်ညီးနေပေပြီ။

ယိဖျောင်းရှမ်းက ဦးဆောင်ပြီး အိမ်ထဲဝင်သွား၏။ မီးရောင်ကြောင့် အိမ်ရှေ့ခန်းကို ထင်ရှားစွာ မြင်တွေ့နေရလေ၏။

တံခါးဝနှင့် မလှမ်းမကမ်း၌ အိမ်ဖော်အဘိုးအို ဟူမှာ လဲကျနေ၏။

ဟူကို မြင်သည်နှင့် အသက်မရှိတော့ကြောင်း အားလုံးပင် သိရှိလိုက်ကြသည်။

ဟူမှာ ဗိုက်ပွင့်ပြီး သေဆုံးနေခြင်းသာ ဖြစ်သည်။

စားပွဲကုလားထိုင်များကား ဖရိုဖရဲဖြစ်နေသည်။ တစ်ခန်းလုံး ရှုပ်ပွနေသည်။

သက်ရှိလူကား တစ်ဦးတစ်ယောက်မျှ မတွေ့ရတော့။

မိစ္ဆာကောင်တို့၏ အရိပ်အယောင်ကိုလည်း မတွေ့ရတော့ချေ။

ထို့အတူ သူမ၏ ဖခင်ကိုလည်း မတွေ့ရချေ။

ယိဖျောင်းရှမ်းသည် ဖခင်ကိုအမောတကောရှာသည်။ အတွင်းခန်းထဲသို့ ပြေးဝင်ကြည့်သည်။ အတွင်းခန်း၌လည်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်း၌ အိမ်ဖော်မကြီး၏အလောင်းမှလွဲ၍ မည်သူ့မျှ မတွေ့ရချေ။

ဖခင်ကြီး ယိထင်းဟောင် မည်သည့်နေရာသို့ ရောက်သွားလေပြီနည်း။

ယိဖျောင်းရှမ်းမှာ ရင်ထဲ၌ လှိုက်တက်လာသည်။

အိမ်နံရံများ၌ သွေးများ စွန်းထင်းနေပြီး လက်သည်းရာများလည်း တွေ့မြင်ရသည်။

"ဖေဖေ .... ဖေဖေ ဘယ်မှာလဲ"

ယိဖျောင်းရှမ်း ထိုမျှသာ အော်နိုင်သည်။ ထို့နောက် မေ့မြောသွားလေတော့သည်။

တံငါသည်များသည် ယိထင်းဟောင်တို့ မိသားစု၏ ကံကြမ္မာကို တွေ့လိုက်ရသောအခါ ကြက်သီးများ ဖြန်းဖြန်းထသွားကြတော့သည်။

သူတို့သည် မေ့မြောနေသော ယိဖျောင်းရှမ်းအား ဝိုင်းဝန်း၍ ပြုစုကြ၏။

တံငါသည်များ၏ပြုစုမှုကြောင့် ယိဖျောင်းရှမ်း ပြန်လည်သတိရလာသည်။

"ဖေဖေ .... ဖေဖေကော"

ယိဖျောင်းရှမ်း ဒါပဲ မေးသည်။

"လုံမလေး .... ဖေဖေက လုံမလေးနဲ့အတူတူရှိတာ မဟုတ်လား ...."

တံငါသည်တစ်ဦးက ပြန်မေးသည်။

"ဟုတ်တယ် .... ဖေဖေက မိစ္ဆာကောင်တွေနဲ့ တိုက်ခိုက်ပြီး ကျန်ခဲ့တာ ...."



"အခု မိစ္ဆာကောင်လည်း တစ်ကောင်မှမတွေ့ဘူး"

အခြားတံငါသည်တစ်ဦးက မယုံသလို မေးပြန်လေသည်။

"ဟိုမှာ ဗိုက်ပွင့်သေနေတာ မမြင်ဘူးလား .... မိစ္ဆာကောင်တွေ လာတယ်ဆိုတာ မင်းက ဘာဖြစ်လို့ မယုံသလိုမေးနေရတာလဲ"

ပထမ တံငါသည်က ဒုတိယ တံငါသည်ကို ငေါက်လိုက်သည်။

ဒုတိယ တံငါသည် ငြိမ်သွား၏။

ယိဖျောင်းရှမ်း ဝမ်းနည်းမဆုံးပါ။ ငို၍မဆုံးပါ။ မျက်ရည်များသာ တွေတွေ ကျဆင်းနေသည်။

သူမသာ ပြေးမထွက်ဘဲ အသေအကြေခုခံပါက သူမအဖေသည် ဤသို့ ပျောက်ခြင်းမလှ ပျောက်ကောင်းမှ ပျောက်ပါလိမ့်မည်။

"ငါ .... ငါ .... သတ္တိကြောင်လို့"

သူမသည် တစ်မှိုင်မှိုင်တွေးပြီး တစ်စိမ့်စိမ့် ဝမ်းနည်းနေ၏။

တံငါသည်များမှာ ယိဖျောင်းရှမ်းအတွက် စိတ်မကောင်းဖြစ်ကြသည်။ သူတို့နှင့် ယိဖျောင်းရှမ်းတို့မိသားစုမှာ သိပ်ပြီး ရင်းရင်းနှီးနှီးမရှိပါ။ သို့သော် ယိဖျောင်းရှမ်းတို့ ဆွေကြီးမျိုးကြီး ဖြစ်သည်ကို သိကြပါသည်။

ထို့ကြောင့် လေးစားကြပါသည်။

ယိဖျောင်းရှမ်းအား သူတို့က အားပေးစကား ပြောကြလေသည်။ တချို့တံငါသည်များက အိမ်ဖော်နှစ်ယောက်၏အလောင်းကို သင်္ဂြိုဟ်ရန် စီစဉ်ကြသည်။

အချိန်သည် ကုန်မှန်းမသိ ကုန်ရင်း မိုးလင်းလာသည်။

အလင်းရောင်ရလာသဖြင့် တံငါသည်များ ရဲရဲရင့်ရင့် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက်၌ မိစ္ဆာများ လာလေ့ရှိသဖြင့် တံငါသည်များအနေ ညကို ကြောက်ပါသည်။

နေရောင်ခြည်ကလေးက နွေးထွေးစွာ ဖြာကျလာ၏။

အားလုံး အားတက်လာသည်။ အိမ်ကို ရှင်းလင်းပေးသည်

အလောင်းများတို့ သင်္ဂြိုဟ်သူက သင်္ဂြိုဟ်ပေးသည်။

ယိဖျောင်းရှမ်းက တံငါသည်များကို ပြောသည်။

"ဦးတို့ ကျွန်မကို တစ်ခု ကူညီပါလား"

တံငါသည်များက ....

"ပြောပါ မိန်းကလေး .... တို့ ဘာကူညီပေးရမလဲ"

ယိဖျောင်းရှမ်းက ....

"ကျွန်မ ဖေဖေ မသေသေးဘူးထင်တယ် .... ဒါကြောင့် ကျွ ဖေဖေကို ဝိုင်းပြီး ရှာပေးကြပါလား .... "

တံငါသည်များက ခေါင်းညိတ်လိုက်သည်။

အလင်းရောင်အောက်၌ ရှာရမည့်ကိစ္စကို မည်သည့်တံငါသ မှ လက်မတွန့်ကြပါ။ ရှာပေးကြပါမည်။ ကူညီကြပါမည်။

တံငါသည်များက ရွာပတ်ဝန်းကျင်အနှံ့ ယိထင်းဟောင်အ လိုက်လံရှာဖွေကြ၏။ ပင်လယ်ကျောက်ဆောင်အနှံ့ ရှာဖွေကြသည်

ထိုသို့ရှာဖွေရင်း ကျောက်ဆောင်တစ်ခု၌ ယိထင်းဟော ခေါင်းစည်းပဝါကို တွေ့လိုက်ကြရသည်။

ထို့ပြင် ပဝါမှာ သွေးများစွန်းထင်းနေသည့်ကိုလည်း တွေ့ သည်။

ပဝါတွေ့ရသော ကျောက်ဆောင်အနီး၌ သွေးကွက်တစ် ကိုလည်း တွေ့လိုက်ရသည်။



တံငါသည်များက ထိုနေရာဂစ်ဝိုက်ကို မိုက်စိတ်တိုက်ရှာဖွေကြသော်လည်း ယိထင်းဟောင်အား မတွေ့ရပါ။

နောက်ဆုံး တံငါသည်များက လက်လျှော့၍ပြန်လာကြလေသည်။

နံနက်မှ ရှာကြရာ မွန်းတည့်ချိန်၌ ဤသို့ သဲလွန်စ တွေ့ရသဖြင့် တော်သေးသည်ဟု ဆိုရမည်။

ထိုသို့ရှာဖွေရာတွင် ယိဖျောင်းရှမ်း မပါဝင်ပေ။

မွန်းတည့်ချိန်၌ တံငါသည်များ ပြန်လာသည်ကို တွေ့မြင်ရသောအခါ ယိဖျောင်းရှမ်း လွန်စွာ စိတ်လှုပ်ရှားသွားသည်။

သို့သော် သူမ၏ဖခင်ကို သူ မတွေ့ရသောကြောင့် စိတ်ထိခိုက်သွား၏။

ယိဖျောင်းရှမ်းက ....

"ဖေဖေ့ကို မတွေ့ခဲ့ကြဘူး မဟုတ်လား"

တံငါသည်များမှာ ယိထင်းဟောင် သေဆုံးသွားပြီဟု သဲလွန်စများအရ သိရှိထားကြသဖြင့် မည်သည့်စကားမျှ မဆိုဖြစ်ဘဲ ရှိနေပါသည်။

သို့သော် မလိမ်ညာတတ်သော ရိုးသားသည့် တံငါသည်များဖြစ်ခြင်းကြောင့် သူတို့တွေ့ခဲ့ရသည့် ယိထင်းဟောင်၏ ပဝါကို လှမ်းပေးမိကြသည်။

ယိဖျောင်းရှမ်း လှမ်းယူသည်။ သူမ ဖခင်၏ ခေါင်းစည်းပဝါအစစ်ပင်။ ပဝါတွေ့ပြီး လူမတွေ့ရသည်က စိတ်မအေးစရာ

ပဝါ၌သွေးများ စွန်းထင်းနေခြင်းက သူမကိုပို၍ ပူပန်စေသည်။

ယိဖျောင်းရှမ်းက တုန်ယင်သောလေသံဖြင့် မေးလိုက်၏။

www.burmeseclassic.com



"ဒီပဝါကို ဘယ်က တွေ့လာတာလဲရှင်"

တံငါသည်တစ်ယောက်က စိတ်မကောင်းသောလေသံဖြင့်

"ပင်လယ်ကမ်းစပ် ကျောက်ဆောင်တစ်ခုပေါ်ကပါ"

"ဖေဖေ့ကိုကော တွေ့ကြသေးသလား"

"မိန်ကလေးရဲ့ဖခင်ကိုတော့ မတွေ့ပါဘူး .... ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲရှင်၊ ပြောပါ .... ပြောပါ၊ ကျွန်မ စိတ်နိုင်ပါတယ် .... " စိတ်နိုင်ပါတယ်ဟု ပြောသောအသံက ငိုသံပါနေသည်။ တံငါသည်ကြီး စိတ်မကောင်းပါ။

"မပြောလို့ မဖြစ်တော့လည်း ပြောရဦးမှာပဲ၊ ကျောက်ဆောင်နားမှာ သွေးကွက်တော့ တွေ့တယ်၊ ဒီတော့ မိန်းကလေးရဲ့ဖခင်ဟာ သေဆုံးသွားပြီလို့ ယူဆလို့တော့ ရတယ်ကွယ် .... "

ယိဖျောင်းရှမ်း မျက်ရည်ဖြိုင်ဖြိုင် ကျရှာပြန်၏။

တံငါသည်က သက်ပြင်းချရင်း ....

"သေတဲ့လူက သေသွားပြီပဲကွယ်.... စိတ်ကိုဖြေပါ မိန်းကလေးကို ကျုပ်တို့ရွာသားတွေ စောင့်ရှောက်မှာပေါ့ကွယ်၊ ဘာမှ အားမငယ်ပါနဲ့ ...."

ယိဖျောင်းရှမ်းမှာ အခန်းထဲ ပြေးဝင်ကာ ငိုကြွေးနေမိလေတော့သည်။



အခန်း(၈)

## ရေးလမ်းဝယ်

ယိဖျောင်းရှမ်းသည် သူမ၏အိမ်တွင်ပင် နေသည်။ ရွာထဲမှ တံငါသည်ကြီးများက နှစ်ယောက်ပေါင်း သုံးယောက်ပေါင်းလာရောက် စောင့်ရှောက်ပေးကြသည်။ အလှည့်ကျ လာရောက်စောင့်ရှောက်ပေးကြခြင်း ဖြစ်သည်။

ယိဖျောင်းရှမ်းမှာ အိမ်ထဲမှအိမ်ပြင် မထွက်ချေ။ ဤရွာ၌ အဖေ တစ်ခု သမီးတစ်ခု နေခဲ့ကြရသဖြင့် ဖခင်ကို ပို၍သံယောဇဉ်ကြီးသည်။

တံငါသည်များသည် ဆင်းရဲသော်လည်း ကရုဏာတရား၊ အကြင်နာတရား ကြီးမားကြသည်။ ယိဖျောင်းရှမ်းအတွက် လိုအပ်သည့် စားစရာ သောက်စရာများကို တတ်နိုင်သမျှ ပို့ပေးကြသည်။

ယိဖျောင်းရှမ်းတို့၏ မျိုးနွယ်ကြီးမြင့်မှုကို လေးစားကြသဖြင့် အကောင်းဆုံး အစားအစာများကိုသာ ပေးပို့ကြသည်။

ယိဖျောင်းရှမ်းသည် တံငါသည်များ၏ စေတနာကိုလည်း ကောင်း၊ အခြေအနေမှန်ကိုလည်းကောင်း၊ သိမြင်လာသည့်အခါ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ပေးပို့သည့် စားစရာ သောက်စရာများကိုစား၍ မျိုးမကျန်နိုင်လောက်အောင် ဖြစ်လာသည်။

တံငါသည်များအား ဆက်လက်ဒုက္ခပေးနေရန် မသင့်မှန်း စဉ်းစားမိသည်။

ဤဖိုယွင်ဖု တံငါရွာကလေးမှ ထွက်ခွာသွားခြင်းအားဖြင့် တံငါသည်များ ဝန်ထုပ်ဝန်ပိုး ပိနေသည့် ကိစ္စကို ရှင်းသွားမည်ဟု သူမ ယုံကြည်သည်။

ယိဖျောင်းရှမ်း မည်သည့်နေရာသို့ သွားမည်နည်း။

သူမတို့၏ တစ်ဦးတည်းသော ဆွေမျိုးတစ်ယောက်ကို သွား၍ သတိရလာသည်။

ထိုဆွေမျိုးမှာ သူမမိခင်၏ မောင်ဖြစ်သည်။ သူမ၏ဦးလေးပင် ဖြစ်၏။

သူ၏နာမည်မှာ "ယန်ချင်ထန်"ဖြစ်သည်။

သူမ၏ဖခင်မှာ ဤကျက်ကျန်းပြည်နယ်သို့ ရောက်လာပြီးနောက်မှ ယန်ချင်ထန်၏အစ်မနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ သူမအဖို့ အနီးစပ်ဆုံးဆွေမျိုးဟူ၍ ယန်ချင်ထန်တစ်ယောက်သာရှိသည်။

ယန်ချင်ထန်မှာ နင်ပိုမြို့၌ နေထိုင်သည်။

ယန်ချင်ထန်မှာ .... ယခင်က သိုင်းသမားတစ်ယောက် ဖြစ်ခဲ့သည်။

သူတို့၏ မိသားစုမှာ ရှေးလုံတံဖြင့် သိုင်းလောကတွင် ထင်ရှားသူ ဖြစ်၏။

သို့သော် တစ်စထက်တစ်စ သိုင်းသမား မိသားစုဘဝမှ စားသောက်သို့ ကူးပြောင်းလာသဖြင့် သိုင်းလောကမှ တိမ်မြုပ်ခဲ့သည်။



သူမ၏ဦးလေးသည် နင်ပိုမြို့၌ အထည်ဆိုင်ဖွင့်လှစ်ရောင်းချနေထိုင်သဖြင့် စားနိုင်သောက်နိုင် ရှိသည်။

ဤတံငါရွာကလေး၌ ဓာတ်မမြှုပ်ခင်က ထိုနင်ပိုမြို့၌ နေထိုင်ရန် စဉ်းစားခဲ့ကြသေးသည်။ မြို့ဆိုသည်မှာ ဓာတိကို ဖုံးကွယ်ရန် ခက်ခဲလှသည်ဟုဆိုကာ သူမ၏ဖခင်က ဤဖိုယွင်ဖု ရွာကလေး၌ ဓာတ်မြှုပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်တော့သည်။

ယိဖျောင်းရှမ်းက တံငါသည်များကိုခေါ်ပြီး သူမ၏စိတ်ဆန္ဒကို ရှင်းလင်းပြသည်။

ယိဖျောင်းရှမ်းက ....

"ဘဘတို့ ဦးလေးတို့ရဲ့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး၊ ဒါပေမယ့် ကျွန်မ ဒီမှာ ဆက်မနေပါရစေနဲ့တော့ ...."

တံငါသည်ကြီးတစ်ယောက်က ....

"ဒီမှာမနေရင် မိန်းကလေးက ဘယ်မှာနေမှာလဲ"

"ကျွန်မ နင်ပိုမြို့ကိုသွားချင်ပါတယ်၊ နင်ပိုမှာ နေပါမယ်"

"နင်ပို ဟုတ်လား ...."

အခြားတံငါသည်တစ်ယောက်က တအံ့တသြ ပြန်မေးသည်။

"ဟုတ်ပါတယ် ...."

"ဟိုမှာ ဘယ်သူရှိလို့လဲ"

"နင်ပိုမြို့မှာ ကျွန်မဦးလေးတစ်ယောက်ရှိပါတယ်၊ သူတို့က လူကုံထံတွေမဟုတ်ပေမယ့် လူဆင်းရဲတွေတော့ မဟုတ်ပါဘူး၊ ကျွန်မကို ကောင်းကောင်း လက်ခံနိုင်မယ့်သူတွေပါ ...."

တံငါသည်များက ....

"အင်း .... မိန်းကလေးသွားချင်ရင်လည်း သွားပေါ့ .... တို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ မိန်းကလေးအတွက် ဘာမှ အပန်းမကြီးပါဘူး .... ဒါပေမယ့်လည်း ဟိုမှာ ဆွေမျိုးရှိတယ်ဆိုတော့ သွားပေါ့လေ”

သူတို့က ရိုးရိုးစင်းစင်းပင် ပြောကြသည်။

ယိဖျောင်းရှမ်းက ....

“ဟုတ်ကဲ့ .... ဒါပေမယ့် ဦးလေးတို့ကူညီမှ ကျွန်မသွားနိုင်မှာပါ ....”

“တို့က ဘာကို ကူညီရမှာလဲ မိန်းကလေး”

“တခြားတော့မဟုတ်ပါဘူး၊ ကျွန်မက မိန်းကလေးဆိုတော့ တစ်ယောက်တည်း ခရီးထွက်ဖို့ မသင့်တော်ပါဘူး .... ပြီးတော့ ကျွန်မက တစ်ခါမှလည်း ခရီးမထွက်ဖူးပါဘူး၊ ဒါကြောင့် နင်ပိုမြို့ရောက်အောင် ဦးလေးတို့ ကူညီပို့ပေးကြပါလို့ တောင်းပန်ပါတယ်”

ဧည့်သည်များက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည် .... ယိဖျောင်းရှမ်းအတွက် သူတို့ ဘာမဆို ကူညီရန် အသင့်ရှိနေပုံရသည်။

ထို့နောက် ယိဖျောင်းရှမ်းအား နင်ပိုမြို့သို့ လိုက်ပို့ရန်အတွက် လူရွေးကြ၏။

နောက်ဆုံး ယိဖျောင်းရှမ်းအား လိုက်ပို့ပေးရန် ယူဆန်ဖုန်ကို တာဝန်ပေးလိုက်ကြသည်။

ယူဆန်ဖုန်က ....

“တို့တတွေ နင်ပိုကိုသွားမယ်ဆိုရင် ကုန်းလမ်းကမသွားဘဲ ရေလမ်းကပဲ သွားကြမယ် ....”

ယိဖျောင်းရှမ်းက ....

“ဦးလေးတို့ သဘောပါပဲ ....”

ယူဆန်ဖုန်က ....



ဒီလိုဆိုရင် ငါတို့ လှေကိုအသင့်ပြင်လိုက်မယ်၊ နောက်နေ့ကျတော့ သွားကြတာပေါ့ ....”

ယူဆန်ဖုန်သည် သားဖြစ်သူ ယူကျင်းဖိုက်နှင့်အတူ ယိဖျောင်းရှမ်းကို လိုက်ပို့ရန် အားလုံးစီစဉ်သည်။ ခရီးစဉ်မှာ သိပ်ခက်ခဲလှခြင်းမရှိ၍ ယူဆန်ဖုန်တို့အနေဖြင့် လွယ်လွယ်ကူကူပင် ယိဖျောင်းရှမ်းအား လာခေါ်သည်။

သတ်မှတ်ထားသည့်ရက် နံနက်စောစောပင် ခရီးထွက်ကြသည်။

ယိဖျောင်းရှမ်း ဝမ်းနည်း ကြေကွဲနေသည်။ သူမ ဖခင်မပါဘဲ ခရီးထွက်ခြင်းမှာ ဤအကြိမ် ပထမအကြိမ်ပင် ဖြစ်တော့သည်။

ပင်လယ်ပြင်သည် အလွန်ပင် ကျယ်ပြန့်လှသည်။ ကမ်းဟူ၍ မမြင်ရပါချေ။ မိုးကောင်းကင်နှင့် ပင်လယ်ပြင်မှာ ဆက်စပ်ထိတွေ့နေသည်ဟူပင် ခံစားရလေသည်။

သူတို့၏ရွက်လှေမှာလည်း အံ့ပြောကျယ်သည့် ပင်လယ်ပြင်ထဲ ငှက်တောင်လေးတစ်ခုမျှသာ ရှိသည်ဟုလည်း ခံစားရသည်။

သူမက ပင်လယ်ပြင်ကို ငေးမောကြည့်နေမိသည်။

ထိုအခိုက် ယူကျင်းဖိုက်၏အသံက ထွက်ပေါ်လာသည်။

“ဟာ .... ဟိုမှာ”

ယူကျင်းဖိုက်၏အသံကြောင့် ယိဖျောင်းရှမ်းမှာ သတိဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ယုကျင်းဖိုက် ကြည့်ရာဘက်သို့ လှမ်းကြည့်မိသည်။

ပင်လယ်ပြင် တစ်နေရာ၌ အမည်းရောင် လှေကလေးတစ်စင်းကို တွေ့လိုက်ရလေသည်။

ယိဖျောင်းရှမ်းတို့ တံငါရွာကလေး၌ အတော်ကြာကြာနေခဲ့ပြီဖြစ်၍ တံငါလှေမျိုးစုံကို တွေ့ခဲ့ဖူးသည်။ သို့သော် ဤလိုအမည်းရောင် လှေမျိုးတော့ မတွေ့ဘူးချေ။ လှေတည်ဆောက်ပုံမှာ ထူးဆန်း၏။ လှေဦးမှာ ချွန်၏။ တံငါလှေများက ဦးသိပ်မချွန်ချေ။

လှေသည် ငါးတစ်ကောင်နှင့် တူနေသည်။ ထို့ပြင် လှေကလေး၌ ရွက်တိုက်လည်း မပါချေ။ လှေဘောင်မှာ ရေပြင်နှင့် လျှပ်တိုက်နေ၏။ လှေကလေးပေါ်၌ လူရိပ်များတွေ့ရသော်လည်း ဝေးကွာလှသဖြင့် မသဲကွဲချေ။

နေရောင်အောက်တွင် လှေမည်းကလေးမှာ တောက်ပြောင်နေသည်။ အံ့ဩစရာအချက်မှာ ထိုလှေမည်းကလေးသည် အလွန်လျင်မြန်နေခြင်း ဖြစ်သည်။ လှိုင်းများကြားဝယ် မြားတစ်စင်းပြေးသလို ပြေးနေသည်။

မကြာမီပင် မျက်စိအောက်မှ ထိုလှေမည်းကလေး ပျောက်ကွယ်သွားလေတော့သည်။

ယိဖျောင်းရှမ်းမှာ ထိုထူးဆန်းသော လှေမည်းကလေးအား ကြည့်ရင်း အံ့အားသင့်နေမိလေသည်။ ငေးမောနေမိသည်။ သူမသည် ထိုလှေမည်းကလေးအကြောင်း မေးရန် ယုဆန်ဖုန်ဘက်သို့ ပြန်ကြည့်လိုက်၏။ ယိဖျောင်းရှမ်း အံ့အားသင့်သွား၏။

ယုဆန်ဖုန်၏မျက်နှာမှာ မကောင်းဆိုးဝါးတစ်ကောင်ကို မြင်တွေ့လိုက်ရသလို ဖြူဖပ်ဖြူရော် ဖြစ်နေသောကြောင့်ပင်။



ယုဆန်ဖုန်၏မျက်နှာထားက ယိဖျောင်းရှမ်း၏ သိချင်စိတ်ကို ပျက်ပြယ်မသွားစေပေ။ သူမ၏မေးချင် မြန်းချင်စိတ်ကို ထိုမျက်နှာထားက ပို၍ လှုံ့ဆော်ပေးနေသလို ဖြစ်နေသည်။

ထိုလှေကလေးအား မြင်သည်နှင့် အဘယ်ကြောင့် ထိတ်လန့်တုန်လှုပ်ရပါသနည်း။

သူမသည် ယုဆန်ဖုန်အား တိုက်ရိုက်မမေးဘဲ ယုကျင်းဖိုက်အား မေးမြန်းလိုက်သည်။

"အစ်ကို တောတော က လှေကလေးဟာ ဘာလှေလဲ"

ယုကျင်းဖိုက်က သက်ပြင်းချလိုက်သည်။ သူသက်ပြင်းချသံက ထိုအကြောင်းပြောရန် ဝန်လေးနေပုံကို သရုပ်ဖော်နေသည်။

ထို့နောက် ပြောရန် ဟန်ပြင်လိုက်၏။

ထိုအခိုက် ဖခင်ဖြစ်သူ ယုဆန်ဖုန်က ရှတ်တရက်ဝင်ပြောလာလေ၏။

"ယုကျင်းဖိုက် .... မင်း တောပြော၊ တောင်ပြော လျှောက်ပြောမနေနဲ့နော် .... မိန်းကလေး အေးအေးချမ်းချမ်းနေပါစေကွယ်"

ဖခင်ဖြစ်သူ၏ ဟန့်တားမှုကြောင့် ယုကျင်းဖိုက်၏ ဟနေသော ပါးစပ်မှာ ပြန်ပိတ်သွားလေတော့သည်။

ယိဖျောင်းရှမ်း မကျေနပ်နိုင်ပါ။ ယုဆန်ဖုန်အား မေးရန် ဟန်ပြင်လိုက်မိသည်။

သူမ မမေးမီမှာပင် ယုဆန်ဖုန်က ....

"ဒီမှာ မိန်းကလေး .... ငါတို့ဟာ ရေပေါ်မှာ ထမင်းစားနေရတဲ့သူပါ .... ငါတို့မှာ ပညတ်ချက်တွေ အများကြီးရှိပါတယ် .... ထူးဆန်းတဲ့ အကြောင်းအရာတွေကို ပင်လယ်ပြင်ထဲမှာ မပြောရပါဘူး ....

www.burmeseclassic.com



ဒါကြောင့် ငါတို့စေတနာကို နားလည်ရင် ဒီလှေအကြောင်း ထပ်မမေး ပါနဲ့တော့နော် ....”

ယိဖျောင်းရှမ်း ပါးစပ်ပိတ်သွားတော့သည်။ သူမ မမေးနိုင်တော့ပါ။

ထိုလှေမည်းကလေးသည် ထူးဆန်းသောအရာတစ်ခုခုဟု နားလည်လိုက်ရတော့သည်။

တစ်နေ့တော့ ဤလှေအကြောင်းသိရန် စုံစမ်းမည်ဟု စိတ်ထဲ၌ တေးထားလိုက်မိသည်။ ယူဆန်ဖုန်တို့သားအဖက ရေပိတ်စကား ပြောထားပြီးဖြစ်၍ သူမ မည်သို့မေးမေး မရနိုင်တော့မှန်း ရိပ်မိသည်။

ရှိစေတော့ ....

နောက်တစ်နေ့နံနက် ....

ယိဖျောင်းရှမ်းတို့လှေကလေးမှာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်၌ နင်ပိုမြို့ဆိပ်ကမ်းသို့ ရောက်ရှိသွားလေတော့သတည်း။



အခန်း(၉)

## အားကိုးရာမဲ့ရှာသူကလေး

ယိဖျောင်းရှမ်းက ယူဆန်ဖုန်တို့သားအဖကို မျက်ရည်ဝဲသော မျက်လုံးများဖြင့် ကြည့်နေမိသည်။ ဤရိုးသားလှသော တံငါသည် သားအဖနှင့်တကွ တံငါသည်များအားလုံးသည် သူမ၏ကျေးဇူးရှင်ဖြစ် သည် မဟုတ်ပါလား။ သူမဖခင် မရှိတော့သည့်နောက်ပိုင်း သူ့ကို ပြုစုစောင့်ရှောက်ခဲ့ရုံမျှမက နင်ပိုမြို့သို့ရောက်ရန်ပင် အားလုံးကတာဝန် ယူခဲ့ကြသည် မဟုတ်ပါလား။

ယိဖျောင်းရှမ်းက လက်ဖမိုးနှစ်ဖက်ယှက်ကာ ဂါရဝပြုလိုက် သည်။

“ဦးလေးတို့ အစ်ကိုတို့ကျေးဇူးကို ကျွန်မ တစ်သက်လုံးမမေ့ပါ ဘူး ....”

တံငါသည်အဘိုးအို ယူဆန်ဖုန်သည် ယိဖျောင်းရှမ်း၏စေတနာ သဒ္ဓါကို မျှဝေခံစားနိုင်စွမ်းရှိပေသည်။ သူလည်း မျက်ရည်များဝဲနေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး မိန်းကလေးရယ်၊ ဒါဟာ တို့တာဝန်ပဲ၊ မိန်းကလေးက တို့ရွာမှာ လာရောက်မှီခိုနေတာ မဟုတ်လား"

ယူဆန့်ဖုန်က သားဖြစ်သူအား လှေကိုစောင့်ရန် တာဝန်ပေး၍ ယိဖျောင်းရှမ်းကိုခေါ်ကာ ကမ်းပေါ် တက်ခဲ့၏။ ကမ်းပေါ်၌ မြင်းလှည်းများ အသင့်ရှိနေသည်။

ယူဆန့်ဖုန်က မြင်းလှည်းတစ်စီးကို လှမ်းခေါ်၏။

မြင်းလှည်းရောက်လာသောအခါ ယူဆန့်ဖုန်ကမေးသည်။

"ဒီမြို့မှာ ယန်ချင်ထန်ဆိုတာ ရှိသလား"

မြင်းလှည်းသမားက ရယ်၏။

"ဒီမြို့မှာ ယန်ချင်ထန်ကို မသိတဲ့လူ မရှိဘူး၊ သူ့မှာ အထည်ဆိုင်တွေ ရှိတယ်မဟုတ်လား"

ယူဆန့်ဖုန် ကျေနပ်သွား၏။

"ကဲ .... မိန်းကလေး လှည်းပေါ်တက်ပေတော့၊ မြင်းလှည်းဆရာ ဒီမိန်းကလေးကို ယန်ချင်ထန်ဂေဟာကို ရောက်အောင်ပို့ပေးလိုက်ပါ .... "

ယိဖျောင်းရှမ်းသည် မြင်းလှည်းပေါ်မတက်မီ ယူဆန့်ဖုန်အား ဒုတိယအကြိမ် ဂါရဝပြုပြန်၏။ ယူဆန့်ဖုန်ကလည်း ပြန်လည် ဂါရဝပြုပြီး ....

"သွားပေတော့ မိန်းကလေး"

မကြာမီ ....

လှည်းမှာ စတင်ထွက်ခွာလာခဲ့လေသည်။

နင်ပိုမြို့ထဲနှင့် နင်ပိုမြို့ဆိပ်ကမ်းမှာ အလှမ်းအနည်းငယ် ဝေးလေသည်။



ယိဖျောင်းရှမ်းမှာ စိတ်လှုပ်ရှားစွာနှင့်ပင် လှည်းပေါ်ပါလာသည်။

သူမ၏ဘဝသစ် စတင်ရတော့မည်။

အဖမဲ့သမီးအဖြစ်ကား ဝမ်းနည်းဘွယ် ကောင်းလှချေတကား။

တငြိမ့်ငြိမ့် လှုပ်ရှားနေသည့် လှည်းနံရံကိုမှီပြီး ယိဖျောင်းရှမ်း အိပ်ပျော်သွားရှာလေ၏။

လှည်း တုံ့ခနဲ ရပ်သွားသဖြင့် ယိဖျောင်းရှမ်း အိပ်ရာမှ လန့်နိုးလာသည်။

လှည်းသမားက ယိဖျောင်းရှမ်းအား ကရုဏာသက်စွာကြည့်ရင်း ....

"မိန်းကလေးက ခရီးပန်းလာတယ် ထင်တယ်၊ အခု 'ယန်' ဂေဟာကို ရောက်ပြီကွယ့်"

ယိဖျောင်းရှမ်းက မျက်လုံးများကို ပွတ်သပ်ရင်း ....

"ရောက်ပြီ ဟုတ်လား"

"အေး .... ရောက်ပြီ"

လှည်းသမားက ခေါင်းညိတ်လိုက်သည်။

ထို့နောက် ယိဖျောင်းရှမ်း၏ပစ္စည်းများကို လှည်းပေါ်မှ ချပေးသည်။

ယိဖျောင်းရှမ်းကလည်း လှည်းသမားအား ကျသင့်ငွေကို ထုတ်ပေး၏။ ထို့နောက် ယန် ဂေဟာတံခါးဝရှိ ကြေးခေါင်းလောင်းလေးအား လှုပ်ယမ်းလိုက်တော့သည်။

"ချလွမ် .... ချလွမ်"

ခေါင်းလောင်းသံ ဆုံးသွားသော် လူတစ်ယောက် ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ယိဖျောင်းရှမ်းအားကြည့်ကာ မေးလိုက်လေသည်။

"ဘာကိစ္စရှိလို့လဲ၊ မိန်းကလေး"

"ဒီအိမ်က ယန်ချင်ထန်ရဲ့ဂေဟာ ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ် ...."

"ကျွန်မကို ဝင်ခွင့်ပြုပါ၊ ဦးလေး ယန်ချင်ထန်နဲ့တွေ့ပါရစေ"

ထိုလူက ....

"ဘာကိစ္စရှိလို့လဲ .... ဘယ်သူက တွေ့မယ်ဆိုတာ အရင်သွားပြောရပါမယ်"

"ကျွန်မက ယိဖျောင်းရှမ်းပါ၊ ယိထင်းဟောင်ရဲ့ သမီးလို့ပြောလိုက်ပါရှင်"

ထိုလူက မှတ်သားပြီး အိမ်ထဲသို့ ပြန်ဝင်သွားတော့သည်။

အတန်ကြာသောအခါ အသက် ငါးဆယ်ခန့် လူတစ်ဦးပြေလွှားထွက်လာ၏။

စောစောကလူသည် မျက်စိမျက်နှာပျက်လျက် နောက်မှလိုက်ပါလာ၏။ ထိုလူမှာ ယန်ချင်ထန်ပင် ဖြစ်သည်။

ယန်ချင်ထန်က ယိဖျောင်းရှမ်းအား ခြေဆုံးခေါင်းဆုံးကြည့်သည်။

ယိဖျောင်းရှမ်းမှာ သူ၏အမေနှင့် ရုပ်ချင်းအတော်ပင် ဆင်တူသည်။

ထို့ကြောင့် ....

ယန်ချင်ထန်က ချက်ချင်း မှတ်မိလိုက်လေသည်။

ယိဖျောင်းရှမ်း တူမဖြစ်သူ ယိဖျောင်းရှမ်း။

သူက အလျင်တဆော တံခါးဆွဲဖွင့်ကာ ....



"လာ .... လာ .... တူမလေး၊ သမီးတစ်ယောက်တည်း လာတာလား .... သမီးရဲ့ဖေဖေကော ...."

ယိဖျောင်းရှမ်းမှာ ဖခင်အား သတိရသွားသည်။ ရင်ထဲ၌ လှိုက်ကာလာပြန်သည်။

သူမ မထိန်းချုပ်နိုင်တော့ပေ။ မျက်ရည်များ တသွင်သွင်စီးကျလာလေတော့သည်။

ယန်ချင်ထန်မှာ ထိတ်လန့်သွား၏။

"တူမလေး .... တူမလေး .... ဘာဖြစ်လို့လဲ"

"ဦးလေး .... ဖေဖေ .... ဖေဖေ .... မရှိတော့ဘူး"

ယန်ချင်ထန်၏အံ့ဩမှုမှာ အထိတ်တလန့် ဖြစ်သွားလေတော့သည်။

"ဘယ်လို .... သမီး ဖေဖေဆုံးပြီ ဟုတ်လား .... ဘာရောဂါလဲကွဲ ...."

ယိဖျောင်းရှမ်းက ရှင်းပြရသည်။

"ရောဂါကြောင့် မဟုတ်ပါဘူး ဦးလေး၊ ဖေဖေ လုပ်ကြံခံရတာပါ ...."

ယန်ချင်ထန်မှာ အံ့ဩပြီးရင်း အံ့ဩနေရသဖြင့် ထပ်မံမအံ့ဩနိုင်လောက်အောင် ဖြစ်လာမိလေတော့၏။

"လုပ်ကြံခံရတာ ဟုတ်လား"

"ဟုတ်ပါတယ် ...."

"ရန်သူက ဘယ်သူလဲ ...."

"ရန်သူက လူမဟုတ်ပါဘူး ...."

ယန်ချင်ထန်က အံ့အားသင့်သွားပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူက လူမဟုတ်ဘူး ဟုတ်လား .... ထူးဆန်းလိုက်တာ ဒါဖြင့် ဘာလဲ ...."

ယိဖျောင်းရှမ်းက ....

"ဟုတ်ပါတယ် ဦးလေး .... ရန်သူဟာ လူမဟုတ်ပါဘူး၊ ဖေဖေ ဟာ မိစ္ဆာကောင်တွေရဲ့လက်ချက်ကြောင့် သေဆုံးသွားတာပါ ....

ယန်ချင်ထန်မှာ ယိဖျောင်းရှမ်းစကားကြောင့် သေဆုံးသွား တာပါ ...."

ယန်ချင်ထန်မှာ ယိဖျောင်းရှမ်းစကားကြောင့် ထိတ်လန့်သွား ၏။

"မိစ္ဆာကောင် .... မိစ္ဆာကောင် ဟုတ်လား .... ဒီမိစ္ဆာကောင် ဆိုတဲ့အကောင်တွေက တောထဲမှာတောင် ပေါ်နေပြီလား ...."

ယိဖျောင်းရှမ်းက မျက်ရည်များ သွင်သွင်စီးကျနေ၏။

ယန်ချင်ထန်က တူမလေးအားကြည့်ကာ ကရုဏာသက်သွား သည်။

သူ ဆက်မမေးတော့ပေ။ ပူဆွေးသောကရောက်လာသူအား အနားမပေးဘဲ ဆက်တိုက်မေးရန်မသင့်ကြောင်း သူ သိသည်။

"လာ .... တူမလေး .... အိမ်ထဲမှာ အနားယူရျဦး"

ယန်ချင်ထန်က တူမဖြစ်သူအား ကြင်နာစွာ ဖေးမဆွဲခေါ်သွား လေ၏။ အခန်းထဲရောက်လျှင်ရောက်ချင်း ယန်ချင်ထန်က နှစ်သိမ့် သည်။

"သမီးရယ် .... ဒီလောက် ပူဆွေးမနေပါနဲ့ .... ဦးလေးတို့ဆီ ရောက်လာပြီပဲ .... မငိုနဲ့တော့ သမီး .... သမီး ဘာမှ ပူမနေပါနဲ့တော့

ယန်ချင်ထန်၏ဇနီး ချင်စုနှင့် ယန်ချင်ထန်၏ သားသမီးနှစ်



ယောက်လည်း ထွက်လာကြသည်။ ငိုကြွေးနေသော ယိဖျောင်းရှမ်းကို တွေ့သောအခါ အံ့အားသင့်သွားကြလေသည်။

ယန်ချင်ထန်၏ဇနီး ချင်စုက ယန်ချင်ထန်အားကြည့်ကာ ဘယ် သူလဲဟု မျက်နှာရိပ်နှင့် လှမ်းမေးလိုက်လေ၏။

ယန်ချင်ထန်က ....

"ဒါ .... ငါ့အစ်မရဲ့သမီး ယိဖျောင်းရှမ်းပဲ .... တို့ရဲ့တူမလေး ပေါ့ .... တို့တူမလေးမှာ အခု အားကိုးရာမဲ့နေရှာပြီကွယ် ...."

ယိဖျောင်းရှမ်းက မော့ကြည့်လိုက်၏။

ချင်စုက ယိဖျောင်းရှမ်းအား နွေးထွေးစွာ ပြုံးပြသည်။

ယန်ချင်ထန်က သူ၏မိသားစုနှင့် ယိဖျောင်းရှမ်းအား မိတ် ဆက်ပေးလေ၏။

"သမီး .... ဒါက ဦးလေးရဲ့သမီး ချင်စု၊ ဟောဟိုက ဦးလေးရဲ့ သား ယန်ကျင်ကန်နဲ့ သမီး ယန်လီကျူကွယ် .... သမီးနဲ့ဆို မောင်နှမ တွေပေါ့ ...."

ချင်စုနှင့် သားသမီးနှစ်ယောက်က ငိုကြွေးနေသော ယိဖျောင်း ရှမ်းအား ဝိုင်းဝန်းနှစ်သိမ့်ကြသည်။ သူတို့သည် ကြင်နာစိတ်ရှိသူများ ဖြစ်ရာ ယိဖျောင်းရှမ်းအားမြင်လျှင်မြင်ခြင်း မိသားစုဝင်အဖြစ် လက်ခံ ကြ၏။

ယန်ချင်ထန်က ....

"ကဲ .... ကဲ .... သမီးဖေဖေအကြောင်းကို ပြောပြပါဦး"

ယိဖျောင်းရှမ်းက ငိုကြွေးရင်း ဖိယွင်ဖုရွာကလေးမှာ မိစ္ဆာ စတင်ဒုက္ခပေးလာပုံ၊ သူတို့သားအဖနှစ်ယောက်ကမိစ္ဆာများအကြောင်း စုံစမ်းခဲ့ပုံ၊ မိစ္ဆာများနှင့် တိုက်ခိုက်ရာ မိစ္ဆာများ ထွက်ပြေးပုံ နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ညများ၌ မိစ္ဆာများကိုစောင့်ရာ မည်သည့်မိစ္ဆာကောင်မျှ မလာပုံ၊ နောက်ဆုံးမိစ္ဆာများကသူတို့အိမ်ကိုလာတိုက်ခိုက်ပုံ၊ သူမကကံကောင်း၍ လွတ်လာပုံ၊ ဖခင်မှာမူ အလောင်းပင် ရှာမတွေ့ဘဲ ပျောက်ဆုံးသွားပုံများကို ပြန်လည်ပြောပြလိုက်လေသည်။

ယန်ချင်ထန်တို့မိသားစုမှာ ယိဖျောင်းရှမ်း ပြောပြသောအဖြစ်အပျက်များကြောင့် ထိတ်လန့်သွားကြသည်။

ယန်ချင်ထန်က မျက်မှောင်ကြုတ်ကာစဉ်းစားသည်။ သူအမြဲ လောကအပေါ်၌ မိစ္ဆာရှိသည်ဆိုခြင်းကို မယုံကြည်ပါ။

သို့သော် မယုံကြည်၍လည်း မဖြစ်ပါ။ ယခု နင်ပိုမြို့၌ပင် မိစ္ဆာများသည် အုတ်အော်သောင်းနင်း ဖြစ်နေသည် မဟုတ်ပါလော။

သို့သော် .... သူ့တူမလေးအား လွဲမှားသည့် အယူအဆများကို လက်မခံစေလိုပေ။

“လောကပေါ်မှာ မိစ္ဆာမရှိပါဘူး၊ ရှိတယ်ဆိုတာကို ဦးလေး ဘယ်လိုမှ လက်မခံနိုင်ဘူးကွ” ဟု ပြောလိုက်သည်။

ယိဖျောင်းရှမ်းက ခေါင်းညိတ်လိုက်သည်။ သူမက စဉ်းစဉ်းစားစား ဆက်ပြောသည်။

“ကျွန်မလည်း အစက မိစ္ဆာ ဆိုတာကို မယုံကြည်ပါဘူး .... မိစ္ဆာတွေဟာ ဒုစရိုက်သမားတွေက အယောင်ဆောင်တာလို့ပဲ ယုံကြည်ခဲ့တယ် .... ဒါပေမယ့် ကိုယ်တွေ့ကြုံတော့ သူတို့ဟာ လူမဟုတ်နိုင်ဘူး .... မိစ္ဆာတွေနဲ့ ကျွန်မ နှစ်ကြိမ်တိတိ တိုက်ခိုက်ဖူးတယ် .... သူတို့က ဓားပြီးတုတ်ပြီးတယ် .... လူဆိုရင် ဓားပြီးတုတ်ပြီးတဲ့လူ ရှိပါ့မလား ....”

သူမ၏စကားကြောင့် ယန်ချင်ထန်က တွေဝေသွားသည်။ သူ့



တူမလေးက မိစ္ဆာနှင့် အမှန်တကယ် တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ သိပ်ငြင်း၍တော့ ဖြစ်မည်မထင်။

“လူတွေမှာတော့ ဓားပြီးတုတ်ပြီးတဲ့လူ မရှိပါဘူး၊ အခု မိစ္ဆာတွေက တကယ်ပဲ ဓားပြီးတုတ်ပြီးလို့လား ....”

ယန်ချင်ထန်က ယိဖျောင်းရှမ်းကို ပြန်၍မေးမြန်းလေ၏။

ယိဖျောင်းရှမ်းက ခေါင်းညိတ်ရင်း ....

“တကယ်ပဲ သူတို့ခန္ဓာကိုယ်ဟာ ဓားမတိုးဘူး၊ ကျွန်မ သူတို့ကို ဆယ်ချက်မက ခုတ်ခဲ့ဖူးတယ်၊ ဘာမှ မဖြစ်ဘူး၊ ဓားတောင် ကျိုးမတတ်ပဲ ....”

သူမက မိစ္ဆာကောင်နှင့် တိုက်ခိုက်ခဲ့ပုံများကို ပြန်လည် ပြောပြလိုက်သည်။

ယိဖျောင်းရှမ်းက ....

“သူတို့ မိစ္ဆာကောင်တွေဟာ ဓားပြီးတုတ်ပြီးရုံမကဘူး၊ လှုပ်ရှားမှုကလည်း မြန်ဆန်တယ်၊ ပထမလာတဲ့ မိစ္ဆာကောင်ထက် နောက်တစ်ကြိမ်လာတဲ့ မိစ္ဆာကောင်က ပိုပြီးကြောက်ဖို့ကောင်းတယ်၊ လူရုပ်နဲ့လည်း ဘယ်လိုမှကို မတူဘူး ....”

သူမက ထပ်လောင်းအတည်ပြုပြောဆိုသည်။

ယန်ချင်ထန်က စိတ်မကျေနပ်သေးပါ။

ထို့ကြောင့် လက်ချင်း ပွတ်သပ်ရင်း သူ၏ဇနီး ချင်စုဘက်လှည့်ကာ မေးသည်။

“ချင်စု .... ဒီလိုဖြစ်ရပ်တွေဟာ လောကပေါ်မှာ တကယ်ရှိပါ့မလား ....”

ချင်စုမှာလည်း တွေဝေနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအဖို့ ယန်ချင်ထန်၏အမေးကို မဖြေနိုင်ဘဲ ဖြစ်နေ၏။ ယန်ကျင်ကန်နှင့် ယန်လီကျူးမှာ သူတို့အစ်မဖြစ်သူ ယိဖျောင်းရှမ်း၏အဖြစ်အပျက်ကို လွန်စွာစိတ်ဝင်စား၏။

လူငယ်စိတ်နှင့် ဝင်ပြောကြသည်။

"မိစ္ဆာကောင်တွေ ဒီလောက် သောင်းကျန်းတာ ဒုစရိုက်သမားပဲဖြစ်ဖြစ်၊ တကယ့်မိစ္ဆာကောင်ပဲဖြစ်ဖြစ် တစ်ကောင်လောက်တော့ ဖမ်းပြီး ကြည့်လိုက်ချင်တယ်၊ ဒါမှ အသေအချာသိမှာ"

ယန်ချင်ထန်က သားနှင့်သမီးအား ငေါက်လိုက်သည်။

"ဒီမောင်နှမတွေ ဘာနားလည်လို့ ဝင်ပြောရတာလဲ၊ သွားစမ်း နေရာတကာ ဝင်မပါနဲ့"

ယန်ကျင်ကန်တို့မောင်နှမမှာ လျှာတစ်လစ်ထုတ်ပြီး အခန်းထဲသို့ ပြန်ဝင်သွားကြသည်။

ယန်ချင်ထန်က နဖူးကြောများထောင်လာအောင် စဉ်းစားနေပြီးမှ ....

"အင်း .... ဒီကိစ္စဟာ မိစ္ဆာကောင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ငါ စုံစမ်းမယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ သူတို့ကို မတွေ့မချင်း ရှာဖွေမယ်လို့ ကတိပေးပါတယ်၊ သမီးအဖေအလောင်းကို မတွေ့ရဘူးဆိုတော့ အသက်ရှင်ချင် ရှင်ဦးမယ်လို့ ယူဆရတယ်၊ သမီး ဒီမှာ စိတ်ချလက်ချ နေပါ ...."

ထို့နောက် အိမ်ဖော်များအားခေါ်၍ ယိဖျောင်းရှမ်းနေထိုင်ရန်အတွက် အခန်းတစ်ခန်း ပေးစေ၏။

ယိဖျောင်းရှမ်းမှာ သူမအား ပူနွေးသောမေတ္တာဖြင့်လက်ခံသော သူ၏ဦးလေးမိသားစုအား လွန်စွာကျေနပ်မိ၏။ သူမ၏ ရှေ့ရေး



အတွက်လည်း စိတ်အေးသွားသည်။

ယန်ချင်ထန်မှာ ယိဖျောင်းရှမ်းပြောပြသည့် အဖြစ်အပျက်ကို အပြန်ပြန်အလှန်လှန် စဉ်းစားနေမိသည်။ ယိဖျောင်းရှမ်း၏ပြောပြချက်များကလည်း အတော်ဦးနှောက်ခြောက်စရာကောင်းနေသည်။ လူလော၊ မကောင်းဆိုးဝါးလော၊ ခွဲခြားရန်ခက်နေသည်။

သို့သော် ....

နင်ပိုမြို့၌ ဖြစ်ပွားနေသော သတင်းများနှင့်ဆက်စပ်စဉ်းစားပါက လူဖြစ်ရန် ပိုများနေသည်။ ဒုစရိုက်သမားများဖြစ်ရန် ရှိနေသည်။ ထို့ပြင် ယောက်ဖဖြစ်သူ ပျောက်ဆုံးနေခြင်းအတွက်လည်း ဒေါသထွက်နေသည်။ သူသည် မိစ္ဆာကောင်များကို စုံစမ်းတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

သို့သော် သူက သိုင်းလောကမှ အနားယူခဲ့သည်မှာ ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

သူ၏မိတ်ဆွေ သိုင်းသမားများနှင့်လည်း ကွဲကွာခဲ့သည်မှာ ကြာခဲ့ပြီ။

ယခု မိစ္ဆာကောင်ကိစ္စကို စုံစမ်းရန်အတွက် မည်သူ့ထံမှ အကူအညီရယူရမည်ကို စဉ်းစား၍မရဘဲ ဖြစ်နေပြန်သည်။

မိစ္ဆာကောင်အား စုံစမ်းရန် တွေးတောနေခိုက်မှာပင် နင်ပိုမြို့ကလေးဆီသို့ သတင်းတစ်ခုက ရောက်ရှိလာသည်။

ထိုသတင်းမှာ ဖီယွင်ဖုရွာအနီးရှိ ပိုင်ဆတ်ဖုရွာ၌ သုံးညတိုင်တိုင် မိစ္ဆာကောင်များ သောင်းကျန်းသည့် သတင်းပင် ဖြစ်၏။

မိစ္ဆာကောင်များမှာ အိမ်များသို့ အတင်းဝင်ရောက်ပြီး လူဆွဲသည့်အကြောင်းပင် ဖြစ်သည်။ မိစ္ဆာကောင်၏ ပုံပန်းသဏ္ဌာန်က

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းပြောပြသော မိစ္ဆာကောင်များ၏ ပုံသဏ္ဌာန်အတိုင်းပင် ဖြစ်သည်။

သို့သော် ပိုင်ဆက်ဖုရွာကလေးသို့ရောက်ရှိလာသော မိစ္ဆာကောင်များမှာ အကောင်ရေပို၍ များနေသည်။

ပိုင်ဆက်ဖု တံငါရွာကလေးမှ လူလေးယောက်မှာ မိစ္ဆာကောင်၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်ဟုလည်း သိရသည်။ ထူးခြားချက်မှာ အဖမ်းခံရသောလူများသည် အသက်ဆယ်နှစ်ကျော် ပတ်ဝန်းကျင် ယောက်ျားလေးများသာ ဖြစ်နေခြင်းပင်တည်း။ မိစ္ဆာကောင်များက မိန်းကလေးများအား ဖမ်းဆီးခြင်းမရှိပါ။

ထို့အပြင် လူပျိုအရွယ်များကို ဖမ်းဆီးခြင်း မရှိပါ။ ထိုသတင်းမှာ လွန်စွာထူးဆန်းနေသည်။

ထူးခြားချက်၏နောက်ကွယ်၌ အကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု ယန်ချင်ထန် တွေးမိသည်။

တံငါသည်များသည် တံငါလုပ်ငန်းကို ပစ်ကာ ချက်ချင်းပြောင်းရွှေ့လာကြသည်။

ထိုကျေးရွာများ အထိတ်တလန့်ဖြစ်ခြင်းကြောင့် နှင်ပိုမြို့ရှိ အာဏာပိုင်များမှာ လက်ပိုက်ကြည့်မနေနိုင်တော့ချေ။

ဆက်သားများလွှတ်ကာ မိစ္ဆာကောင်သတင်းကို စုံစမ်းကြရသည်။ ယခုဆိုလျှင် မိစ္ဆာကောင်တို့သည် မြို့ရောတောပါ သောင်းကျန်းနေကြပြီတည်း။



# အခန်း(၁၀)

## နဂါးဂိုဏ်း

ယန်ချင်ထန်သည် အေးအေးဆေးဆေးနေတိုင်သူဖြစ်သည်။ သူသည် အလုပ်မလုပ်လျှင် အေးဆေးသလောက် လုပ်ပြီဆိုလျှင်လည်း တကယ်ပူလောင်သူ ဖြစ်၏။

ယခု တူမဖြစ်သူထံမှ သတင်းစကားကြားပြီးသည်နှင့် စဉ်းစားခန်း ဝင်နေသည်မှာ တစ်နာရီကျော် ကြာမြင့်ခဲ့ချေပြီ။ သူသည် သတင်းများကို ဆက်စပ်စဉ်းစားပြီးနောက် ဤမိစ္ဆာကောင်ဆိုသည်များမှာ အောက်လမ်းနည်းဖြင့် စီရင်ထားသူများ မဖြစ်နိုင်။ ဒုစရိုက်သမားများ သို့မဟုတ် အခြား လျှို့ဝှက်အကြောင်းတစ်ခုခုကြောင့် လှုပ်ရှားသူများ ဖြစ်ရမည်ဟု သူ ယူဆသည်။

ထို့ကြောင့် မိစ္ဆာကောင်ကိစ္စကိုစုံစမ်းရန် စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာတော့သည်။ ယောက်ဖဖြစ်သူ၏အလောင်းကို မတွေ့မြင်ရသေးခြင်းကလည်း ထိုကိစ္စကို စိတ်ဝင်စားရန် တွန်းအားပေးသလို ရှိနေခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိစ္ဆာကောင်ကိစ္စကိုစုံစမ်းရန် 'ဟိုချစ်'ဆိုသူကို အခေါ်ခိုင်းလိုက်သည်။

ဟိုချစ်သည် ယခင်က ယန်ချင်ထန်၏တပည့်တစ်ယောက် ဖြစ်သည်။

နောက်ပိုင်း ဟိုချစ်ကကြီးစားပြီး ထော်ပလာထံဝင်ရောက်အမှုထမ်းရင်း အာဏာသား ဖြစ်လာသည်။ မြို့စားကြီးနှင့်ဆက်စပ်နေသဖြင့် သတင်းများစွာ သိရှိထားသူလည်း ဖြစ်သည်။

သူသည် ငွေတိုက်အဖောက်ခံရသည့်အမှုအတွက် မြို့စားကြီး ထော်ပလာကဲ့သို့ပင် စိတ်ညစ်နေသူ ဖြစ်လေ၏။

ယန်ချင်ထန်က ....

"ဟိုချစ် .... ဘာများ သတင်းထူးသေးလဲကွ"

ဟိုချစ်က ယဉ်ကျေး ဂါရဝပြုသည်။

"ဘာသတင်းများလဲ ဆရာ"

"မိစ္ဆာကောင် ကိစ္စပေါ့ကွာ"

"ဩော် .... ဒါလား"

"မိစ္ဆာကောင်တွေ ဒီမြို့က ငွေတိုက်ကိုလာပြီးဖောက်ထွင်းသွားတဲ့သတင်းကိုတော့ ဆရာ ကြားပြီးပြီနဲ့တူပါတယ် .... "

ယန်ချင်ထန်က ခေါင်းညိတ်လိုက်သည်။

"အေး .... ကြားမိလိုက်ပါရဲ့ကွာ၊ ဒါ ဖြစ်ကော ဖြစ်နိုင်လားကွာ .... ဒီလိုကိစ္စမျိုး အရင်က တစ်ခါမှ မဖြစ်ဘူးခဲ့တာပဲကွာ"

ဟိုချစ်က ခေါင်းညိတ်သည်။

"ဟုတ်တယ် ဆရာ .... အထက်အာဏာပိုင်တွေကလည်း ဘယ်လိုမှကို မယုံကြည်ပါဘူး .... သူတို့က လောကမှာ မိစ္ဆာကောင်ဆိုတာ မရှိဘူးလို့ပဲ ပြောနေတာပါ .... "



ယန်ချင်ထန်က ထောက်ခံလိုက်သည်။

"အေး .... ဒါ မှန်တာပဲ .... မိစ္ဆာကောင်ဆိုတာ မရှိနိုင်ဘူးကွ၊ ငါလည်း ဒီအတိုင်းပဲ ယုံတယ်"

ဟိုချစ်က သက်ပြင်းချရင်း ....

"ဒီအမှုကို အမြန်ဆုံး ဖော်ထုတ်ရမယ်တဲ့၊ အဆင့်ဆင့်ဖိအားပေးပြီး ခိုင်းနေပြီ ဆရာ"

ယန်ချင်ထန်က ခေါင်းညိတ်၏။

"မှန်တယ်၊ သူတို့ မမှားဘူး၊ ဒီလို ဒုစရိုက်အမှုကြီးမျိုးကို အမြန်ဆုံး ဖော်ထုတ်ရမယ်၊ ဖော်ထုတ်သင့်တယ် .... "

ဟိုချစ်က ....

"ပြောတော့သာ လွယ်တာ ဆရာ .... ဘယ်ကနေစပြီး ဖော်ထုတ်ရမှန်းတောင် မသိနိုင်ဘူး .... ဒီအမှုကို မဖော်ထုတ်နိုင်ရင် မြို့စားကြီးလည်း ထောင်ကျမယ် .... အောက်က ငယ်သားတွေလည်း အဖြစ်ကောင်မှာ မဟုတ်ဘူး .... "

သည်တစ်ကြိမ်၌ ယန်ချင်ထန်က ဘာမျှ မပြောတော့ပါ။

ပါးစပ်ကို ပိတ်ထားလိုက်လေသည်။ မြို့အာဏာပိုင်များသည် ... နှင့် ရည်ရွယ်ချက်ခြင်း တူညီနေလေပြီ။

သူသာ အကူအညီတောင်းလျှင် မုချ ရနိုင်သည်။ ရှိစေဦး။ ဟိုချစ်က စကားကို ပြန်ဆက်လိုက်၏။

"ထောင်ဒဏ်ဆိုရင်တော့ သိပ်အကြောင်းမဟုတ်သေးဘူး၊ သေဒဏ်ဆိုရင်တော့ မလွယ်ဘူးဆရာ၊ ကျွန်တော်တို့ပါ ပါကောင်းပါမှာ ဆရာ ....' ဒါကြောင့် ကျွန်တော် စိတ်ညစ်နေတာ"

www.burmeseclassic.com



ယန်ချင်ထန်က ပြုံးလိုက်သည်။

ထို့နောက် ဟိုချစ်အား စေ့စေ့ကြည့်ကာ ပြောသည်။

"ဘာဖြစ်လို့ ဒီလောက် စိတ်ညစ်ရမှာလဲ၊ ဒီကိစ္စပေါ်အောင် ကြိုးစားဖော်ထုတ်ပေါ့ကွ၊ မိစ္ဆာတွေရဲ့နောက်ကွယ်မှာ လျှို့ဝှက်မှုတစ်ခု ရှိမှာ သေချာပါတယ်ကွ ...."

ဟိုချစ်က သက်ပြင်းချကာ ပြောလိုက်၏။

"တရားခံက မိစ္ဆာတွေဆိုတော့ ...."

ဟိုချစ်၏စကားမဆုံးမီ ယန်ချင်ထန်က လက်ကာပြရင်း ....

"တယ်ခက်ပါလား၊ မင်းကပါ ဒါတွေ ယုံနေပြန်ပြီလား .... ငါ နမေးဦးမယ် .... လောကပေါ်မှာ တကယ်လို့ မိစ္ဆာရှိပြီပဲထားပါတော့ မိစ္ဆာက ရွှေတွေ၊ ငွေတွေကို ဘာလုပ်ဖို့ လုယူမှာလဲ၊ ရွှေငွေမက်တဲ့ မိစ္ဆာဆိုတာ ရှိပါ့မလား ...."

"ဟာ .... ဆရာကလည်း မြို့စားကြီးနဲ့ တစ်လေတည်းပါလား"

"ငါ့အထင်တော့ ဒီကိစ္စမှာ တရားခံက မိစ္ဆာမဟုတ်ဘူး .... မိစ္ဆာအယောင်ဆောင်ထားတဲ့လူပဲ ဖြစ်ရမယ် ...."

ဟိုချစ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဆရာ .... မိစ္ဆာတွေနဲ့ပတ်သက်ပြီး မြို့စားကြီးလည်း တစ်လေတည်း ပြောတာပဲ၊ ဒါပေမယ့် ဆရာ မြို့စားကြီး စစ်ဆေးကြည့်ပြီးတော့ လူဆိုရင် ဒီလောက် အင်အားမရှိနိုင်ဘူးတဲ့၊ အစောင့် ဆယ့်ခြောက်ယောက်ကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်တာ တော်ရုံတန်ရုံလူ မလုပ်နိုင်တဲ့အလုပ်ပဲလို့ ပြောနေပြန်ပြီ ဆရာ ...."

ယန်ချင်ထန်က ဘာမျှမပြောဘဲ နားထောင်နေ၏။

ဟိုချစ်က စကားဆက်သည်။



"ပြီးတော့ ငွေတိုက်တံခါးကို ဖွင့်တယ် .... ငွေသေတ္တာသုံးဆယ်ကိုယူသွားတယ် .... ဘယ်သူက လုပ်နိုင်မှာလဲ .... ပင်လယ်ဓားပြတွေတောင် မလုပ်နိုင်ပါဘူး .... လူနှစ်ဆယ်လောက်နဲ့ ဒီသေတ္တာသုံးဆယ်ကို ဘယ်လိုလုပ်သယ်မလဲ .... ဒါဟာ စဉ်းစားဖို့ကောင်းတယ် .... တကယ်လို့ တရားခံဟာ မိစ္ဆာဆိုရင် ဒီအမှုကို ဘယ်လိုဖော်တော့မလဲ .... မြို့စားကြီးရဲ့ ရှေ့ရေးလည်း မလွယ်တော့ဘူး ကျွန်တော်တို့လည်း ကြိုးစားကြပြီ၊ စောစောစီးစီး အိပ်ရာလိပ်ပြင်ထားတာပဲ အကောင်းဆုံးဖြစ်မှာ .... ကျွန်တော်တို့ပါ အပြစ်ဒဏ်မရရင် ကောင်းမယ် ...."

ထိုအခိုက်မှာပင် ဧည့်ခန်းထဲသို့ ယီဖျောင်းရှမ်း၊ ထန်ကျင်ကန်နှင့် ယန်လီကျူတို့ ထွက်လာကြသည်။

ဟိုချစ်သည် ယန်ကျင်ကန်တို့မောင်နှမနှင့် ယခင်ကတည်းက ရင်းနှီးပြီးသားဖြစ်၍ နှုတ်ဆက်သည်။

"တူမလေးတို့ နေကောင်းတယ်နော်"

ယန်လီကျူကလည်း ပင့်သန္တာစကားဆို၏။

"ဦးလေးကို ဘယ်တုန်းက ရောက်တာလဲ"

ဟိုချစ်က ....

"စောစောကပဲ ရောက်တာ .... ဆရာ ခေါ်တယ်ဆိုလို့ လာတာ .... ဆရာ ဘာမေးစရာရှိသေးလဲ .... မရှိရင် ကျွန်တော် ပြန်တော့မယ် ဆရာ ...."

ဟိုချစ်က ယန်ချင်ထန်အား တစ်ဆက်တည်း မေးသည်။

ယန်ချင်ထန်က ဘာမျှ မေးစရာမရှိတော့ကြောင်း ပြောသောအခါ ဟိုချစ်က ဂါရဝပြု နှုတ်ဆက်ပြီး ပြန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်ထန်က တူမနှင့်သားသမီးများအား ဆက်၍မေးမြန်းလိုက်သည်။

"မင်းတို့ စောစောက ပန်းခြံထဲမှာ လက်နက်ပုန်း လေ့ကျင့်နေတာလား ...."

ယီဖျောင်းရှမ်းက ....

"ဟုတ်ပါတယ် ဦးလေး"

"အခု လေ့ကျင့်တာပြီးသွားပြီလား"

ယီဖျောင်းရှမ်းက ဖြေမည်အပြုတွင် ယန်လီကျူက ဝင်ရောက်ပြောဆိုသည်။

"လေ့ကျင့်တာ ပြီးလို့မဟုတ်ပါဘူး ဖေဖေ၊ မမပြောတဲ့ကိစ္စ တစ်ခုနဲ့ပတ်သက်ပြီး ဖေဖေ့ကို မေးမလို့ပါ"

ယန်ချင်ထန်က မျက်ခုံးကိုပင့်ရင်း ....

"ဘာများ မေးမလို့လဲကွယ် .... ဖေဖေသိရင်တော့ ပြောပြမှာပေါ့ ...."

ယန်လီကျူက ....

"မမကပြောတယ် .... သူ ဗီယွင်ဖုတ်ငါ့ရွာကထွက်လာတော့ ပင်လယ်ပြင်မှာ ထူးဆန်းတဲ့ လှေကလေးတစ်စင်း တွေ့ခဲ့တယ်တဲ့ တံငါသည်တွေကိုမေးတော့ ကြောက်လို့ မပြောရဲဘူးတဲ့"

ယန်ချင်ထန်က စိတ်ဝင်စားသွားပြီး ....

"ဘယ်လိုထူးဆန်းတဲ့လှေကလေးလဲ .... ပြည့်စုံအောင် ပြောစမ်းပါ ...."

ယီဖျောင်းရှမ်းက ....

"လှေမည်းကလေးတစ်စင်းပါ ဦးလေး .... သိပ်မြန်တယ်"



"လှေမည်းလေး ဟုတ်လား"

"ဟုတ်ပါတယ်၊ သမီးတို့ပင်လယ်ထဲဖြတ်လာတော့ လှေမည်းကလေးတစ်စင်း တွေ့တယ် .... ဒီလှေဟာ အဖျားချွန်ပြီး အမြီးကတော့ ကော့နေတယ်၊ ရွက်တိုင်လည်းမပါဘူး .... ဒါပေမယ့် အရှိန်မြန်တယ် .... သိပ်ပြီး အံ့သြစရာကောင်းတဲ့လှေပဲ၊ တံငါလှေတွေနဲ့ ဘာမှမဆိုင်ဘူး ...."

ယန်ချင်ထန်က ထိုစကားကိုကြားသောအခါ စားပွဲခုံကို တစ်ချက်ပုတ်ပြီး ....

"စောစောက ဘာလို့ မပြောပြရတာလဲ ...."

ယီဖျောင်းရှမ်းက ....

"ဘာလဲ .... ဦးလေး .... ဒီလှေတွေဟာ မိစ္ဆာတွေစီးလာတဲ့ လှေလား ...."

ယန်ချင်ထန်က ရယ်မောလိုက်သည်။

ပြီးမှ ....

"တူမလေးက ခုထိ မိစ္ဆာကောင်လို့ ထင်နေတုန်းပဲလား၊ မိစ္ဆာ မဖြစ်နိုင်ပါဘူး .... ကဲ .... အားလုံးကို ဗဟုသုတအနေနဲ့ ပြောပြဦးမယ် ...."

အားလုံးက စိတ်ဝင်စားသွားကြသည်။ ယန်ချင်ထန်၏အနီး၌ ဝင်ထိုင်လိုက်ကြ၏။

ယန်ချင်ထန်က ....

"ဟိုလွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ကျက်ကျွန်းပင်လယ်ပြင်မှာ ပင်လယ်ဓားပြဂိုဏ်းတစ်ခု ရှိခဲ့တယ် .... ဒီဂိုဏ်းရဲ့အမည်က "နဂါးနက်"တဲ့ .... သူတို့အသုံးပြုတဲ့လှေဟာ အမည်းရောင်ပဲ၊ စောစော

www.burmeseclassic.com

www.burmeseclassic.com



က တူမလေးပြောပြတဲ့လှေနဲ့ တစ်ပုံစံတည်းပဲ .... အဲဒီတုန်းကဆို တံငါသည်တွေဟာ ဒီလှေကို သိပ်ပြီးကြောက်ကြတယ် .... သူတို့ ငါးမန်းနဲ့ ဘွတွေ မိကျောင်းနဲ့တွေတွေ မကြောက်ဘူး .... နဂါး ကိုတော့ ကြောက်ကြတယ် .... ”

ယီဖျောင်းရှမ်းက နှုတ်ခမ်းကလေးရှုပြီး ပြောသည်။

“ဦးလေးကလည်း သမီး အခုပြောတာက မိစ္ဆာအကြောင်း ပင်လယ်ဓားပြအကြောင်းမှ မဟုတ်တာ”

ယန်လီကျူ တွေးတွေးဆဆ လေသံဖြင့် ....

“ဒီပင်လယ်ဓားပြတွေပဲ မိစ္ဆာဖြစ်မယ် ထင်တယ် .... ”

ယီဖျောင်းရှမ်းက ....

“တို့ရွာမှာ မိစ္ဆာသောင်းကျန်းတုန်းကတော့ ဘာပစ္စည်းမှ မပါဘူး ညီမလေးရဲ့ .... တို့ရွာက မိစ္ဆာတွေက လူပဲဖမ်းတယ် ....

ယန်ချင်ထန်က ပြုံး၍ ပြန်မေးလေ၏။

“ကဲ .... ကဲ .... ငါပြောပြရမှာလား .... မင်းတို့ပဲ ပြောနေ မှာလား .... ”

ယန်လီကျူက တစ်ချက်ရယ်မောရင်း ....

“ဖေဖေပဲ ပြောပြပါ .... သမီးတို့က စိတ်ဝင်စားပြီး ငြိမ်းခံ တာပါ .... ”

ယန်ချင်ထန်က ....

“ငါ အဲဒီနဂါးနက်အကြောင်း ပြောပြမလို့ အဲဒီဂိုဏ်းအကြောင်း သိရလို့ မင်းတို့ ဘာမှမနစ်နာပါဘူး .... ဗဟုသုတတောင် ရပါသေး တယ် .... ”

အားလုံး ငြိမ်ကျသွား၏။



ထို့နောက် ....

ယန်ချင်ထန် ပြောပြသောနဂါးနက်ဂိုဏ်းအကြောင်းကို စိတ်ဝင်စားစွာ နားထောင်နေမိကြတော့သည်။

လွန်ခဲ့သော နှစ်သုံးဆယ်ခန့် .... ။

မွန်ဂိုများမှာ တရုတ်ပြည်၏ မြောက်ပိုင်းအား သိမ်းပိုက်ထား၏။

တရုတ်ဘုရင်မှာမူ တောင်ပိုင်းသို့သာ အုပ်ချုပ်နေရသည်။

မွန်ဂိုများက တောင်ပိုင်းကို သိမ်းပိုက်မည့် တကဲကဲ ခြိမ်းခြောက်နေကြသည်။

တရုတ်တို့၏နေပြည်တော် အင်အားမှာလည်း တစ်စထက် တစ်စ လျော့ပါးလာနေသည်။

ထိုအချိန်၌ သိုင်းလောကမှ သူရဲကောင်းများ မျိုးချစ်ပုဂ္ဂိုလ်များ စုပေါင်းကာ တရုတ်တို့၏အရေးအတွက် ဆွေးနွေးတိုင်ပင်ကြ၏။

ထိုဆွေးနွေးပွဲမှ ပေါ်လာသောရလဒ်မှာ နဂါးနက်ပင်ဖြစ်သည်။

နဂါးနက်။ အဖွဲ့အစည်းတစ်ခု၏အမည် ဖြစ်သည်။

တိတိကျကျဆိုရလျှင် ဂိုဏ်းတစ်ခု၏အမည်ပင် ဖြစ်သည်။

နဂါးနက်ဂိုဏ်းမှာ သိုင်းလောကသားများ စုစည်းတည်ထောင် သော ဂိုဏ်းကြီးတစ်ခုပင်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးနက်ဂိုဏ်းသည် ကျက်ကျန်းပင်လယ်ပြင်၌ ကျက်စား သည်။

နဂါးနက်ဂိုဏ်း၏ အဓိကရည်ရွယ်ချက်မှာမူ မွန်ဂိုများအား အနှောင့်အယှက်ပေးရန်ပင် ဖြစ်သည်။

နဂါးနက်ဂိုဏ်းမှာ စတင်တည်ထောင်ချိန်က အဖွဲ့သားတစ် ထောင်မျှသာ ရှိသည်။ သို့သော် တစ်စထက်တစ်စ အင်အားတောင့် တင်းလာကာ နောက်ဆုံး ငါးထောင်ခန့်အထိ ဖြစ်လာခဲ့သည်။

နဂါးနက်ဂိုဏ်း၏ခေါင်းဆောင်မှာ လုထင်ရှောင် ဖြစ်သည်။ လုထင်ရှောင်မှာ သိုင်းပညာ အဆင့်မြင့်သည်။ ရိုးသားသည်။ တည်ကြည်သည်။ စိတ်ထားမြင့်မြတ်သူတစ်ဦးလည်း ဖြစ်သည်။

နဂါးနက်ဂိုဏ်းမှာ လုထင်ရှောင်၏ ဦးဆောင်မှုအောက်သို့ တစ်နေ့တခြား အင်အားကြီးမားလာကာ အနီးအနား ကျွန်းများကို အခြေခံစခန်းများအဖြစ် ပြုလုပ်နိုင်ခဲ့သည်။

ဌာနချုပ်အဖြစ် 'ချင်ကျားမင်' ကျွန်းကို သတ်မှတ်ခဲ့သည်။ စတည်းချသည်။ နဂါးနက်ဂိုဏ်းမှာ ပင်လယ်ပြင်၌ လှုပ်ရှားရင်း မွန်ဂို များအား အနှောင့်အယှက်ပြု၏။

သို့သော် တရုတ်ဘုရင်ကိုမူ မည်သို့မျှ အနှောင့်အယှက် မပြု ပေ။

ဤသို့လှုပ်ရှားရင်း နဂါးနက်ဂိုဏ်းသည် မြို့စားကြီးကျားဂို တောက်၏ကိစ္စ၌ ပါဝင်လာခဲ့ရသည်။

တရုတ်ပြည်၏သစ္စာဖောက် မြို့စားကြီး ကျားဂိုတောက်သည် မွေးနေ့ပွဲ ကျင်းပရန် ပြင်ဆင်ကြေညာလာသည်။

ကျားဂိုတောက်သည် ဩဇာအာဏာကြီးမားသော မြို့စားတစ်



ယောက်ဖြစ်ပြီး မွန်ဂိုများအလိုကျ ဟန်တရုတ်များကို ဒုက္ခပေးသော သစ္စာဖောက်ကြီးတစ်ဦး ဖြစ်သည်။

ကျားဂိုတောက်ထက် အဆင့်နိမ့်သော မြို့စားများနှင့် ပဒေသရာဇ်ငယ်များသည် ကျားဂိုတောက်အား မျက်နှာလုပ်ရန် အခွန်အတုတ်များကို ပို၍ ကောက်ခံကြလေသည်။

နဂါးနက်ဂိုဏ်းခေါင်းဆောင် လုထင်ရှောင်သည် ထိုသတင်းကို ကြားသောအခါ မနေနိုင်တော့ပါ။ အေးအေးဆေးဆေးနေ၍ မရတော့ပါ။

မြို့စားတစ်ဦး၏မွေးနေ့အတွက် ပြည်သူလူထုထံမှ အခွန်များ တိုး၍ကောက်ခံခြင်းမှာ ဟန်တရုတ်လူထုကို ညှဉ်းပန်းနှိပ်စက်ခြင်းပင် ဖြစ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် မြို့စားအား ဆက်သမည့် လက်ဆောင်ပဏ္ဏာများကို လုယူရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။ တရုတ်ပြည်သူလူထု၏ပစ္စည်းများကို ပဒေသရာဇ်မြို့စားတစ်ဦး၏လက်ဝယ် မရောက်စေရဟု လုထင်ရှောင် ဆုံးဖြတ်ချက် ချလိုက်လေ၏။

မွေးနေ့ပွဲအကြိုနေ့တွင် မြို့စား၊ နယ်စား အရာရှိများအားလုံးက လက်ဆောင်ပဏ္ဏာများကို စုစည်းလိုက်သည်။

ထို့နောက် စစ်သည်တော်တစ်ရာကျော် စောင့်ရှောက်လျက် မြို့စား ကျားဂိုတောက်ထံသို့ ပို့ဆောင်ပေးကြသည်။

လက်ဆောင်ပဏ္ဏာများတင်ထားသော မြင်းလှည်းမှာ အစီးနှစ်ဆယ်ခန့်ရှိသည်။ စစ်သည်တော်များ ဂရုတစိုက်စောင့်ကြပ်လာသဖြင့် မည်သည့်ဘေးရန်မျှ မကပ်ငြိနိုင်ဟု ထင်မြင်ထားကြသည်။

သို့သော် ကျားဂိုတောက်၏နယ်သို့အဝင်၌ မမျှော်လင့်သော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ကြရတော့သည်။

စစ်သည်တော်များမှာ တောအုပ်ကလေးအတွင်းသို့ ဝင်မိသည်နှင့် ဝတ်စုံနက် ဝတ်ဆင်ထားသူ ငါးရာ၏ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို လိုက်ရှတော့သည်။

ထိုဝတ်စုံနက်များမှာ နဂါးနက်ဂိုဏ်းသားများပင် ဖြစ်သည်။ သူတို့အား လုထင်ရှောင်က ဦးဆောင်လာခြင်း ဖြစ်သည်။

လုထင်ရှောင်က ....

"ကဲ .... ကျုပ်တို့အတွက် ဒီပစ္စည်းတွေထားခဲ့ပါ"

"ဘာဖြစ်လို့ ထားခဲ့ရမှာလဲ ...."

စစ်သည်တော်များ၏ခေါင်းဆောင် စစ်ဗိုလ်ကလေးက မာဆတ်ထန်ပင် ပြောသည်။

လုထင်ရှောင်ကမူ အေးအေးဆေးဆေးပင် ပြောသည်။

"ဖြစ်ပါတယ်၊ တို့က ပစ္စည်းတာင်လိုချင်လို့ ထားခဲ့လို့ပြောတာပါ .... မင်းတို့က မင်းတို့ရဲ့ခေါင်းတွေပါ ထားခဲ့ချင်တယ်ဆိုလည်း ဖြစ်တာပေါ့ .... ကဲ .... တိုက်ကြ"

လုထင်ရှောင်၏အော်သံသည် တောအုပ်အတွင်း၌ ပဲ့တင်ထပ်သွား၏။ တိတ်ဆိတ်ငြိမ်သက်နေသော တောအုပ်ကလေးမှာ တိုက်ပွဲသံများကြောင့် ဆူညံသွားတော့သည်။

သံ့သံချင်း ထိခတ်သံများ၊ ညာသံပေးသံများ၊ စူးရှနာကျင်စွာ အော်ဟစ်သံများ၊ အသံပေါင်းစုံမှာ ပတ်ဝန်းကျင်သို့ လွင့်ပျံ့သွား၏။

မကြာမီ ....

တောအုပ်ကလေးမှာ ပြန်လည်တိတ်ဆိတ်သွားသည်။ တိုက်ပွဲပြီးသွားလေပြီ။ အမြဲတမ်း တိုက်ခိုက်လုယက်နေရသော လုထင်ရှောင်၏ ဂိုဏ်းသားများက အနိုင်ရသွားခဲ့လေပြီ။ အင်အားကလည်း ကွာလှသည်ကိုး။

ထို့ကြောင့် လုထင်ရှောင်တို့က လက်ဆောင်ပစ္စည်းအားလုံးကို လုယက်ယူလာနိုင်ခဲ့ကြသည်။

လက်ဆောင်ပစ္စည်းများ၏တန်ဖိုးမှာ ဆယ်သိန်းပတ်ဝန်းကျင်ပင် ရှိနေသည့်အတွက် နဂါးနက်ဂိုဏ်းအတွက် အတော်ကြီးများပြားသည့်ပစ္စည်းများဟု ဆိုရပေမည်။

ထိုသတင်းကို ကြားလိုက်သည့် ကျားကိုတောက်မှာ ဒေါသခြောင်းခြောင်းထွက်လာတော့သည်။

သူ့မွေးနေ့မှာ သူထင်သလိုကြီးကျယ်ခြင်းမရှိခဲ့ပါ။ လက်ဆောင်ပစ္စည်းကောင်းကောင်းလည်း မရရှိခဲ့ပါ။ ထို့အတွက် သူ လွန်စွာဒေါသထွက်နေသည်။ သူ့အတွက် လက်ဆောင်ပစ္စည်းများကို ကြားဖြတ်လုယက်သူမှာ နဂါးနက်ဂိုဏ်းဖြစ်ကြောင်း သူ ရိပ်စားမိသည်။

"အင်း .... တွေ့ကြသေးတာပေါ့၊ နဂါးနက်ရယ်"

မြို့စားကြီး ကျားကိုတောက် ကြိမ်းဝါးလိုက်သည်။ သူသည် နဂါးနက်ဂိုဏ်းအားဖြိုခွဲရန် ဆုံးဖြတ်လိုက်သည်။

"ချမ်း .... ချမ်း .... ချမ်း"

အချက်ပေး မောင်းသံမှာ ပျံ့လွင့်လာ၏။

ချင်ကျားမင် ကျွန်းပေါ်၌ လူအများ ပြေးလွှားလှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသင့်ပြင်ကြသည်။

လုထင်ရှောင်က အခြေအနေကို အကဲခတ်သည်။

ပင်လယ်ပြင်၌ တိုက်လှေများစွာ မိမိတို့ကျွန်းဆီသို့ ချဉ်းကပ်၍ လာနေသည်ကို တွေ့လိုက်ရသဖြင့် လုထင်ရှောင်က စိုးရိမ်ပူပန်သွားသည်။ သို့သော် ခရီးက ဝေးနေသေးသည်။ မိမိတို့ပြင်ဆင်ရန် အချိန်ရပေသေးသည်။

မြို့စား ကျားဂိုတောက်က မိမိအားချေမှုန်းရန် ရောက်လာကြောင်းကိုလည်း သဘောပေါက်နားလည်သည်။ ကျားဂိုတောက်သည် မွန်ဂိုများထံမှ အကူအညီတောင်းခံပြီး မိမိအားလာတိုက်ခြင်း ဖြစ်ရပေမည်။

ယခုအတိုင်းဆိုလျှင် အင်အားမှာ အဆမတန် ကွာခြားနေ၏။

သို့သော် သူက တည်ငြိမ်စွာပင် အမိန့်ပေး၏။ နေရာတကျ စီမံကွပ်ကဲ၏။ ထိုအချိန်မှာ လေထုသည် ရုတ်တရက် ငြိမ်သက်သွားသည်။ လုထင်ရှောင်သည် ကောင်းကင်ပြင်သို့မော်ကြည့်မိ၏။ ကောင်းကင် တစ်နေရာတွင် နီရဲနေသည်။ လုထင်ရှောင်၏မျက်နှာသည် ဝင်းပ သွားသည်။

အားတက်မှုကြောင့် ရဲစိတ် ရဲမာန်များ တက်လာသည်။ သူသည် လက်နှစ်ဖက်မြှောက်ပြီး ကောင်းကင်မှ နတ်ဘုရားများထံ ကောင်းချီးပေးမိသည်။ အဘယ်ကြောင့် လုထင်ရှောင် ကောင်းချီးပေး ပါသနည်း။

အကြောင်းမှာ ပင်လယ်ပြင်၌ မုန်တိုင်းကျတော့မည့် အရိပ် အယောင်ကို လုထင်ရှောင် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။ သူတို့သည် ပင်လယ်ပြင်၌ အကျွမ်းဝင်နေပြီဖြစ်၍ ပင်လယ်၌ ဖြစ်ပေ



တတ်သည့် အရိပ်လက္ခဏာများကို သူတို့ ကြိုတင်ခန့်မှန်းတတ်နေလေပြီ။

ကျားဂိုတောက်၏ တပ်များမှာ ရေကြောင်း မကျွမ်းကျင်ပေ။ သူ့အား ကူညီပေးလာသည့် မွန်ဂိုများမှာလည်း မြင်းစီးသာ ကျွမ်းကျင်သည်။ ရေကြောင်းကိုတော့ သိပ်မကျွမ်းကျင်ကြပေ။

နောက်ဆုံး မုန်တိုင်းတိုက်ခတ်သောအခါ ကျားဂိုတောက်၏ လှေတပ်တစ်ဝက်ခန့် ပျက်စီးသွား၏။ ကျန်တစ်ဝက်ခန့်သာ ချင်ကျားမင် ကျွန်းပေါ်သို့ တက်နိုင်၏။

သို့သော် နဂါးနက်ဂိုင်းသားများက ဟရကြမ်းတိုက်ခိုက်သောအခါ ကျားဂိုတောက်၏ စစ်သည်များသည် ပင်လယ်ပြင်၏ဆိုးဝါးမှု ဒဏ်ကြောင့် သွေးပျက်နေသည်ကတစ်ကြောင်း၊ နဂါးနက်များက တရကြမ်းတိုက်ခိုက်၍တစ်ကြောင်း၊ နဂါးနက်ဂိုဏ်းအား မဖြိုခွဲနိုင်ဘဲ အတုံးအရုံးကျဆုံးကုန်ကြတော့သည်။

မြို့စားကြီး ကျားဂိုတောက်မှာမူ အလျှင်အမြန် ပြန်လည် ဆုတ်ခွာနိုင်ခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့လေသည်။

နဂါးနက်ဂိုဏ်းမှာ အောင်ပွဲကြီးတစ်ခုကို ထပ်မံရရှိလိုက်ခြင်း ဖြစ်တော့၏။

မြို့စားကြီး ကျားဂိုတောက်မှာ နဂါးနက်ဂိုဏ်းအား တစ်ကြိမ် တိုက်ခိုက်ပြီးနောက် သူ၏စစ်သည်အင်အား သုံးပုံနှစ်ပုံမျှ ကျဆုံးခဲ့ရသည်။

ထို့ကြောင့် နဂါးနက်ဂိုဏ်းအားဖြိုခွဲရန် စိတ်မကူးရဲတော့ချေ။

ထိုအချိန်မှစ၍ နဂါးနက်ဂိုဏ်းမှာ ပို၍ ပို၍ နာမည်ကြီးလာသည်။ အင်အားမှာလည်း အဆမတန် များပြားလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုတို့သည် နဂါးနက်ဂိုဏ်းအားဖြိုခွဲရန် ကြိုးစားသော်လည်း ပင်လယ်ပြင်၏လျှို့ဝှက်ချက်နှင့် ချင်ကျားမင်ကျွန်း၏ ခံစစ်အနေအထားကောင်းမှုကြောင့် နဂါးနက်ဂိုဏ်းကို မဖြိုခွဲနိုင်ဘဲ ဖြစ်ခဲ့ရပေသည်။

ထို့ကြောင့် နဂါးနက်ဂိုဏ်းသည် အနှောင့်အယှက်ကင်းမဲ့စွာနှင့် မွန်ဂိုများအား ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့လေတော့၏။

သို့သော် မည်သူမျှ အမြဲတမ်း ကံမကောင်းနိုင်ချေ။ ဤသည်မှာ နိယာမတရားဖြစ်သည်။

မွန်ဂိုတို့ မဖြိုခွဲနိုင်ခဲ့သော နဂါးနက်ဂိုဏ်းသည် သူ့အလိုလို ပြိုကွဲသည့်အခြေအနေသို့ တစ်နေ့တွင် ဆိုက်ရောက်လာလေတော့သတည်း။

နဂါးနက်ဂိုဏ်းတည်ရှိရာ ချင်ကျားမင်ကျွန်းမှာ ပထဝီအနေအထားအရ ရန်သူကို ကောင်းစွာခုခံနိုင်ပေသည်။

သို့သော် မည်သို့မျှ မတွန်းလှန်နိုင်သောရန်သူက ချင်ကျားမင်ကျွန်းပေါ်သို့ ချဉ်းနင်းဝင်ရောက်လာလေတော့သည်။

ထိုရန်သူမှာ 'ရောဂါ'တစ်ခုပင် ဖြစ်သည်။

မည်သည့်ရောဂါမှန်း သေသေချာချာ မသိရပါ။

ချင်ကျားမင်ကျွန်းပေါ်ရှိ နဂါးနက်ဂိုဏ်းသားနှစ်ဆယ်ခန့်မှာ တစ်နေ့တွင် ဖြုန်းစားကြီး သေဆုံးသွားကြည်။ သူတို့ကို စစ်ဆေးကြည့်သောအခါ မျက်နှာများမှာ ညိုမည်းနေသည်။ အသားများမှာ မွဲပြာနေသည်။ အဆိပ်မိသည့် လက္ခဏာမျိုးပင် ဖြစ်သည်။

ထိုလူနှစ်ဆယ်ခန့်သေပြီး နောက်တစ်ရက်၌ လူတစ်ထောင်နီးပါးမျှပါ တစ်ပြိုင်နက် သေဆုံးသွားကြပြန်လေသည်။ သေဆုံးသွားသောအလောင်းများမှာ အားလုံး တစ်ပုံစံတည်းပင် ဖြစ်နေပြန်သည်။

လုထင်ရှောင်မှာ သမားတော်များခေါ်၍ စစ်ဆေးသော်လည်း ရောဂါရှာမတွေ့ပါ။ ဘာရောဂါမှန်းမသိပါ။ အဆိပ်ကိုလည်း ရှာမရပါ။

အဆိပ်မိပြီး သေဆုံးသကဲ့သို့ဖြစ်သော်လည်း အဆိပ်ကြောင့် မဟုတ်ဟု သမားတော်များက တညီတညွတ်တည်း ဆိုကြ၏။

လုထင်ရှောင်မှာ သူတို့၏ဂိုဏ်း၌ ကျရောက်နေသော ရောဂါဆိုးကို ဖယ်ရှားနိုင်ရန်အတွက် ငွေကို ပုံအောသုံးကာ သမားတော်များငှားရမ်းကုသစေသည်။

သို့သော် မည်သို့မျှ မထူးခြားပါ။ သေဆုံးမြဲ သေဆုံးကြပါသည်။

ခုနစ်ရက်မြောက်သောနေ့၌ သေဆုံးသွားသောလူများမှာ လေးထောင်ခန့် ရှိသွားလေတော့သည်။

သူတို့ဂိုဏ်း၏အင်အားထက်ဝက်မျှ လျော့ကျသွားတော့သည်။

အားလုံးသောဂိုဏ်းသားများမှာ ထိတ်လန့်လာ၏။

မည်သည့်နေ့၌ ကိုယ့်အလှည့်ကျမည်နည်းဟုတွေးကာ ပူပန်လာကြသည်။

လုထင်ရှောင်နှင့်လက်ထောက်ခေါင်းဆောင်များမှာ ဤအရေးအခင်းကို လုံးဝမဖြေရှင်းနိုင်ကြပေ။ ခေါင်းမြီးခြုံရန် သူသည် သူတို့ကို အပြင်အထန် ထိုးနှက်နေသည်။

နဂါးနက်ဂိုဏ်းထဲမှ အချို့နတ်ယုံကြည်သူများက နတ်ကိုစော်ကားသည့်အတွက် ယခုလိုဖြစ်ရခြင်းဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဒေဝါများက ပင်လယ်ပြင်ပေါ်၌ သူတို့လူသတ်နေသည်ကို မကြိုက်သဖြင့် ဆိုးမခြင်း ဖြစ်သည်ဟု ယုံကြည်ကြ၏။

တစ်ယောက်ထစ်ပေါက်နှင့် ယုံကြည်မှုက ပိုများလာ၏။

လုထင်ရှောင်မှာမူ မယုံကြည်ပါ။

သို့သော် အများစု ယုံကြည်နေသောကြောင့် သူက ဘာမျှ မတတ်နိုင်ချေ။ အားလုံး အကြံပေးသည့်အတိုင်း ဘုန်းကြီးများပင့်ဖိတ်လိုက်သည်။ ထို့နောက် ဇရပ်တစ်ခု ဆောက်လုပ်လိုက်သည်။ လိပ်ပြာခေါ် နတ်ပွဲကို ပြုလုပ်ပေးသည်။

ထို့နောက် .... သူနှင့်လက်ထောက်ခေါင်းဆောင် ဆယ့်နှစ်ယောက်က နတ်စင်ထဲသို့ ဝင်သွားပြီး အရိုးများပြသပေးလိုက်သည်။ နတ်စင်မှာ လုံခြုံစွာ ကာရံထားသော နေရာဖြစ်၏။

လုထင်ရှောင် နတ်စင်တွင်းသို့ ဝင်သွားသည်ကို အားလုံးက စောင့်ကြည့်ကြသည်။

သို့သော် ....

နောက်တစ်နေ့အထိ ထွက်မလာကြသဖြင့် စိတ်ပူသွားကြသည်။ သူတို့ နတ်စင်အတွင်းသို့ ဝင်လိုက်သောခါ အထဲ၌ လုထင်ရှောင်နှင့် လက်ထောက်ခေါင်းဆောင် ဆယ့်နှစ်ယောက်စလုံး သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။ သူတို့ သေဆုံးပုံမှာလည်း ယခင်ကလိုပင် ဖြစ်သည်။

ဂိုဏ်းသားများမှာ ခေါင်းဆောင်များ သေဆုံးသွားသောအခါ ပို၍ထိတ်လန့်တုန်လှုပ်လာကြသည်။ ကတုန်ကယင်ဖြစ်လာကြသည်။ အခြေအနေက ကြောက်စရာပင် မဟုတ်ပါလား။

မည်သူမျှ ချင်ကျားမင်ကျွန်းပေါ်၌ မနေရဲကြတော့ပေ။



အားလုံးက ရောဂါဆိုးဟုမထင်ဘဲ မကောင်းဆိုးရွားများကအားသည်ဟုသာ ယုံကြည်ကြတော့သည်။

ထို့နောက် ချင်ကျားမင်ကျွန်းပေါ်မှ အားလုံးထွက်သွားကြလေသည်။

တစ်ချိန်က ကျော်ကြားခဲ့သော မည်သူမျှ မဖြိုခွဲနိုင်ခဲ့သော မည်သူမျှ အန်မတုရဲသော နဂါးနက်ဂိုဏ်းမှာ ရောဂါဆိုး၏အန္တရာယ်ကြောင့် ပြိုကွဲ ပျက်စီးသွားရလေတော့သည်။

ယန်ချင်တန်၏စကားဆုံးသောအခါ ယိဖျောင်းရှမ်းက ရယ်မောလိုက်လေသည်။

ထို့နောက် သူမက ....

"ဦးလေးပြောတဲ့ နဂါးနက်ဂိုဏ်းအကြောင်းက အခုနဲ့ဘာဆိုင်လို့လဲ၊ နဂါးနက်ဂိုဏ်းမရှိတော့တာလည်း နှစ်သုံးဆယ်နီးပါးရှိပြီ၊ အခုအရာတွေနဲ့ ဘယ်လိုပတ်သက်လို့လဲ .... ကျွန်မတော့ ဆက်စပ်ကြည့်လို့ကို မရဘူး ...."

ယန်ချင်ထန်က ပြုံးလိုက်သည်။ ထို့နောက် သူက လေသံအေးအေးနှင့် ....

"ငါပြောဖူးပါတယ် .... လောကပေါ်မှာ မိစ္ဆာမရှိဘူးလို့ တူမတို့ကို ပြောခဲ့တဲ့စကားထဲမှာ တစ်ခုကျန်ခဲ့တယ်၊ နဂါးနက်ဂိုဏ်းသားတွေဟာ တူမတွေ့ခဲ့တယ်ဆိုတဲ့ လှေမည်းမျိုးကို အသုံးချခဲ့ကြတယ်"

www.burmeseclassic.com



ယိဖျောင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဒါဆိုရင် နဂါးနက်ဂိုဏ်းပြန်ထလာတာပဲ ဖြစ်ရမယ်၊ မိစ္ဆာ တော့ ဘာမှမဆိုင်ဘူး၊ အခုဟာက မိစ္ဆာတွေ သောင်းကျန်းတာ တော့ သူတို့ တစ်စုစီသာ ဖြစ်ရမယ် ...."

ယန်ချင်ထန်က ရယ်မောရင်း ....

"တူမလေးက ခုထိ မိစ္ဆာလို့ ထင်တုန်းပဲကိုး၊ တခြားမကြည့် အခု ဟိုမြို့မှာဖြစ်တဲ့ ကိစ္စကိုပဲကြည့်၊ မိစ္ဆာဟာ ရွှေငွေကို ဘာလုပ် လဲ၊ သူတို့က ဘာဖြစ်လို့ ငွေတိုက်ကို လာလုယက်ရသလဲ၊ တကယ် မိစ္ဆာဆိုရင် ဒီရွှေငွေတွေကို ဘယ်လိုအသုံးချမှာလဲ ...."

ယိဖျောင်းရှမ်းမှာ တွေဝေသွား၏။

မှန်ပါသည်။

မိစ္ဆာများက ရွှေငွေကို မည်ကဲ့သို့ အသုံးချမည်နည်း။ မိစ္ဆာ ရွှေငွေ မည်သို့မျှ မပတ်သက်ပါ။ မိစ္ဆာ ရွှေငွေမက်သည်ဟု မကြား ဘူးပါ။

ယန်ချင်ထန် စကားဆက်လိုက်၏။

"ငါယူဆချက်အရ တူမလေးတွေ့ခဲ့တဲ့ လေမည်းမည်းလေး နဲ့ နင်ပိုမြို့က ငွေတိုက်လုယက်မှုဟာ ဆက်စပ်မှုရှိနိုင်တယ်"

အားလုံးက ထိုစကားကြောင့် အံ့အားသင့်သွားကြ၏။ ယန်ချင် ထန်က ဆက်ပြောလိုက်ပြန်သည်။

"ငါ့ရဲ့ သုံးသပ်ချက်အရဆိုရင် တူမလေးရဲ့ ဖခင်ဟာ မသေသေး ဘဲ လူ့လောကထဲမှာ ရှိနိုင်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမြွေ ဆိုတာ တကယ့်မိစ္ဆာမဖြစ်နိုင်ဘူးလို့ ငါ ယုံကြည်လို့ပဲ"

ယိဖျောင်းရှမ်းမှာ ထိုစကားကြားသောအခါ ဝမ်းသာသွား



"သေချာရဲ့လား ဦးလေးရယ်"

"ဒါကတော့ စိတ်ထင်ပေါ့ကွယ်"

ယိဖျောင်းရှမ်းမှာ စိတ်ပျက်သွား၏။ ကုလားထိုင်ပေါ်၌ ခြေပစ် လက်ပစ် ဖြစ်သွားသည်။

ယန်ချင်ထန်က ယိဖျောင်းရှမ်းအားကြည့်ကာ ....

"ငါ မေးစရာရှိသေးတယ် တူမလေး"

"မေးပါ ဦးလေး ...."

"မိစ္ဆာက ဗိယွင်ဖုရွာကလေးမှာ သောင်းကျန်းတုန်းက သူတို့ ဖမ်းသွားတာ ဆယ်နှစ်ကျော် ယောကျာ်းလေးတွေနော်"

"ဟုတ်ပါတယ် ...."

ယန်ချင်ထန်၏မျက်လုံးမှာ ဝင်းလက်လာ၏။

"ဒီအချက်ဟာ အတော်သံသယဝင်စရာကောင်းတဲ့ အချက် တစ်ခုပဲ ...."

ယိဖျောင်းရှမ်းက နားမလည်ဟန်ဖြင့် ....

"ဘာဖြစ်လို့ သံသယဝင်ရတာလဲ .... လူဖမ်းတာ ဘာထူးဆန်း လို့လဲ ...."

ယန်ချင်ထန်က ....

"မိစ္ဆာဟာ ဘာဖြစ်လို့ အပျို့လူပျိုတွေကို မဖမ်းသလဲ၊ ဆယ် နှစ်ကျော် ယောကျာ်းလေးတွေချည်းပဲ ရွေးဖမ်းရသလဲ၊ ဖမ်းတာက လည်း ယောကျာ်းလေးတွေချည်းပဲ၊ ပြီးတော့ မင်းရဲ့အဖေကိုသတ်ခဲ့ရင် အလောင်းကျန်ခဲ့မှာပဲ၊ တခြားလူ ၃ သေတုန်းကလည်း အလောင်း ကျန်ခဲ့တာပဲ၊ မင်းအဖေကျတော့ လူငယ်လေးမဟုတ်ဘဲနဲ့ ဖမ်းသွား တယ်၊ ထူးဆန်းတာတော့ အမှန်ပဲကွယ် ...."

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျင်ထန်တို့ခေါင်နှမက သူတို့ဖခင် ပြောနေသည်ကို ငေး၍ နားထောင်နေသည်။

ယိဖျောင်းရှမ်းက မျက်မှောင်ကုတ်ကာ စဉ်းစားနေသည်။

ထိုစဉ် ယွန်လီကျူက ဝင်ရောက်ပြောဆိုလိုက်သည်။

"ဖေဖေ ဦးလေးမသေသေးဘူး .... အဖမ်းခံရနေရတာဆိုရင် သူ့ကိုသွားကယ်ကြရအောင် .... "

ယန်ချင်ထန်က ခေါင်းညိတ်လိုက်၏။

"ကယ်ကြတာပေါ့ကွယ်၊ ဒါကို ဖေဖေစဉ်းစားနေတာပါပဲ"

သူတို့၏ဖခင်က တွေးတွေးဆဆစကားကြောင့် အားလုံး ငြိမ်သက်သွားကြသည်။ ကယ်တင်ရေးအစီအစဉ်ကို သူတို့၏ဖခင်သာ ရေးဆွဲနိုင်ပေလိမ့်မည်။



အခန်း(၁၁)

## မမျှော်လင့်သောမိတ်ဆွေဟောင်း

ပေါ့ပါးသောခြေသံမှာ ထွက်ပေါ်လာ၏။ မည်းမည်းအရိပ်တစ်ရိပ်သည် ပြတင်းပေါက်ဆီသို့ ချဉ်းကပ်လာသည်။

ယိဖျောင်းရှမ်းသည် ပြတင်းပေါက်ဆီသို့ အမှတ်တမဲ့လှမ်းကြည့်မိရာမှ ထိုအရိပ်မည်းကို ရုတ်တရက် တွေ့လိုက်ရကာ ထိတ်လန့်တုန်လှုပ်သွားမိတော့သည်။ သူမ အလန့်တကြား အော်ဟစ်လိုက်မိ၏။

သို့သော် .... အသံမှာ လည်ချောင်းထဲ၌ပင် ပျောက်ကွယ်သွားသည်။

မည်းမည်းအရိပ်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ တစ်လှမ်းခြင်း လှမ်းဝင်လာသည်။ ယိဖျောင်းရှမ်း သိလိုက်သည်။ မိစ္ဆာကောင်သည် မိမိအား သုတ်သင်ရန် ရောက်လာခြင်းသာ ဖြစ်ရမည်။ သူမက ခုတင်ပေါ်မှဆင်းကာ ဓားကို ဆွဲလိုက်သည်။

"သေပေတော့"

"ရှမ်း .... ရှမ်း .... ရှမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူမက မနားတမ်း တိုက်ခိုက်၏။ မိစ္ဆာကောင်မှာ ရှောင်တိမ်းခြင်းမရှိပါ။

သို့သော် သူမ၏ခုတ်သောဓားချက်တိုင်းမှာ လေထဲသို့သာ ခုတ်မိသကဲ့သို့ ဖြစ်နေသည်။ မိစ္ဆာကောင်မှာ မတုန်မလှုပ်ရပ်နေ၏။

မိစ္ဆာကောင်၏မန္တာကိုယ်မှာ အရိပ်သဖွယ်သာ ဖြစ်နေသည်။ ထိမိရန် မလွယ်သလို ဖြစ်နေသည်။ ယိဖျောင်းရှမ်း ထိတ်လန့် တုန်လှုပ်လာ၏။

ထိုစဉ် မိစ္ဆာကောင်က လက်ဝါးတစ်ချက် တွန်းထုတ်လိုက်ရာ ယိဖျောင်းရှမ်းမှာ ခုတင်ပေါ်သို့ ပြန်၍လွင့်စဉ်သွားလေတော့၏။ သူမ၏လက်ထဲမှ ဓားမှာလည်း လွတ်ကျသွားတော့သည်။

မိစ္ဆာကောင်မှာ သူမထံသို့ တစ်လှမ်းခြင်း လျှောက်လာ၏။ မိစ္ဆာကောင်က သူမကို သတ်တော့မည်။

ယိဖျောင်းရှမ်းက ခုတင်ပေါ်မှ လူးလဲထသည်။ သို့သော် .... အကြောက်လွန်နေသဖြင့် ထမရဘဲ ဖြစ်နေသည်။ အကြောအချဉ်များ သေသလို ဖြစ်နေသည်။ မကြာမီ မိစ္ဆာကောင်သည် သူ၏အနီးသို့ ရောက်ရှိလာလေတော့၏။

ယိဖျောင်းရှမ်းက ကုန်းအော်လိုက်သည်။

သို့သော် အသံက ထွက်မလာပါချေ။ လုံးဝ အသံထွက်မလာ။

မိစ္ဆာ၏လက်က ရှေ့သို့ထွက်လာ၏။ ထို့နောက် သူ့လည်ပင်းပေါ်သို့ ကျရောက်လာလေတော့၏။

ယိဖျောင်းရှမ်းက နဖူးပေါ်ကျလာသောလက်ကို အတင်းဖယ်ထုတ်ရင်း လူးလဲထလိုက်သည်။ ထိုစဉ် သူက အသံတစ်သံကိုပါ ကြားလိုက်ရသည်။



“တူမလေး အရမ်းမထနဲ့ ....”

သူမဦးလေး၏အသံပင်။ သူမ မသေသေးဟု သိလိုက်ရသဖြင့် ဝမ်းသာသွားသည်။ မျက်လုံးဖွင့်ကြည့်လိုက်ရာ သူမ၏ခုတင်ဘေး၌ သူမ၏ဦးလေး ယန်ချင်ထန်နှင့် ယန်ကျင်ကန်၊ ယန်လီကျူးတို့ကိုပါ တွေ့လိုက်ရသည်။

ယန်ချင်ထန်က ....

“ညက ပြတင်းပေါက်ပိတ်မအိပ်တော့ အအေးမိပြီး ဖျားတာပါ”

“တော်သေးတာပေါ့ .... ဦးလေးက သမားတော်ခေါ်တော့လို့”ဟု နွေးထွေးစွာ ပြောလိုက်သည်။

ယိဖျောင်းရှမ်းမှာ သူမ၏ရင်ဘတ်ကို သူမဘာသာ လက်ဖြင့် ထားမိသည်။ တစ်ကိုယ်လုံး ချွေးစေးများ ပြန်နေ၏။

ယန်လီကျူးက ပြုံး၍ ....

“တော်သေးတာပေါ့ .... မမက အဖျားတက်ပြီး သတိလစ်မလို ဖြစ်နေတာ ညီမရောက်လာပြီး တွေ့လို့”

ယိဖျောင်းရှမ်း နွမ်းနယ်စွာ ပြုံးလိုက်သည်။

“ကျေးဇူးတင်ပါတယ် ညီမလေးရယ်”

ယန်ချင်ထန်က ....

“ကဲ .... တူမလေး နားလိုက်ဦး .... သက်သာတယ်မဟုတ်လား .... တော်တော်ကြာမှ ဆေးသောက်လိုက်ပေါ့”

တစ်ဆက်တည်းပင် သမီးဖြစ်သူကိုလှမ်း၍ပြောသည်။

“သမီးက မမအနားမှာ နေပေးလိုက်ပါ”

ယန်လီကျူးက ....

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဖေဖေ၊ သမီး ကောင်းကောင်းပြုစုတတ်ပါတယ်"

ယန်ချင်ထန်နှင့် ယန်ကျင်ကန်က ပြန်ထွက်သွား၏။

ယိဖျောင်းရှမ်းမှာ ယခုထိ ရင်ခုန်မပြေသေးပါ။ အိပ်မက်ဖြစ်နေသည်ကိုပင် သူမ ဝမ်းသာနေရသေးသည်။ ယန်လီကျူသည် ယိဖျောင်းရှမ်း၏မျက်နှာပေါ်မှ အမူအရာကိုတွေ့သောအခါ ....

"မမကိုကြည့်ရတာ ကြောက်လန့်နေသလိုပဲ"

ယိဖျောင်းရှမ်းက ပြုံးလိုက်ပြီး ....

"ဘာမှ မဖြစ်ပါဘူးကွယ်"

ဤသို့ဖြင့် တစ်ညကုန်ဆုံးသွားလေ၏။

ယိဖျောင်းရှမ်းမှာ ရိုးရိုးအေးအေးမိပြီး ဖျားခြင်းဖြစ်၍ ရက်ပိုင်းအတွင်းမှာပင် ပြန်လည်ကောင်းမွန်သွားသည်။

တစ်နေ့ ....

သူတို့မိသားစု စကားပြောနေစဉ်၊ ယန်ဂေဟာအစောင့်က ထပ်ရောက်လာပြီး သတင်းပို့သည်။

"သခင်ကြီး .... အပြင်မှာ ဧည့်သည်ရောက်နေပါတယ်"

ယန်ချင်ထန်က မျက်မှောင်ကုတ်မိသည်။ သူ့အိမ်သို့ ဧည့်သည်လာခဲပေသည်။

"ဘယ်သူတဲ့လဲ .... "

အစောင့်က ....

"သူက သူ့ရဲ့နာမည်ကိုမေးတာ မပြောပါဘူး .... သူက သခင်ကြီးကို ပြောလိုက်ပါတဲ့ .... သွားသွားလာလာ အရိပ်မရှိတဲ့လူက တွေ့ချင်လို့တဲ့၊ သူ့ပုံပန်းက သိုင်းသမားတစ်ယောက်မှန်း သိသာပါတယ် ခင်ဗျာ .... "



ယန်ချင်ထန်သည် အစောင့်စကားဆုံးသွားသည်နှင့် ထရပ်လိုက်၏။

ချက်ချင်းပင် ဧည့်ခန်းမှ ထွက်သွားသည်။ ယိဖျောင်းရှမ်းမှာ ယန်ချင်ထန်၏အမူအရာကြောင့် အံ့သြသွားသည်။ သူမလည်း ယန်ချင်ထန် နောက်မှ လိုက်သွားလိုက်သည်။ ဧည့်သည်သည် မုချထူးဆန်းသူဖြစ်ရပေမည်။ ခြံတံခါးဝ၌ လူတစ်ယောက်ရပ်နေသည်။

လူက အသက်လေးဆယ်ကျော် ငါးဆယ်တွင်းသာ ရှိရမည်။ မျက်ခုံးများက ထူ၏။ မျက်လုံးများက တောက်ပသည်။ ရုပ်ရည်ကလည်း မဆိုးလှချေ။ အရပ်က သွယ်လျလျဖြစ်သဖြင့် မြင်သည်နှင့် ခင်မင်ဖွယ်ရာရုပ်ရည်များပင် ဖြစ်သည်။ အစောင့်ပြောသလို သိုင်းသမားနှင့်တူသည်ထက် ကဗျာသမား၊ စာသမားနှင့် ပိုတူပေသည်။ ယန်ချင်ထန်က လှိုက်လှဲစွာ ကြိုဆိုသည်။

တံခါးချက်ချင်းဖွင့်သည်။ ခါးကိုဖက်၍ ဧည့်ခန်းထဲသို့ ခေါ်ဆောင်လာသည်။ ထိုအခါကျမှ ဧည့်သည်နှင့် ဓားနှစ်လက်ချိတ်ဆွဲပါရှိလာကြောင်း ယိဖျောင်းရှမ်းတို့ ကွဲကွဲပြားပြား မြင်တွေ့ကြရ၏။ ခြံတံခါးနှင့်ကွယ်နေသဖြင့် ခါးမှ ဓားများကို ယိဖျောင်းရှမ်းတို့ မတွေ့ကြရခြင်း ဖြစ်ပါသည်။

ယိဖျောင်းရှမ်းသည် ထိုလူကို သေချာစွာ အကဲခတ်ကြည့်မိ၏။

ထိုအချိန်မှာပင် ယန်ချင်ထန်က ယိဖျောင်းရှမ်ဘက်သို့ လှည့်လိုက်ပြီး ....

"တူမလေး .... ဒီကိုလာခဲ့ .... မိတ်ဆက်ပေးရဦးမယ်"

ယိဖျောင်းရှမ်းက ရှေ့သို့လျှောက်သွားလိုက်သည်။ ယန်ချင်ထန်က မိတ်ဆက်ပေးသည်။

www.burmeseclassic.com



"ဒီက ဦးလေးက မောင်စန်းတောင် ဓားသမား ကျုံဖေတဲ့၊ တူမလေး မှတ်ထား ....."

ယိဖျောင်းရှမ်က မောင်စန်းတောင် ဓားသမား ကျုံဖေကို လက်ဖဝါးနှစ်ဖက်ယှက်ကာ ဂါရဝပြုလိုက်သည်။

ယန့်ချင်ထန်က မောင်စန်းတောင် ဓားသမားကျုံဖေအား စိုက်ကြည့်လိုက်၏။ ကျုံဖေမှာ ဘာမျှပြောင်းလဲခြင်းမရှိပါ။ ပေါ့ပါးဖျတ်လတ်ဟန်ရှိသည်။ ထိမထင်သောအမူအရာကလည်း မပျောက်သေးပါ။ ကျုံဖေသည် မည်သည့်အရာကိုမျှ မကြောက်ခဲ့သူ ဖြစ်ပါသည်။ ယခုလည်း ကြောက်ဟန် မရှိသေးပါ။

ယန့်ချင်ထန်သည် ကျုံဖေနှင့် ဆုံခဲ့သော လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်ကာလကို ပြန်လည် သတိရလာမိလေ၏။

လွန်ခဲ့သော နှစ်နှစ်ဆယ်။

တောင်ပိုင်းပြည်နယ်ငါးခုရှိ မောင်စန်းတောင်ဂိုဏ်းမှာ အလွန်နာမည်ကျော်ကြားခဲ့သည်။

မောင်စန်းတောင် ဓားသမား ကျုံဖေမှာ ဂိုဏ်း၏အားထားရသော ဓားသမားတစ်ယောက်ဖြစ်သည်။ သူ့ရဲကောင်း ဓားသမားတစ်ဦးပင်။ အကြောင်းမဲ့ ကျော်ကြားခြင်း မဟုတ်ခဲ့ပါ၊ ထိုပြည်နယ်ငါးပြည်နယ်မှ သိုင်းသမားများသည် ဓားပြိုင်ပွဲများ အပြိုင်အဆိုင် ယှဉ်ခဲ့ပါသည်။ ထိုဓားပြိုင်ပွဲတိုင်း၌ ကျုံဖေ အောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။



ထို့ကြောင့် ကျုံဖေကို မောင်စန်းတောင် ဓားသမားဘွဲ့ပေးကြခြင်း ဖြစ်ပါသည်။

ကျုံဖေကဲ့သို့ ထင်ရှားကျော်ကြားသောသူ တစ်ဦးမှာ ယန့်ချင်ထန်ဖြစ်သည်။ သို့သော် သူကဓားမကျွမ်း၊ လုံပညာ၌ ကျွမ်းသည်။ သူကိုင်သော ရွှေလုံတံနှင့်အတူ သူ၏ကျော်ကြားမှုလည်း တောက်ပခဲ့ပေသည်။

သူသည် မောင်စန်းတောင် ဓားသမား ကျုံဖေ၏သတင်းကို ကြားသိခဲ့သည်။ ထိုအခါ သူ့မှာ ရှုံးပွဲမရှိသေးသော မောင်စန်းတောင် ဓားသမားကျုံဖေနှင့် ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်သည်။

ထို့ကြောင့် သူသည် တောင်ပိုင်းပြည်နယ်သို့ ထွက်လာခဲ့တော့သည်။ ကျုံဖေနှင့်တွေ့ရန်ပင်။

ယန့်ချင်ထန် တောင်ပိုင်းပြည်နယ်သို့ ရောက်ရှိလာ၏။ တောင်ပိုင်းပြည်နယ်သည် သူနှင့်စိမ်းပါသည်။ ထို့ကြောင့် တည်းခိုခန်းတစ်ခု၌ ဟားရမ်းနေထိုင်ခဲ့ရ၏။ သူက မောင်စန်းတောင် ဓားသမားနှင့် ယှဉ်ပြိုင်လို၍ရောက်လာခြင်း ဖြစ်သော်လည်း မိန်ခေါ်ပြီး တိုက်ခိုက်ယှဉ်ပြိုင်မှုမျိုး မပြုလုပ်လိုပါ။ တစ်ယောက်နှင့်တစ်ယောက် ပညာခြင်းဖလှယ်ရန်သာ ဖြစ်သည်။ အရှုံးအနိုင်ကို သူက စိတ်မဝင်စားပါ။ ပညာကို လေ့လာလိုခြင်းသာ ဖြစ်သည်။

ထို့ကြောင့် သူသည် မောင်စန်းတောင် ဓားသမားအား ကိုယ့်နည်းကိုယ့်ဟန်နှင့်သာ ရှာဖွေခဲ့ပေသည်။

မောင်စန်းတောင် ဓားသမားအား ဆယ်ရက်မျှအထိ သူက ရှာရပါ။ အကြောင်းမှာ မောင်စန်းတောင် ဓားသမားကျုံဖေမှာ ထင်ပေါ်ကျော်ကြားစွာနေသူတစ်ယောက်မဟုတ်သောကြောင့်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စန်းတောင် ဓားသမားကျုံဖေအား ရှာမတွေ့သော်လည်း ယန်ချင်ထန်သည် မိတ်ဆွေတစ်ယောက်ကို ရရှိခဲ့သည်။ ထိုမိတ်ဆွေမှာ သူနှင့်ရွယ်တူလောက်ပင်။ သူက ထိုမိတ်ဆွေနှင့်အတူ စာပေပညာများနှင့် သိုင်းပညာများ ဆွေးနွေးကြ၏။ ထိုသို့ဆွေးနွေးရင်း သူ၏မိတ်ဆွေမှာ သိုင်းပညာဖွင့် အတော်ပင် ကျွမ်းကျင်မှုရှိကြောင်း တွေ့လာရသည်။ စာပေပညာလည်း နှံ့စပ်ပြန်သည်။

နောက်ဆုံး၌ ထိုမိတ်ဆွေသည် သူ အလွန်တွေ့ချင်သော မောင်စန်းတောင် ဓားသမား ကျုံဖေမှန်း သိလိုက်ရလေသည်။

ထို့ကြောင့် သူက ဤတောင်ပိုင်းသို့ ရောက်လာရသော အကြောင်းရင်းကို ပြောပြပြီး မောင်စန်းတောင် ဓားသမားကျုံဖေနှင့် သိုင်းပညာယှဉ်ပြိုင်ရန် တောင်းပန်လိုက်သည်။ အနိုင်အရှုံး အဓိကမဟုတ်။ ပညာသာ အဓိကဖြစ်သည်။ ပညာဖလှယ်ရန် အဓိကဖြစ်၏။ ယန်ချင်ထန်သည် ရိုးသားသူဖြစ်သည်။ အမှန်အတိုင်းပင် ပြောပြလေ၏။

မောင်စန်းတောင် ဓားသမား ကျုံဖေက လက်ခံ၏။

"အင်း .... မိတ်ဆွေက ဒီလောက်ယှဉ်ပြိုင်ချင်မှဖြင့် ယှဉ်ပြိုင်ကြတာပေါ့ .... "

သူတို့မြို့ပြင်သို့ ထွက်လာကြတော့သည်။

မြို့ပြင်သို့ရောက်သောအခါ မောင်စန်းတောင် ဓားသမားကျုံဖေက အနီးရှိ သစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ချိုးယူပြီး ပြောသည်။

"ကျုပ်က ဒီသစ်ကိုင်းနဲ့ပဲ ယှဉ်ပါ့မယ်"

"ဟာ .... ဒီလိုတော့ မလုပ်ပါနဲ့ဗျာ .... "

"ဘာဖြစ်လို့လဲဗျ .... "



"ခင်ဗျားက ဓားသမားပဲ .... ဓားကို ထုတ်သုံးသင့်ပါတယ်ဗျာ"

"ခင်ဗျား ကျုပ်ကို အထင်မှားနေပြီ မိတ်ဆွေ၊ ခင်ဗျားစိတ်ထဲမှာ ဘာရှိတယ်ဆိုတာကို ကျုပ်သိပါတယ်"

ယန်ချင်ထန် ခပ်မဆိတ်ပင် နေလိုက်၏။

ကျုံဖေက ဆက်ပြောသည်။

သူက ပွင့်လင်းသည်။

"ကျုပ်က ခင်ဗျားကို အထင်သေးလို့ မဟုတ်ပါဘူး၊ သိုင်းပညာခြင်း ဖလှယ်တာပဲ၊ ယှဉ်ပြိုင်တာမှ မဟုတ်ဘဲ၊ ဒါကြောင့် ဓားကိုမသုံးတာပါပဲ၊ တိုက်ခိုက်နိုင်ပြီ"

ယန်ချင်ထန် လက်ခံလိုက်ပါသည် .... ။ ထိုကိစ္စအတွက် စိတ်အနှောင့်အယှက်မဖြစ်သင့်ဟု သူ့ကိုယ်သူ ပြောမိသည်။

သူ၏ရွှေလှံတံမှာ ဓားကို မမှုပါ။ သူနိုင်မည်ဟု ယုံကြည်နေပါသည်။

ယခုလို သစ်ကိုင်းနှင့်တိုက်ခိုက်ရမည်ဆိုသောအခါ သူ လက်ခံလိုက်ပါသည်။

သူက သူ၏ကျော်ကြားလှသော ရွှေလှံတံလေးကွက်ကို စတင်ဖော်ထုတ်လိုက်၏။

သူ၏ရွှေလှံတံလေးကွက်မှာ သူ၏အထက်မြတ်ဆုံး လှံသိုင်းပညာ ဖြစ်သည်။ ထိုလေးကွက်ဖြင့် သူ ကျော်ကြားခဲ့ခြင်း မဟုတ်ပါလော။

သူ၏ ရွှေလှံတံမှာ မြွေဟောက်တစ်ကောင်နှယ် မောင်စန်းတောင် ဓားသမား ကျုံဖေထံသို့ ကိုးဝင်သွားသည်။

ကျုံဖေက နေရာမှ မရွှေ့ပါ။ လက်ထဲမှ သစ်ကိုင်းဖြင့် ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း တန်ပြန်သည့် အလွန်လျင်မြန်သော တိုက်ကွက်ပင်။ သိုင်းသမား တော်တော်များများသည် ခံပြီးသည်နှင့် ပြန်မတိုက်နိုင်ကြပေ။

ယန်ချင်ထန် အံ့သြသွားသည်။

ကျုံဖေသည် သူ၏တိုက်ခိုက်မှုကို ကောင်းစွာ ခံနိုင်သည့်အပြင် သူ့ကိုပင် တန်ပြန်တိုက်ခိုက်နိုင်နေသည် မဟုတ်ပါလော။

ဤသို့ဖြင့် ယှဉ်ပြိုင်ခဲ့ရာ သိုင်းကွက် ဆယ်ကွက်မျှ အရောက်ဝယ် မောင်စန်းတောင်ဓားသမား ကျုံဖေ၏ သစ်ကိုင်းက ယန်ချင်ထန်၏ လှံကိုင် လက်ကောက်ဝတ်မှအကြောကို ထောက်မိသွားတော့သည်။

ယန်ချင်ထန်၏လက်မှာ ထုံကျဉ်သွားပြီး ရွှေလှံတံမှာလည်း မြေပေါ်သို့ လွတ်ကျသွားခဲ့ရသည်။

ယန်ချင်ထန်၏မျက်နှာတစ်ပြင်လုံး ရဲသွား၏။ သူ အရှက်ရသွားသည်။ သူ၏သိုင်းပညာမှာ သိပ်မညံ့ပါ။ သိုင်းလောကခွင်၌လည်း နာမည်ရခဲ့သူ ဖြစ်ပါသည်။

သို့သော် ....

မောင်စန်းတောင် ဓားသမား ကျုံဖေက သူ့အား သိုင်းကွက်ဆယ်ကွက်မျှနှင့် အနိုင်ယူသွားခြင်းမှာမူ သူက ကျုံဖေထက် အလွန်ညံ့နေကြောင်း သက်သေပြလိုက်သလို ဖြစ်သွားပါသည်။

မောင်စန်းတောင် ဓားသမား ကျုံဖေက ယန်ချင်ထန် လွှတ်ကျသွားသော ရွှေလှံတံကို ကောက်ယူပြီး ပြန်ပေး၏။

“မိတ်ဆွေ .... ကျုပ်ကို စိတ်မဆိုးပါနဲ့၊ ကျုပ်တို့ပညာဖလှယ်ကြတာပဲ၊ ကောင်းတဲ့အကွက်ကို ယူ၊ မကောင်းတဲ့အကွက်ကို ပယ်ပေါ့ဗျာ .... ”



ကျုံဖေက ယန်ချင်ထန်အား တောင်းပန်၏။ ကျုံဖေ၌ မာန်မာနလုံးဝမရှိကြောင်း သိလိုက်ရသောအခါ ယန်ချင်ထန်သည် ကျုံဖေကို လွန်စွာ လေးစားသွား၏။ သူတို့၏ခင်မင်မှုသည် ထိုအခါမှ စတင်ရစ်ဖွဲ့လေတော့သည်။

“ဟော့ .... ကျုပ်ကို ဒီအတိုင်းပဲငေးပြီး ကြည့်နေတော့မှာလားဗျ .... ”

ကျုံဖေက လှမ်းအော်သည်။

“ဟာ .... ကျုပ်က ခင်ဗျားနဲ့တွေ့ဆုံခဲ့တာတွေ ပြန်ပြီးသတိရနေမိလို့ဗျို့ .... ကဲ .... ခင်ဗျားဘယ်လိုလုပ်ပြီး ကျုပ်အိမ်ရောက်လာတာလဲ .... မျက်စိလည်လာတာပဲ ဖြစ်မယ်၊ မျှော်နေတုန်းကတော့ ခင်ဗျား ရောက်မလာဘူး .... ”

ကျုံဖေက ....

“ဟား .... ဟား .... ဟား .... ဒါပေါ့ .... ဒါပေါ့ .... မျက်စိလည်လာတာပေါ့၊ ဘယ်လိုလဲ၊ ခင်ဗျားမှာ ကလေးတွေဘာတွေ ရနေပြီလား .... ”

ယန်ချင်ထန်က ခေါင်းညိတ်ကာ ....

“ဟုတ်ကဲ့ .... နှစ်ယောက်ရှိတယ်၊ သားနဲ့သမီးပေါ့”

“တော်တော်ကြီးကြပြီလား”

“အင်း .... အရွယ်ရောက်လာပါပြီ .... ”

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ သိပ္ပံပညာအဆင့်ကော ကျုပ်စိတ်တင်တော့ သူတို့သာမန်လောက်ပဲ ရှိကြလိမ့်မယ်နဲ့တူတယ် .... ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား သိပ္ပံလောက,က ပျောက်သွားတာ ကြာပြီကိုး .... "

"မဆိုးတော့ မဆိုးပါဘူးဗျာ .... ဒါနဲ့ ဒီကို ဘာကိစ္စနဲ့ရောက်လာရတာလဲ၊ ကိစ္စတော့ရှိမယ် အောက်မေ့တာပဲ .... "

ကျုံဖေက ရယ်မောရင်း ....

"တခြားမဟုတ်ပါဘူးဗျာ၊ ကျုပ်ပြောသလို မျက်စိလည်ရောက်လာတာပါပဲ၊ ဒါနဲ့ ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားက နင်ပိုမြို့သား မဟုတ်လား ..... "

ယန်ချင်ထန်က ....

"ဘာများမေးမလို့လဲဗျာ .... ကျုပ်သိတာဆိုရင် ဘာမှလျှို့ဝှက်မထားပါဘူး၊ အကုန်ပြောမှာပါ .... "

ကျုံဖေက ....

"နင်ပိုမြို့က ငွေတိုက် အလုပ်ခံရတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ် .... "

"အဲဒီ လုတဲ့သူတွေဟာ လူမဟုတ်ဘဲ မိစ္ဆာတွေလို့ ပြောနေတာ ကျုပ်ကြားခဲ့တယ် .... ဟုတ်သလား"

ယန်ချင်ထန်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ....

"အင်း .... ဒီကိစ္စကို ခင်ဗျားက မမေးလည်း ကျုပ်ကပြောပြမလို့ဗျ .... အခုတလော ကျုပ်တို့နယ်ဘက်မှာ မိစ္ဆာတွေ တော်တော်လေးကို သောင်းကျန်းနေတယ်၊ မြို့ရော တောပါ သိပ်ဆိုးနေတယ်ဗျာ၊ တောကလူတွေလည်း မြို့ကိုတက်ပြေးလာကြတာပဲ .... "

"ပြောစမ်းပါဦး၊ အဲဒီမိစ္ဆာတွေအကြောင်းကို၊ ခင်ဗျားပြောတဲ့



သတင်းကိုမှ အသေအချာယုံလို့ ဖြစ်မှာဗျ .... "

ယန်ချင်ထန်က ....

"ပထမဦးဆုံး မိစ္ဆာတွေပေါ်လာတာကတော့ ဒီနင်ပိုမြို့မှာပဲ၊ ဒါကတော့ ကိုယ်က ကြုံတွေ့နေလို့ပါ၊ ဒါပေမယ့် ဖီယွင်ဖု တံငါရွာကလေးမှာလည်း မိစ္ဆာဆိုတာတွေ ပေါ်နေတာပါပဲဗျာ၊ မိစ္ဆာတွေသွားပုံကလည်း ထူးဆန်းတယ်ဗျ .... "

"ဘယ်လိုထူးဆန်းတာလဲ .... "

ယန်ချင်ထန်က ....

"ခြေစုံခုန်ပြီး သွားကြတယ်ဗျာ .... တော်တော်ကလေး ဝေးဝေးရောက်သတဲ့ .... "

ကျုံဖေက ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါဦးဗျာ၊ စိတ်ဝင်စားစရာပါပဲ"

ယန်ချင်ထန်က စကားဆက်လိုက်၏။

"နောက်တော့ မိစ္ဆာတွေဟာ ဖီယွင်ဖုရွာထဲဝင်သတဲ့၊ အိမ်တွေကို ဝင်သောင်းကျန်းသတဲ့ .... "

"ကျုပ်မေးပါရစေဦး .... မိစ္ဆာက ဘယ်လိုပုံစံမျိုးလဲ"

ယန်ချင်ထန်က ယိဖျောင်းရှမ်းထံသို့ လှမ်းကြည့်လိုက်၏။

"အဲဒီကိစ္စတွေကို ကျုပ်ပြောတာထက် ကျုပ်တူမလေးပြောတာက ပိုပြီးသဘာဝကျတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူက ဖီယွင်ဖုရွာက မိစ္ဆာတွေနဲ့တွေ့ပြီး ကျုပ်ဆီ ပြေးလာရလို့ပဲ၊ ကဲ .... သမီး ပြောပြလိုက်စမ်း .... "

ယိဖျောင်းရှမ်းက မိစ္ဆာများ၏ပုံသဏ္ဌာန်ကို ခရေစေ့တွင်းကျ ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်သာမက ဗီယွင်ဖုရှာ၌ မိစ္ဆာသောင်းကျန်းပုံ၊ သားအဖနှင့်ယောက် မိစ္ဆာဖမ်းရန် တိုင်ပင်ပုံ၊ စောင့်ဆိုင်းပုံ၊ တိုက်ခိုက်ပုံ နားနေသည့်ည၌ မိစ္ဆာများက အိမ်ကို လာတိုက်ခိုက်ပုံ၊ ဖခင်ပျောက်သွားသည်အစရှိသည်အားလုံး ပြောပြလိုက်သည်။

ထို့နောက် ရွာထဲ၌ ဆယ်နှစ်ကျော် ယောက်ျားလေးများ ဖမ်းဆီးပုံ၊ ထို့နောက် ပိုင်ဆတ်ဖုရှာတွင်လည်း ထို့နည်းတူပင် မိစ္ဆာများလာရောက်သောင်းကျန်းပုံနှင့် သူမ ကြားထားသော နင်ပိုမြို့၏ ဌေးတိုက်အား လုယက်ပုံတို့ကို ပြောပြလိုက်လေသည်။

ထို့နောက် ဘာမျှ ထပ်မမေးတော့ ....။ မျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။ ယန်ချင်ထန်သည် ကျုံဖေ၏အကျင့်ကို သိသဖြင့် ဝင်၍ မေးခွန်းမထုတ်တော့ပေ။ ငြိမ်၍စောင့်နေသည်။ အတန်ကြာသော် ကျုံဖေ၏မျက်လုံးအစုံမှာ တောက်ပလာပြီး စားပွဲခုံကို လက်နှင့်ပုတ်လိုက်သည်။

"သူပဲဖြစ်ရမယ် .... သူပဲဖြစ်ရမယ် .... ဒီလူ နောက်တစ်ကြိမ်ပြန်ပေါ်လာပြီ .... သူသာ ပြန်ထွက်ပေါ်လာရင်တော့ အားလုံး ဒုက္ခရောက်ကုန်မှာပဲ၊ ဒီလူဟာ လူယုတ်မာ၊ အင်မတန် ဆိုးညစ်တဲ့လူ ကြောက်စရာ အကောင်းဆုံးလူ .... ဒုက္ခပဲ၊ အားလုံး ဒုက္ခရောက်တော့မယ် .... "

ကျုံဖေ၏အသံမှာ လေးနက်နေသည်။

ထိုအသံကြောင့် အားလုံးပင် လန့်ဖျပ်သွားသည်။

ယန်ချင်ထန်က ....

"ဘယ်လို .... ခင်ဗျားက ဒီမိစ္ဆာတွေကို သိတယ် ဟုတ်လား ဘယ်သူတွေလဲဗျာ .... "



ယိဖျောင်းရှမ်းမှာ စိတ်ဝင်စားလွန်းသဖြင့် အသက်ရှူရန်ပင်မေ့သလို ဖြစ်သွားသည်။

သူမသည် ကျုံဖေပြောမည့်စကားအား နားစွင့်နေမိတော့သည်။

ကျုံဖေက သက်ပြင်းတစ်ချက်ချပြီး ....

"ခင်ဗျားလည်း သိုင်းလောကထဲမှာ ကျင်လည်ခဲ့တဲ့ သိုင်းသမားတစ်ယောက်ပဲ၊ ခင်ဗျားသိဖို့ကောင်းတာပေါ့"

ယန်ချင်ထန်က မျက်မှောင်ကုတ်သွား၏။

"ကျွန်တော် ဘာမှသတိမရတော့ဘူး၊ ကျုပ် စိတ်မြှုပ်နေတာလည်း ကြာပြီ"

ကျုံဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ....

"ကောင်းပြီ၊ ဒါဆို ကျုပ်ပြောမယ်၊ အရှေ့ပင်လယ်မီးကျွန်းသခင်ကို ခင်ဗျားမေ့နေပြီလား .... "

ယန်ချင်ထန်မှာ ထိုင်ရာမှ ထခုန်မိတော့၏။

"သိပြီ .... သိပြီ .... အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံဆိုတဲ့လူ မဟုတ်လား .... "

"ဟုတ်တယ် .... ကျုပ်စိတ်ထင်တော့ သူပဲဖြစ်ရမယ်၊ သူကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါဘူး .... "

ယန်ချင်ထန်က တီးတိုးရေရွတ်လိုက်၏။

"အရှေ့ပင်လယ် မီးကျွန်းသခင် ဟူရှန်ဖုံ .... "

ယိဖျောင်းရှမ်းမှာ ဘေးမှရပ်၍ နားထောင်ရင်း ဘာမျှ နားလည်ဟန်ရှိသည်။ အရှေ့ပင်လယ်မီးကျွန်းသခင်ကိုလည်း မသိပါ။ အရိုးဖြူဂိုဏ်းကိုလည်း မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံ၏နာမည်ကိုလည်း မကြားဘူးပါ။

ထို့ကြောင့် သူမက ဝင်ရောက်မေးမြန်းလိုက်သည်။

"ဦးလေး .... အရိုးဖြူဂိုဏ်းချုပ်ဟူရှန်ဖုံဆိုတာ ဘယ်သူလဲ လူလား မိစ္ဆာလား"

ကျုံဖေသည် ယိဖျောင်းရှမ်း၏အမေးကြောင့် ရယ်မောမိလေ၏။

ထို့နောက် ရယ်ရှိန်သတ်ပြီး ....

"အေး .... မင်းကတော့ သိမှာမဟုတ်ဘူး၊ အရိုးဖြူဂိုဏ်းချုပ်ဟူရှန်ဖုံဟာ မိစ္ဆာမဟုတ်ပါဘူး၊ လူစစ်စစ်ပါပဲ"

ယန်ချင်ထန်က ကျုံဖေစကားကို ဖြည့်စွက်ပေးလိုက်၏။

"ဒါပေမယ့် ဟူရှန်ဖုံဆိုတဲ့လူဟာ မိစ္ဆာထက် ကြောက်စရာကောင်းတယ်၊ ဆိုးရွားယုတ်မာတယ်"

ကျုံဖေက သက်ပြင်းချရင်း ....

"အင်း .... မင်းတို့ ဗဟုသုတရအောင် အရိုးဖြူဂိုဏ်းချုပ်ဟူရှန်ဖုံခေါ်တဲ့ အရှေ့ပင်လယ်မီးကျွန်းသခင်အကြောင်း ပြောပြရတာပေါ့"

ယိဖျောင်းရှမ်းက ဝမ်းသာသွားသည်။



## အခန်း(၁၂)

## အစ၏အစ

"ကဲ ကဲ ဧည့်ခန်းထဲလာကြပါ၊ အေးအေးဆေးဆေးပေါ့ဗျာ"

ယန်ချင်ထန်သည် ထိုအခါကျမှ ဧည့်သည်ကို ဧည့်ခန်းထဲခေါ်ရန် သတိရတော့သည်။

"တော်သေးတာပေါ့၊ ခင်ဗျား ဖိတ်ခေါ်ဖို့ သတိရပေလို့ပဲ"

ကျုံဖေက ရယ်ရင်းပြော၏။

"ကျုပ်လည်း စကားထဲမှာ နစ်မြောသွားလို့ပါဗျာ၊ ကျုပ်အိမ်ကို ခင်ဗျားအိမ်လို့မှတ်ပါ၊ ဘာမှ အားမနာပါနဲ့"

အားလုံး နေရာတကျ ထိုင်ပြီးသောအခါ ကျုံဖေက အရှေ့ပင်လယ်မီးကျွန်းသခင်အကြောင်း ပြောပြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပင်လယ် မီးကျွန်းသခင် သို့မဟုတ် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ။

လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က ဟူရှန်ဖုံမှာ အရှေ့ပင်လယ် မီးကျွန်းသခင် မဖြစ်သေးပါ။ ထို့အတူ အရိုးဖြူဂိုဏ်းကိုလည်း မတည်ထောင်ခဲ့သေးပါ။ သာမန်သိုင်းသမားတစ်ယောက်မျှသာ ဖြစ်ပါသည်။

သူ၏ သိုင်းပညာမှာ မဆိုးလှပါ။ အဆင့်မြင့်သည်ဟု ဆိုနိုင်သည်။

သို့သော် ဟူရှန်ဖုံသည် စိတ်ထားမြင့်မြတ်သူ မဟုတ်ပေ။ မကောင်းသော အကျင့်အားလုံး သူ့၌ တည်ရှိနေသည်။ ထို့ကြောင့် သူနှင့်နီးစပ်သော လူတိုင်းက နာခေါင်းရှုံ့ကြ၏။ သူ့အား သိုင်းလောက၏ အပုပ်ကောင်ဟု သူကွယ်ရာတွင် ခေါ်ဆိုခဲ့ကြသည်။ သိုင်းသမားလူဆိုးအတော်များများ မလုပ်သည့် မိန်းမကိစ္စ၌လည်း ဟူရှန်ဖုံ မလွတ်ကင်းခဲ့ပါချေ။ သို့သော် ဟူရှန်ဖုံသည် ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်ဖြစ်ပါသည်။ စကားအပြောဆို ချိုသာသည်။

သူ၏အကြောင်းကိုသာ မသိထားလျှင်မူ သူ့အား အတော်ပင် ဖော်ရွေပြီး သဘောကောင်းသော လူငယ်တစ်ယောက်ဟု ထင်မြင်မည်မှာ သေချာသည်။

ယခုလည်း ဟူရှန်ဖုံမှာ ဆန်တိုပြည်နယ်ဘက်သို့ ခရီးထွက်လာခဲ့သည်။

ဆန်တိုပြည်နယ်၌ သူက အသိအကျွမ်း တစ်စုံတစ်ရာမျှ မရှိ။ သူက သိုင်းလောက၌ ကျင်လည် ကျက်စားရင်း နေရာအနှံ့ လျှောက်သွားနေရာမှ ဆန်တိုပြည်နယ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။



"ရွှေနဂါး တည်းခိုခန်း"

နဂါးကြီးတစ်ကောင် ပါးပြင်းထောင်တွန့်လိမ်နေသော ပန်းချီပုံဖြင့် တည်းခိုခန်းသည် လှပနေ၏။ အစားအသောက်လည်းရသည်။

ဟူရှန်ဖုံသည် ရွှေနဂါးတည်းခိုခန်း၌ ဝင်ရောက်တည်းခိုလေတော့၏။ ဟူရှန်ဖုံမှာ ဆန်တိုပြည်နယ်သို့ရောက်ပြီး တည်းခိုခန်းတွင်းမှ ထွက်သည်ပင် မရှိတော့ချေ။

အဘယ်သို့ ဖြစ်သနည်း။ သူ မထွက်ချင်၍ မဟုတ်ပါ။

တည်းခိုခန်းအတွင်းရှိ လောင်းကစားဝိုင်းက သူ့အား မထွက်နိုင်အောင် ဆွဲဆောင်ထားသောကြောင့် ဖြစ်ပါသည်။ သူ့အဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ ခုနစ်ရက်အတွင်း လောင်းကစားရာ၌ အရှုံးမရှိပါ။ အနိုင်ပင် ရနေသည်။

ဟူရှန်ဖုံမှာ ဆယ်ရက်မျှ လောင်းကစားပြီးသောအခါ ငြင်းရိလာသည်။ အပြင်ထွက်ရန် စဉ်းစားတော့သည်။

ထို့ကြောင့် ဆယ့်တစ်ရက်မြောက်သောနေ့တွင် တည်းခိုခန်းမှ ထွက်လာလေတော့သည်။ သူ လည်ပတ်ရမည့် နေရာကို စဉ်းစားသည်။ သူ ပထမဆုံး စဉ်းစားမိသောအရာမှာ ဈေးဖြစ်သည်။ ထို့ကြောင့် ဈေးဘက်သို့ ထွက်လာခဲ့လေတော့သည်။

ထုံးစံအတိုင်းပင် ဈေးသည် စည်ကားနေ၏။ တောင်ဝိုင်း မြို့အများအပြားမှ လာရောက်ဖောက်ကားခြင်းကြောင့်လည်း ဤဈေးသည် ဟူရှန်ဖုံ မှတ်ထင်ထားသည်ထက် ပိုစည်နေခြင်းဖြစ်တော့သည်။

ထိုဈေးသည် အခြားမြို့ဈေးများကဲ့သို့ ကုန်ပစ္စည်းအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



**ခုပ်ပြုံရောင်းချခြင်း** မရှိပါ။ ကုန်ပစ္စည်းမျိုးအလိုက် ခွဲခြားရောင်းချသဖြင့် **ဟူရှန်ဖုံအဖို့** ပို၍ ဟန်ကျသွားသည်။ အဘယ်ကြောင့်ဆိုသော် သူသည် မိန်းမကိစ္စ၌လည်း ဝါသနာပါသူဖြစ်၍ ပန်းချည်းသက်သက် ရောင်းချသော ဈေးတန်းကို တွေ့ရှိရသောကြောင့်ပေတည်း။

ပန်းဈေးသို့လာသော မိန်းကလေးများသည် အလွန်တရာ လှပကြ၏။ မျက်စိအရသာခံလိုသော ဖောက်ပြားတပ်မက်စိတ်ဖြင့် ကြည့်လိုသော ဟူရှန်ဖုံသည် ပန်းဈေးနှင့် မလှမ်းမကမ်းမှရပ်၍ ကြည့်နေလေတော့၏။ သူသည် လမ်းတစ်ဘက်သို့ ကူးလျှောက်လိုက်သည်။

ထိုစဉ် လမ်းချိုးကလေးထဲမှ မြင်းလှည်းတစ်စီးက ထွက်လာသည်။

မြင်းလှည်းမှာ အရှိန်နှင့် လမ်းချိုးအတွင်းမှ ထွက်လာခြင်းဖြစ်၍ ဟူရှန်ဖုံကို ဝင်တိုက်တော့မည်ကဲ့သို့ ဖြစ်သွားတော့သည်။

ဟူရှန်ဖုံ ခုန်ရှောင်လိုက်ရသည်။ သူ ဒေါသထွက်သွား၏။ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသကဲ့သို့ပင် မဟုတ်ပါလား။

မြင်းလှည်းမောင်းသမားက ဆင်းလာပြီး ဟူရှန်ဖုံအား လှမ်းကြိမ်းမောင်းသည်။

"မင်းဘကြီးပိုင်တဲ့ လမ်းလို့ထင်ပြီး အခုလို လျှောက်နေတာလား၊ မင်းကများ အော်ရတယ် ရှိသေးသလား"

ဟူရှန်ဖုံက မြင်းလှည်းမောင်းသမားအား ကြည့်လိုက်လေ၏။

မြင်းလှည်းမောင်းသမားမှာ ပုညက်ညက် ဖြစ်သည်။ အသက်လေးဆယ်ခန့် ရှိသည်။

ဟူရှန်ဖုံမှာ သူက အတိုက်ခံရမလိုဖြစ်ရပြီး သူပင် အပြောခံလိုက်ရသေးသည့်အတွက် ပို၍ ဒေါသထွက်လာသည်။



"မင်းတို့ကကော မျက်စိမပါဘူးလား"

"မင်းမှအသုံးမကျဘဲ၊ လေညင်းခံလမ်းလျှောက်သလို လျှောက်လို့ မရဘူးကွ၊ မင်းကိုလည်း မတိုက်မိသေးဘူး၊ တိုက်မှိမှပြော၊ မင်းကများ အော်ရ ဟစ်ရသေးတယ်လို့"

လှည်းမောင်းသမားက မကျေမချမ်းပြောပြီး လှည့်ထွက်သွား၏။

ဟူရှန်ဖုံ၏ ဒေါသသည် အတွတ်အထိပ်သို့ ရောက်သွားလေတော့၏။

"စကားများတဲ့ လှည်းသမားကို ကောင်းကောင်းဒဏ်ပေးရမယ်"

သူက အော်ဟစ်ပြီး တိုက်ခိုက်လေတော့၏။

မြင်းလှည်းမောင်းသမားသည် ဟူရှန်ဖုံ ယခုလို တိုက်ခိုက်လာမည်ဟု ကြိုသိထားပုံရ၏။

အသာအယာ နောက်လှည့်ပြီး ဟူရှန်ဖုံး၏ လက်ဝါးကို ရင်ဆိုင်ပေးလိုက်လေသည်။

"ဖြန်း ....."

ဟူရှန်ဖုံမှာ နောက်တစ်လှမ်း ဆုတ်သွားရသည်။

မြင်းလှည်းမောင်းသမားမှာလည်း နောက်သို့ နှစ်လှမ်းမျှ ဆုတ်သွားရသည်။

မြင်းလှည်းမောင်းသမားမှာ မျက်နှာပျက်သွားသည်။ သူ၏ သိုင်းပညာမှာ အဆင့်မနိမ့်ပါ။ ဤမြို့ရှိ လူများက သူ၏ သိုင်းပညာကို လေးစားရသည်။

ယနေ့ လူငယ်တစ်ယောက်နှင့် တစ်ကွက်မျှသာ ယှဉ်ပြိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ လူငယ်၏ သိုင်းပညာက ကောင်းနေသည်။ ထို့ကြောင့် သူ အေးသွက်သွားသည်။ သူသည် ခါးကြားမှ ကျာပွတ်ကို ဖြုတ်ကာ ဟူရှန်ဖုံးအား ရိုက်ချလိုက်လေ၏။

ဟူရှန်ဖုံက ရှောင်တိမ်းခြင်း မရှိဘဲ ရိုက်ချလာသော ကျာပွတ်ကို ဖမ်းထားလိုက်သည်။ ကျာပွတ်သည် ဟူရှန်ဖုံလက်ထဲ ရောက်နေသည်။ ဤသည်မှာ လက်နက်သမားအတွက် အရှုံးတစ်ခုပင် ဖြစ်ပါသည်။

မြင်းလှည်းသမား၏ မျက်နှာမှာ ပို၍ မှောင်မည်းလာသည်။

မြင်းလှည်းသမားက ကျာပွတ်ကို ပြန်ဆွဲ၏။

သို့သော် ပြန်ပါမလာပါချေ။ အားထုတ်ဆွဲသော်လည်း ဒွဲမရဘဲ ရှိနေသည်။

ဟူရှန်ဖုံသည် အေးတိအေးစက်ပြုံးပြီး ....

"လွှတ်စမ်း"

ဟု တစ်ချက်အော်ရင်း ကျာပွတ်ကို ဆွဲယူလိုက်လေသည်။

မြင်းလှည်းသမား၏ လက်ထဲမှ ကျာပွတ်မှာလည်း ဟူရှန်ဖုံထံသို့ ရောက်ရှိသွားလေတော့သည်။

ဟူရှန်ဖုံက ....

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးပုံရတယ်၊ ခင်ဗျားလို လူမျိုးကို ကျုပ် ကောင်းကောင်းဆုံးမမယ်"

သူသည် မြင်းလှည်းမောင်းသမားအား ကျာပွတ်နှင့် ရိုက်ချလိုက်သည်။

ဟူရှန်ဖုံ ကျာပွတ်ရိုက်ချက်မှာ ရိုးရိုးလေးပင် ဖြစ်သည်။ မြင်းလှည်းသမားမှာ ထိုရိုက်ချက်ကို အံထိမခံနိုင်ပါ။ လျင်မြန်စွာ ရှောင်တိမ်းပါသည်။ သို့သော် မရပါ။ ကျာပွတ်သည် ဝေ့ရိုက်လာပြီး သူ ရှောင်ရာဘက်သို့ လိုက်လာသည်။ ကျာပွတ်ရိုက်ချက် ထိမှန်သွားတော့သည်။

"အား ...."

မြင်းလှည်းမောင်းသမားမှာ လဲသွား၏။

ဟူရှန်ဖုံက ရယ်မောပြီး နောက်တစ်ကြိမ် ထပ်ရိုက်ရန် ဟန်ပြင်လိုက်သည်။

"ဝှစ် .... ဝှစ် .... ဝှစ် ...."

ထိုစဉ် မြင်းလှည်းအတွင်းမှ လက်နက်ပုန်းကလေးများက ဟူရှန်ဖုံထံ လွင့်ပျံလာလေတော့၏။

ဟူရှန်ဖုံမှာ လေတိုးသံကြောင့် အကြီးအကျယ်လန့်သွားသည်။ မည်သူသည် သူ့အား လက်နက်ပုန်းနှင့် ပစ်ခတ်နေပါသနည်း။ သူက ကမန်းကတန်း ကျာပွတ်နှင့် ရိုက်ချကာကွယ်ရသည်။

သို့သော် မလွတ်နိုင်သေးသဖြင့် မြေပေါ်လူးလိမ့်ကာ ရှောင်တိမ်းပေးလိုက်ရတော့သည်။ သူ အရှက်တကွဲ အကျိုးနည်း ရှောင်တိမ်းပြီးသောအခါမှ လက်နက်ပုန်း အပစ်ရပ်သွားတော့သည်။

ဟူရှန်ဖုံက ပြန်ထလာသည်။ သူ၏မျက်နှာမှာ နီရဲနေ၏။ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်နေသည်။ သူ့အား အရှက်တကွဲလုပ်သူကို ဆုံးမရပေလိမ့်မည်။

သူသည် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်ရန် ပြင်လိုက်သည်။ ထိုစဉ် မြင်းလှည်း၏ ပြတင်းပေါက်မှ လိုက်ကာဖွင့်လာပြီး အသံတစ်သံကို ကြားလိုက်ရ၏။

"ဘာလဲ .... ရှင်က မကျေနပ်သေးလို့ စမ်းချင်သေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံမှာ ထိုအသံကြောင့် ကြောင်သွားသည်။

အသံမှာ ချိုလွင်သော်လည်း ခက်ထန်မှုများ ရောထွေးနေကြောင်း သိလိုက်သည်။

ဟူရှန်ဖုံက အသံလာရာဆီသို့ ကြည့်လိုက်၏။ မြင်းရထားပေါ်မှ မိန်းမပျိုကို တွေ့လိုက်ရသည်။ ရုတ်တရက် မှင်တက်သွားသည်။

ဟူရှန်ဖုံသည် မိန်းကလေးများစွာကို တွေ့ဆုံဖူးသည်။ မိန်းမသဘောကိုလည်း ကောင်းစွာသိ၏။

ယခု မိန်းကလေးသည် သူ့အား အကြီးအကျယ် ရင်ခုန်စေသည်။ အလွန်လှပသော မိန်းမပျိုပေတကား။

ဟူရှန်ဖုံသည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်မိလိုက်လေ၏။ သူသည် မိန်းကလေးအား မြင်မြင်ချင်း တပ်မက်သွားသည်။ နက်မှောင်သောဆံပင်သည် အုံ့ဆိုင်းဖွယ်ရာ လှိုင်းတွန့်ထနေသည်။ တောက်ပသောမျက်လုံးကလေးများနှင့် နီတျာတျာနှုတ်ခမ်းကလေးများသည် သူမ၏မျက်နှာပေါ်မှ ထူးခြားလွန်းသော အမှတ်အသားများ ဖြစ်နေသည်။ ကျော့ရှင်းလှပသော ခန္ဓာကိုယ်ကိုကား သိသာထင်ရှားစွာ မမြင်ရသော်လည်း ခန့်မှန်း၍ကား ရပေသည်။

ထိုအလှဂုဏ်နှင့် သိုင်းပညာဂုဏ် ပေါင်းစပ်နေခြင်းကြောင့် မာနတက်နေသည့် မျက်နှာထားမျိုးဖြစ်ကြောင်း ဟူရှန်ဖုံ ရိပ်မိသည်။ သူကား မိန်းမကျွမ်းကျင်သူ မဟုတ်ပါလား။

ဟူရှန်ဖုံက မျက်နှာကို အချိုသာဆုံး ပြုံးလိုက်ပြီး ....

“မစမ်းချင်ပါဘူးဗျာ၊ ဒီလောက်ချောမောတဲ့ မိန်းကလေးနဲ့ ဘယ်သူက ယှဉ်ရဲမှာလဲ”

မိန်းကလေးက ဘာမျှ ပြန်မပြောဘဲ စိုက်ကြည့်လိုက်၏။



ဟူရှန်ဖုံက ဦးညွှတ်ကာ ....

“ကျွန်တော်အခုလိုဖြစ်ရတာကိုတောင်းပန်ပါတယ်၊ ကျွန်တော့်နာမည် ဟူရှန်ဖုံပါ”

မိန်းကလေးက အေးတိအေးစက်နှင့် ....

“ရှင့်ဟာရှင် ဟူရှန်ဖုံမက ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့ မဆိုင်ဘူး၊ နောက် လမ်းသွားရင် သတိထားသွားပါ”

တစ်ဆက်တည်းပင် မြင်းလှည်းမောင်းသမားဘက်လှည့်ကာ

“ကဲ .... ဦးလေးဟို သွားကြမယ် .... ”

မြင်းလှည်းမောင်းသမားက ဟူရှန်ဖုံအား မကျေမနပ်တစ်ချက်ကြည့်ကာ မြင်းလှည်းပေါ်သို့ တက်လိုက်၏။

မြင်းလှည်းမောင်းရန် အသင့်ပြင်လိုက်သည်။ ဟူရှန်ဖုံက မြင်းလှည်းရှေ့မှ ပိတ်ရပ်ကာ ....

“ကျွန်တော်က ဧည့်သည်ပါ၊ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ဒါထက် ဒီက သခင်မလေးအမည်က .... ”

သူက မိတ်ဆက်လိုသဖြင့် မေးသည်။

မိန်းကလေးက ....

“ရှင်နဲ့ ကျွန်မ သိလည်းသိစရာ မလိုဘူး၊ ဖယ်ပေးပါ၊ ဖယ်မပေးရင် ကျွန်မကို အဆိုးမဆိုနဲ့၊ ရှင့်ကို ဒီလောက် ခွင့်လွှတ်လိုက်တာ ရှင်က်ကောင်းတယ် မှတ်ပါ”

ဟူရှန်ဖုံကား မချိုမချဉ်မျက်နှာဖြင့် မိန်းကလေးအား ကြည့်နေလေ၏။ မိန်းကလေးမှာ မျက်နှာပြောင်လှသော ဟူရှန်ဖုံအား လွန်စွာအမြင်ကတ်မိတော့သည်။

ဟူရှန်ဖုံက ....

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးနဲ့ ဆုံမိတာ ဝမ်းသာဂုဏ်ယူလို့ပါ ဒါကြောင့်"

သူ၏စကားမဆုံးခင် မိန်းကလေးက မြင်းလှည်းမောင်းသမားကို အမိန့်ပေးလိုက်၏။

"ဦးလေးဟို မောင်းစမ်း … ဖယ်မပေးရင် တိုက်ပစ်လိုက်"

မြင်းလှည်းသမားသည် မြင်းကို ကျာပွတ်နှင့် တစ်ချက်ရိုက်ချလိုက်သည်။ မြင်းလှည်းမှာ ရုတ်တရက် ပြေးထွက်လာ၏။

ဟူရှန်ဖုံမှာ မရှောင်၍ မဖြစ်တော့ပါ။ ထို့ကြောင့် အလျှင်အမြန်ရှောင်တိမ်းလိုက်ရသည်။ သူ၏မျက်လုံးအစုံမှာမူ မြင်းလှည်းအား လိုက်ကြည့်နေသည်။

မြင်းလှည်း ပျောက်ကွယ်သွားမှ သူက ထိုနေရာမှ လှည့်ထွက်လာသည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်နေသည်။

သူ လွန်စွာ ကျေနပ်နေသည်။

အဘယ်ကြောင့်ဆိုသော် … ဤမြို့ကလေး၏ အလှနတ်သမီးတစ်ပါးနှင့် ဆုံမိပြီ မဟုတ်ပါလော။

သူကြိုးစားလျှင် ရကိုရမည်ဟု တွေးမိလိုက်လေသည်။ သူသည် ရုပ်ရည်ချောသလောက် ကာမ တဏှာရူးတစ်ယောက်လည်း ဖြစ်နေပါ၏။

နောက်တစ်နေ့တွင် ….

ဟူရှန်ဖုံသည် ထိုဈေးအတွင်း လှည့်ပတ်လျှောက်ကြည့်ပြန်သည်။

မနေ့က မိန်းကလေးနှင့် ပြန်ဆုံဦးမည်လားဟူသော အတွေးနှင့် လျှောက်သွားလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့သော် နေ့တစ်ဝက်သာ



ကုန်သွားသည်။ မိန်းကလေးအား မတွေ့ရပါ။ ပန်းဈေးဦးလည်း မတွေ့ရပါ။

သူ ပြန်မည်ပြုစဉ်မှ ကံကောင်းထောက်မစွာ သူ ရှာဖွေနေသော မိန်းကလေးကို တွေ့ရတော့သည်။

မိန်းကလေးက သူ့အား မတွေ့ပါ။ တွေ့လျှင်လည်း အဆင်ပြေချင်မှ ပြေပါမည်။ မိန်းကလေးသည် သည်တစ်ကြိမ်တွင်တော့ မြင်းလှည်းနှင့် မဟုတ်ပါ။ အဖော်ငါးယောက်မျှနှင့် လျှောက်လာနေခြင်း ဖြစ်ပါသည်။

ဟူရှန်ဖုံမှာ စိတ်ဓာတ်ကျသွား၏။ လက်လျှော့လုဆဲဆဲတွင်မှ ပြန်တွေ့ရခြင်းဖြစ်သည် မဟုတ်ပါလော။

ထိုစဉ် မိန်းကလေးအုပ်စု ပန်းဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်သွားလေတော့သည်။ ဟူရှန်ဖုံသည် တုံ့နှေးမနေဘဲ ပန်းဆိုင်အတွင်းသို့ လိုက်ဝင်သွားလေ၏။

ထို့နောက် မိန်းကလေးများနှင့် မနီးမဝေး၌ရပ်ကာ ပန်းများကို လိုက်ကြည့်နေသည်။ သူ့မျက်လုံးများကမူ မိန်းကလေးများ၏ ယှုပ်ရှားမှုကို တွေ့နေရသည်သာ ဖြစ်ပါသည်။

မိန်းကလေးများက ပန်းများရွေးနေကြသည်။

ဟူရှန်ဖုံက ဆိုင်ရှင်အား တီးတိုးပြောထားသည်။ မိန်းကလေးများ ဝယ်ချင်သလောက် ဝယ်ပါစေ။ ငွေကို သူရှင်းမည်ဟု ပြောသည်။ ကြိုတင်ငွေကိုလည်း ပေးထားသည်။

မိန်းကလေးမှာ ဟူရှန်ဖုံကို မတွေ့ရချေ။ တောင့်၌ ကပ်နေသူအား ရုတ်တရက် တွေ့နိုင်မည်လည်း မဟုတ်ပါ။

မိန်းကလေးသည် သူမ ကြိုက်နှစ်သက်သော ပန်းများကို ပွေ့

www.burmeseclassic.com

www.burmeseclassic.com



ပြီး ယူလိုက်လေ၏။ ငွေပေးသောအခါ ဆိုင်ရှင်ကပေးပြီးသားဖြစ်ကြောင်း ရှင်းပြသောကြောင့် မိန်းကလေး အံ့ဩသွား၏။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်ရာ ဟူရှန်ဖုံအား တွေ့မြင်လိုက်ရတော့သည်။ မိန်းကလေး၏ မျက်နှာသည် ချက်ချင်းတင်းမာသွား၏။

သူမအားကြည့်နေသော ဟူရှန်ဖုံထံ လျှောက်သွားပြီး တင်းမာစွာ မေးလိုက်သည်။

"ရှင်က ဘာကြောင့် ကျွန်မတို့အတွက် ရှင်းပေးရတာလဲ"

ဟူရှန်ဖုံက ပြုံး၍ ....

"ဒီက သခင်မလေးနဲ့ မိတ်ဆွေတွေပဲ၊ တွေ့ဖူးကြုံဖူးနေတဲ့ လူအချင်းချင်းပဲ၊ ပန်းဖိုးငွေပေးချေတာ စိတ်ဆိုးစရာ မဟုတ်ပါဘူး"

"တော်စမ်းပါ၊ ဘယ်တုန်းက ရှင်နဲ့ မိတ်ဆွေဖြစ်ခဲ့လို့လဲ"

"ဒါဆို အခု .... မိတ်ဆွေဖြစ်ပြီပေါ့"

"ကျွန်မ ရှင်နဲ့ မိတ်ဆွေလည်း မဖွဲ့နိုင်ဘူး၊ မိတ်ဆွေလည်း မဖြစ်ချင်ဘူး"

ဟု ပြောကာ ကိုင်လာသော ပန်းများကို အောက်သို့ ပစ်ချလိုက်၏။

ထို့နောက် ခြေဖြင့် တက်နင်းကာ ဆိုင်တွင်းမှ ထွက်သွားလေတော့သည်။

ဟူရှန်ဖုံမှာ ကြောင်သွား၏။ ထို့နောက် မျက်နှာတစ်ပြင်လုံး မည်းမှောင်လာလေတော့သည်။

သူ သတိဝင်လာသောအခါ မိန်းကလေး မရှိတော့ပါချေ။ မိန်းကလေးက နင်းချေသွားသော ပန်းများကို တစ်ချက်ကြည့်ပြီး သူလည်း ဆိုင်ထဲမှ ထွက်ခဲ့သည်။



သူ၏ တဏှာရမက်များသည် ချက်ချင်းပင် အမုန်းမီးလျှံအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

"တွေ့ကြသေးတာပေါ့လေ .... "

ဟူရှန်ဖုံသည် နှုတ်မှ ထိုမျှသာ ရေရွတ်လိုက်လေ၏။

ဟူရှန်ဖုံသည် အရက်ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့သည်။

ဆိုင်ထဲသို့ ဝေ့ကြည့်လိုက်၏။ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်တစ်ဦးသာ ဆိုင်ထဲ၌ရှိ၏။ ထိုလူကို သူ လေ့လာလိုက်သည်။ စာပေသမား ပုံသဏ္ဍာန်ရှိသော ထိုလူငယ်သည် သူ့ကို လုံးဝဂရုစိုက်ဟန် မရှိပေ။ ထိုလူငယ်၌ လက်နက်ဆို၍လည်း တစ်စုံတစ်ခုမျှ မတွေ့ရသဖြင့် သိုင်းလောကနှင့် ပတ်သက်လိမ့်မည် မဟုတ်ဟု ယူဆလိုက်သည်။ ထို့ပြင် ဟူရှန်ဖုံသည် သူ့ကိုယ်သူ အထင်ကြီးထားသူဖြစ်ရာ ထိုလူငယ်ထံ၌ လက်နက်တစ်စုံတစ်ရာ တွေ့သည့်တိုင် သိပ်အလေးထားလိမ့်မည်လည်း မဟုတ်ချေ။

သူသည် သူ အငြိုးအတေးထားလိုက်သည့် မိန်းမပျိုနောက်သို့ ချက်ချင်းမလိုက်မိသဖြင့် ထိုမိန်းမပျို၏ နေအိမ်ကို မသိဘဲ ရှိခဲ့ရသည်။

ထိုမိန်းမပျိုကို စုံစမ်းရန် သူ ဤဆိုင်ထဲသို့ ဝင်လာခြင်းဖြစ်သည်။ မေးပါများစကားရဆိုကြသည် မဟုတ်ပါလော။ သို့သော် .... ဤအပြာရောင်ဝတ်စုံဝတ် လူငယ်ကိုကား မေး၍ရမည်မဟုတ်ချေ။ ထိုလူငယ်သည် အာဂန္တုဖြစ်ပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .... လာခဲ့ဦး၊ အရက်တစ်အိုးပါ ယူခဲ့"

စားပွဲထိုးကလေးသည် အရက်အိုး အရက်ခွက်ဖြင့် အလျင်အမြန်ပင် ရောက်လာ၏။ ဟူရှန်ဖုံက ....

"ညီလေး .... ဒီမြို့အကြောင်း ညီလေး ဟော်တော်သိသလား"

စားပွဲထိုးလူငယ်က ရယ်မောပြီး ....

"ကျွန်တော်က ဒီမြို့မှာမွေးတာပါ၊ ဒီမြို့အကြောင်း အကုန်လုံးလိုလို သိပါတယ် ခင်ဗျာ"

ဟူရှန်ဖုံက ဝမ်းသာသွား၏။ သူက ငွေတုံးတစ်တုံး နှိုက်လိုက်ပြီး စားပွဲထိုးအား ပေးလိုက်၏။

စားပွဲထိုးလုလင်မှာ ငွေတုံးကို တွေ့သောအခါ ဝမ်းသာသွား၏။

ဟူရှန်ဖုံပေးသော ငွေတုံးမှာ သူ၏လုပ်ခ တစ်နှစ်စာမျှပင်ရှိသည်။

ထို့ကြောင့် သူက ဟူရှန်ဖုံအား အရိုအသေပြုလိုက်ပြီး ဖျာဖျာသလဲပြောသည်။

"ဆရာလေးပေးတဲ့ငွေက နည်းနည်းနောနောမှ မဟုတ်တာဘဲ၊ ဆရာလေးက ဘာအလိုရှိပါသလဲ ခင်ဗျာ၊ ကျွန်တော် ဘာဆောင်ရွက်ပေးရမလဲ"

ဟူရှန်ဖုံက ....

"ငါသိချင်တာ မိန်းကလေးတစ်ယောက်ကွ"

"ဆရာလေးက ဘယ်မိန်းကလေးကို သိချင်တာလဲ၊ ဒီမြို့မှာက မိန်းကလေးတွေ အများကြီးပဲဥစ္စာ"

"ဒီမြို့မှာ အလှဆုံးအမျိုးသမီးလေးကွာ"



ဆိုင်လုလင်က ပြုံးလိုက်ပြီး ....

"ဒီမြို့မှာ လှပတဲ့ အမျိုးသမီးလေးတွေ အယောက်နှစ်ဆယ်မကရှိပါတယ်၊ တစ်ဦးဦးက တစ်မျိုးလှရင်၊ တစ်ယောက်က တစ်မျိုးလှပါတယ်၊ အလှဆုံးလို့ပြောရတာ ခက်မတန်ခက်ပါတယ်၊ ကျင်းမေတို့၊ လျှောက်ဝေ၊ ယန်စွေ့အင်၊ မုယုံဝေ၊ ကျင်ကျင်းတို့ အများကြီးမှ အများကြီးပါပဲ၊ ဆရာလေးက ဘယ်သူ့ကို သိချင်တာလဲ"

ဟူရှန်ဖုံ စိတ်ညစ်သွားသည်။

"ခက်တာပဲ၊ ငါတော့ ရေထဲက ငါးခြေရာ ရှာနေမိပြီ ထင်တယ်"

"ဆရာလေး ဒီလောက် စိတ်မပျက်ပါနဲ့၊ နာမည်တော့ ဆရာလေး သိမှာပေါ့ ခင်ဗျာ"

ဟူရှန်ဖုံက ခေါင်းခါ၏။

"ဟင့်အင်း .... အဲဒီ မိန်းကလေးရဲ့ နာမည်ကို မသိဘူးကွ"

ဆိုင်လုလင်မှာ စိတ်ပျက်သွား၏။

"နာမည်မသိဘဲနဲ့ .... ဘယ်လိုလုပ်ပြီး ရှာမလဲ ဆရာလေးယ် ...."

ဟူရှန်ဖုံ ဒေါသထွက်သွား၏။

"နာမည်သိမှတော့ မင်းကို ငါ ဘယ်မေးနေတော့မလဲ၊ ငါ့ဘာသာငါ စုံစမ်းလို့ရပြီပေါ့"

စားပွဲထိုးလူငယ်ကလေးက ....

"အင်း .... နာမည် မသိဘူးဆိုတော့ ကျွန်တော်လည်း ဆရာလေးရှာတဲ့ မိန်းကလေးကို ဘယ်သူဆိုတာ ဘယ်သိမလဲ"

ဟူရှန်ဖုံက လက်ဝါးဖြန့်လိုက်ပြီး ....

"အေး .... မင်း မသိဘူးဆိုရင်တော့ ငါပေးထားတဲ့ ငွေတုံးကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးပေတော့၊ ငါ့အတွက် ဘာမှ အကျိုးမရှိဘဲနဲ့တော့ ငွေတုံးကို ငါ အလကားမပေးနိုင်ဘူး"

စားပွဲထိုးလူငယ် မျက်နှာပျက်သွားသည်။ တစ်နှစ်လစာနှင့် ညီမျှသော ငွေကို သူ ပြန်မပေးလိုပါ။ ဤကဲ့သို့ ငွေမျိုးမှာ လွန်စွာရခဲပါသည်။

သူက နမြောတသစွာ ပြောလိုက်လေ၏။

"ပေးပြီးသားပဲ ဆရာလေးရယ်"

ဟူရှန်ဖုံက ....

"ငါသိချင်တာကျတော့ မင်းက ပြောမှ မပြောနိုင်ဘဲ၊ မင်း ပြောနိုင်ရင် မင်း ရမှာပေါ့"

စားပွဲထိုးလူငယ်သည် ဖျစ်ညှစ်၍ အကြံထုတ်လိုက်၏။

"ဒါဆို ဒီလိုလုပ်ပါလား ဆရာလေး၊ ဆရာလေး အဲဒီမိန်းကလေးကို သေသေချာချာ မြင်ဖူးရဲ့လား"

ဟူရှန်ဖုံက ခေါင်းညိတ်ကာ ....

"မြင်ဖူးပါတယ်"

"ဒါဆိုရင်ပုံပန်းသဏ္ဌာန်ကို ပြောပြပေါ့၊ ကျွန်တော်က ပုံသဏ္ဌာန် သိရင် ဘယ်သူဆိုတာ ပြောပြနိုင်မယ် ထင်တယ်၊ ကျွန်တော် ကြိုးစားပါ့မယ်လေ"

ဟူရှန်ဖုံက လူငယ်အား သူတွေ့ခဲ့ရသော မိန်းကလေး၏ ပုံပန်း သဏ္ဌာန်ကို သေသေချာချာ ပြောပြလိုက်သည်။

ထိုအခါ စားပွဲထိုးလူငယ်၏ မျက်နှာသည် ဝင်းပသွားတော့ သည်။

ဟူရှန်ဖုံ အလွန်သိချင်သော မိန်းကလေးမှာ မည်သူမည်ဝါဖြစ်



သည်ကို စားပွဲထိုးလူငယ် သိလိုက်ပြီဖြစ်ကြောင်း ဟူရှန်ဖုံ နားလည် လိုက်လေ၏။

သို့သော် စားပွဲထိုးလူငယ်က ထုတ်ဖော်မပြောသေးပါ။

သူသည် အရက်ဆိုင်၌ အလုပ်လုပ်သူဖြစ်၍ ပါးနပ်လည်ပတ်ပါ သည်။ မိန်းကလေးတစ်ယောက်ကို သိလိုသည့်ကိစ္စ၌ ဤမျှ ငွေကြေး သုံးစွဲသူသည် နောက်လည်း ထပ်မံသုံးစွဲနိုင်ကြောင်း သူ ခန့်မှန်းသိရှိနိုင် ပါသည်။ ထို့ကြောင့် စဉ်းစားသလိုလုပ်နေသည်။ စင်စစ် စဉ်းစားခြင်း မဟုတ်ချေ။

ဟူရှန်ဖုံထံမှ ငွေထပ်ရအောင် မည်သို့ပြုရမည်နည်းဟု ထပ်မံ တွေးတောနေခြင်းသာ ဖြစ်ပါသည်။

အတန်ကြာမှ စားပွဲထိုးလူငယ်က စကားစသည်။

"ဆရာလေး .... ဆရာလေးသိချင်တဲ့ မိန်းကလေးရဲ့ အမည်နဲ့ သူ့လိပ်စာဟာ ဆရာလေးပေးတဲ့ငွေထက် ပိုပြီး တန်ဖိုးကြီးနေပါတယ် ခင်ဗျာ"

ဟူရှန်ဖုံက မျက်မှောင်ကုတ်ကြည့်၏။

"မင်း လူညစ်ပဲ .... "

ဟူရှန်ဖုံက ထိုသို့ ပြောသော်လည်း လက်ကမူ နောက်ထပ် ငွေတုံးတစ်တုံး ပေးလိုက်သည်။

အပြာရောင်ဝတ်စုံဝတ် လူရွယ်မှာ အရက်သောက်နေသော် လည်း ဟူရှန်ဖုံနှင့် စားပွဲထိုးလူငယ်တို့၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေသည်။ နားစွင့်နေသည်။ သို့သော် သူ့အမူအရာကမူ ဘာမှ မကြားသိသယောင် အရက်ချည်းသာ သောက်နေ၏။

ထိုစဉ် လူငယ်၏အသံက ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး သိချင်တဲ့ မိန်းကလေးရဲ့နာမည်က ကျင်းမေပေါ့" ဟူရှန်ဖုံက ....

"မင်း သေချာရဲ့လား၊ မှားရင်တော့ မင်း သေမယ်၊ ဒါမှမဟုတ် ငွေတုံးတွေ ဆုံးပြီ၊ နားလည်ရဲ့လား"

"မသေချာဘဲ မပြောပါဘူး ဆရာလေး၊ မသေချာဘူး မမှန်ဘူး ဆိုရင် ပြန်လာခဲ့ပါ၊ ကျွန်တော် ဒီမှာ အမြဲရှိပါတယ်၊ ဆရာလေး ရက်ရောတဲ့လူကို ဘာလို့ ကျွန်တော်က ညာမှာလဲ"

"ကောင်းပြီ .... ငါ ယုံပြီ၊ သူ့အကြောင်း ပြောပြ၊ သူ့လိပ်စာ ပြောပြ"

"ကျင်းမေဟာ တောင်ပိုင်းဘုရွှေးကြီး ကျင်းဝေကျုန်ရဲ့ သမီး သူက မာနတော့ အတော်ကြီးတယ်၊ သိုင်းပညာလည်း အဆင့်မြင့် တယ်၊ သူ့အမေကတော့ သိုင်းပညာ မတတ်ပါဘူး၊ ကျင်းမေကသာ ဆရာတွေခေါ်ပြီး သင်ကြားထားတာပါ၊ ဆရာလေးက ကျင်းမေ စိတ်ဝင်စားနေလို့လား၊ စိတ်ဝင်စားရင်တော့ မကြိုးစားတာ ကောင်း မယ်၊ သူ့လက်ချက်နဲ့ ထိပ်ပေါက် ခေါင်းကွဲတဲ့လူတွေ မနည်းဘူး၊ သူက တော်တော်တန်တန်လူကို သူနဲ့ တူတန်တယ်လို့ ထင်တာ မဟုတ်ဘူး"

ဟူရှန်ဖုံက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဟုတ်တယ်၊ မြင်တာနဲ့ မာနကြီးမှန်း သိသာပါတယ်၊ ကဲ — ဆက်ပြော"

လူငယ်က ဆက်ပြော၏။

"ဒီကနေသွားရင် မြို့တောင်ပိုင်းက အကြီးဆုံးခြံဝင်းနဲ့ အကြီး ဆုံး ဂေဟာဟာ သူတို့အိမ်ပဲ၊ ဘာမှ လွဲမှားစရာ မရှိပါဘူး၊ သူတို့ဟာ မြို့တောင်ပိုင်းမှာ အကြီးအကျယ်ဆုံး ပုဂ္ဂိုလ်တွေပဲ"



ဟူရှန်ဖုံက သေချာစွာမေး၏။

"အစောင့်တွေရော ရှိသလား"

"မြင်းလှည်းမောင်းတဲ့ ဦးလေးဟိုဆိုတဲ့ သိုင်းသမားနဲ့ တခြား အစောင့်တွေရှိပေမယ့် သိုင်းသမားတွေတော့ မဟုတ်ကြပါဘူး"

ဟူရှန်ဖုံက ဆက်မမေးတော့ပါ။ ဆက်မေး၍လည်း မသင့်ပါ။ ဤမျှ မေးခြင်းပင်လျှင် လွန်နေပါပြီ။

"ကောင်းပြီ၊ ငါ .... ကျေနပ်တယ်၊ ငါ သွားတော့မယ်၊ ဒါထက် ရက်ရောလှတဲ့ ဆရာလေးနာမည်လေး အမိန့်ရှိပါဦး"

"ငါ .... ဟူရှန်ဖုံကွ"

ဟူရှန်ဖုံသည် ဆိုင်ထဲမှ ထွက်လာခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

## အကြံပျက်ရလေသူ

"ဟူရှန်ဖုံ ....."

အပြာရောင်ဝတ်စုံဝတ် လူရွယ်က ရေရွတ်လိုက်၏။

ထို့နောက် သူက ပြန်စဉ်းစားလိုက်၏။

ဟူရှန်ဖုံ၏နာမည်သည် သိုင်းလောကနှင့် စိမ်းလှသည် မဟုတ်မှန်းတော့ သူ ကောင်းစွာသိသည်။ အတန်ကြာသွားသည်။

"ဪ ... မြာသမား ဟူရှန်ဖုံ ဆိုတာကိုး"

သူက ဟူရှန်ဖုံအား သိလိုက်သည်နှင့် စောစောက သူတို့ပြောနေကြသော ကျင်းမေဆိုသော မိန်းကလေးအတွက် စိုးရိမ်သွား၏။

ဟူရှန်ဖုံမှာ အကောင်းစုံစမ်းခြင်း မဖြစ်နိုင်ပါ။

ဤမျှ အသေအချာ မေးမြန်းစုံစမ်းနေခြင်းမှာ တစ်စုံတစ်ခုသော အကြံအစည်ကြောင့်သာ ဖြစ်ရပါမည်။ သူ၌ ယုတ်မာသော အကြံအစည်ရှိရမည်ဟု သူက တွေးမိလိုက်သည်။

သူသည် ချက်ချင်း ထိုင်ရာမှ ထလိုက်၏။ ထို့နောက် ကျသင့်



ငွေကိုရှင်းကာ ဟူရှန်ဖုံ ထွက်သွားရာဘက်သို့ လိုက်သွားလေတော့သည်။

ဟူရှန်ဖုံသည် တောင်ပိုင်းရှိ သူဌေးကြီး ကျင်းဝေကျန်ဂေဟာ၏ ပတ်ဝန်းကျင်သို့ ဆယ့်နှစ်ရက်ခန့် ဆက်တိုက်လေ့လာစုံစမ်းသည်။ ကျင်းဝေကျန်၏ ဂေဟာမှာ မှားယွင်းစရာ မရှိပါ။

စားပွဲထိုးလူငယ်ပြောသလို ရှာရဖွေရလွယ်ပါသည်။ အနေအထားများကို မှတ်သားရသည့်အတွက်မူ အချိန်ယူရပါသည်။ ခြံဝင်းကြီးက ကြီးမားသောကြောင့်ဖြစ်သည်။

ဟူရှန်ဖုံသည် သူ့နောက်မှ မထင်ရှားသော လူရိပ်တစ်ရိပ် လိုက်နေသည်ကို မသိပါ။

သူသည် သူ့ကိုယ်သူ အထင်ကြီးသူဖြစ်ပါသည်။

အခြားတစ်ချက်မှာ ဤဒေသသည် သူနှင့် စိမ်းသဖြင့် သူ့ကို သိမည့်သူမရှိဟု ယုံကြည်ပြီး ဤမျှ စိတ်အေးလက်အေး ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါသည်။

ဤသို့ဖြင့် တစ်နေ့တာသည် လျင်မြန်စွာ ကုန်ဆုံးသွားတော့သည်။

ယနေ့ညမှာ လကွယ်ညဖြစ်သည်။ ကြယ်ရောင် မလင်း လမင်းမသာသဖြင့် ညအမှောင်မှာ ပို၍ သိပ်သည်းနေလေသည်။

ထိုအခိုက် တည်းခိုခန်း၏ ပြတင်းပေါက်တစ်ခုမှာ ပွင့်သွားပြီး လူတစ်ယောက် ခုန်ထွက်လာ၏။

ထိုသူကား အကြံသမား ဟူရှန်ဖုံတည်း။

သူသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

အနက်ရောင်ခေါင်းစွပ်ကို စွပ်ထားသည်။ ညအမှောင်၌ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ခြင်ရန် မလွယ်ကူပါ။ သူသည် အမှောင်၌ ကိုယ်ရောင်ဖျောက်ရန် တမင် စီစဉ်လာခြင်း ဖြစ်ပါသည်။

ဟူရှန်ဖုံ ထွက်သွားပြီးသည်နှင့် တစ်ပြိုင်နက် တည်းခိုခန်း၏ ခေါင်မိုးပေါ်မှ အပြာရောင် အရိပ်တစ်ရိပ်ကလည်း ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသည်။ သူသည် ဟူရှန်ဖုံနောက်သို့ ပြေးလိုက်သွားလေတော့သတည်း။

သူဌေးကြီး ကျင်းဝေကျုန်၏ဂေဟာမှာ ညအမှောင်အောက်၌ တိတ်ဆိတ်ငြိမ်သက်နေသည်။

အေးချမ်းသော တောင်ပိုင်းဒေသ၌ စိုးရိမ်ကြောင့်ကြစွာ ကင်းစောင့်သူများ မရှိပေ။

ထို့ကြောင့် ဂေဟာကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ အိပ်မောကျနေကြဟန်တူ၏။

ထိုစဉ် ....

လူရိပ်တစ်ရိပ်သည် သူဌေးကြီး ကျင်းဝေကျုန်၏ဂေဟာအနီးသို့ ချဉ်းကပ်လာလေတော့သည်။

ထိုအရိပ်မှာ ဟူရှန်ဖုံပင် ဖြစ်သည်။

ဟူရှန်ဖုံသည် ညအမှောင်အောက်၌ ကျင်လည်စွာ သွားလာနေသည်။ သေချာစွာ လေ့လာထားပြီး ဖြစ်သောကြောင့် ကျင်းမေ၏ အခန်းဆီသို့ တည့်တည့်မတ်မတ်ရောက်သွားသည်။

ကျင်းမေ၏ အခန်းအနီးသို့ ရောက်သောအခါ ပြတင်းပေါက်အနီးသို့ တိုးကပ်သွား၏။ ထို့နောက် ပြတင်းပေါက်ကို ဓားဦးနှင့် အနည်းငယ် ကလော်လိုက်သည်။ သူ၏ လှုပ်ရှားမှုမှာ ပိရိ၏။ အသံတစ်ချက်မျှ ထွက်ပေါ်လာခြင်း မရှိချေ။



ပြတင်းပေါက်မှာ အနည်းငယ်ဟသွား၏။

ဟူရှန်ဖုံက အကျီကြားထဲသို့ လက်နှိုက်လိုက်၏။ လက်ပြန်ထုတ်လာသောအခါ ဝါးပြွန်တစ်ချောင်း ပါလာသည်။

သူက ဝါးပြွန်ကလေးအား ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးထည့်လိုက်၏။ ဝါးပြွန်ကို တစ်ဘက်မှ ပါးစပ်ဖြင့် မှုတ်ရန် နှုတ်ခမ်း၌ တေ့လိုက်သည်။ မေ့ဆေး ဝါးပြွန်ဖြင့် အခန်းထဲသို့ မေ့ဆေးခိုး မှုတ်သွင်းရန် ကြံခြင်းတည်း။ ဝါးပြွန်အား မှုတ်မည်အပြုတွင် လေတိုးသံတစ်ချက် ပေါ်လာ၏။

"ဝှစ် ...."

ဟူရှန်ဖုံ၏ ဝါးပြွန်မှာ ပြတ်ထွက်သွားလေတော့သည်။ ဟူရှန်ဖုံ ရင်ထိတ်သွားသည်။

မိမိအကြံကို သိနေသူတစ်ယောက် ရှိနေပြီဖြစ်ကြောင်း သိလိုက်သည်။ ဆက်၍ ဆောင်ရွက်ရန် မဖြစ်တော့။

ထိုအကြံသိသူသည် မည်သူနည်း။ ဤဂေဟာမှ လူများလော။ သို့တည်းမဟုတ် အခြားသူတစ်ဦးဦးလော။ အရက်ဆိုင်မှ စားပွဲထိုးလူငယ် လက်ထောက်ချသဖြင့် မိမိအား ဖမ်းဆီးရန်လာသည့် မြို့စောင့်တပ်များလော။ ဝါးပြွန်အား လက်နက်ပုန်းဖြင့် ပစ်ခတ်သည့်အချက်ကို ထောက်လျှင်မူ မိမိအား စောင့်ကြည့်သူသည် သိုင်းလောကသား တစ်ဦးသာဖြစ်ရမည်ဟု ဟူရှန်ဖုံ တွက်ချက်လိုက်လေ၏။

ထို့ကြောင့် ....

သူက နောက်ကျွမ်းထိုးကာ ပြေးထွက်လိုက်သည်။

သို့သော် ခေါင်မိုးပေါ်မှ အရိပ်တစ်ရိပ် ထိုးကျလာပြီး သူ၏ ပြေးလမ်းကို ပိတ်ဆို့လိုက်သဖြင့် သူသည် မြဝင်းအပြင်သို့ ပြေးရန်

www.burmeseclassic.com



မဖြစ်နိုင်တော့ချေ။ ခြံဝင်းတံခါးအနီး၌ ရင်ဆိုင်မိကြတော့သည်။

ဟူရှန်ဖုံက သူ့အား လမ်းပိတ်ထားသူကို ကြည့်လိုက်၏။ ထို အခါကျမှ သူ အကြီးအကျယ် အံ့အားသင့်သွားလေတော့သည်။

ထိုလူမှာ အရက်ဆိုင်၌ တွေ့ခဲ့သော အပြာရောင်ဝတ်စုံနှင့် စာပေသမားလူရွယ် ဖြစ်နေသောကြောင့်ပေတည်း။

ဟူရှန်ဖုံသည် ဒေါသအမျက်ခြောင်းခြောင်းထွက်သွားလေ၏။

"ခင်ဗျား ဘာကြောင့် ကျုပ်ကိစ္စကို ဝင်နှောင့်ယှက်ရတာလဲ"

အပြာရောင်လူရွယ်က အေးအေးဆေးဆေးပင် ....

"ငါ နှောင့်ယှက်တာ မဟုတ်ဘူး၊ မင်းရဲ့ ယုတ်မာတဲ့ အကြံအစည်ကို လာပြီးတားတာ"

ဟူရှန်ဖုံက ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး ....

"ဇက်ကောင်းလို့ ဓားတောင်းတာပေါ့လေ၊ ကဲ .... ကြည့်ကြသေးတာပေါ့"

ဟူရှန်ဖုံက စတင်တိုက်ခိုက်တော့၏။ သူ ဒေါသထွက်နေသည် မဟုတ်ပါလော။ သူ့ဓားချက်များမှာ အလွန်ကောင်းပါသည်။

သို့သော် ....

အပြာရောင်လူရွယ်အား တစ်ချက်မျှ မထိချေ။

အပြာရောင်လူရွယ်က သူ၏ဓားချက်များအား အလွယ်တကူ ရှောင်တိမ်းနိုင်သည်။

ဟူရှန်ဖုံက သူ၏ ထက်မြက်လှသော ဓားကွက်သုံးကွက်ဆင့်ပြီး ထုတ်သုံးလိုက်၏။

သူ၏ သုံးကွက်ဓားချက်မှာ ရန်သူအတော်များများအား သုတ်သင်နိုင်ခဲ့သော ဓားကွက်ဖြစ်သည်။ မရဏဓားသုံးချက်ဟုခေါ်သည်။



သူက အပြာရောင်လူရွယ်အား အမြန်ဆုံးရှင်းပစ်ရန် စိတ်ကူးပြီး သုံးလိုက်ခြင်းဖြစ်သည်။

အပြာရောင်ဝတ်စုံဝတ်လူရွယ်သည် ထူးဆန်းသော ဓားချက်များကို တွေ့သောအခါ အထိတ်တလန့် ရှောင်ပေးလိုက်လေ၏။

"ဗြို ...."

အပြာရောင်လူရွယ်မှာ ရှောင်တိမ်းလိုက်နိုင်သော်လည်း အင်္ကျီမှာမူ ဟူရှန်ဖုံ၏ ဓားထိကာ ဆုတ်ပြဲသွား၏။ လူလွတ်သော်လည်း အင်္ကျီ မလွတ်ခဲ့ပေ။

ဟူရှန်ဖုံက ခြိမ်းခြောက်လိုက်၏။

"မင်း မသေချင်ရင် လမ်းဖယ်ပြီး အေးအေးဆေးဆေး ပြန်သွားစမ်း"

အပြာရောင်လူရွယ်က ရယ်လိုက်၏။

"ဒါက မတော်တဆ ဖြစ်သွားတာပါ၊ မင်းရဲ့ ကျော်ကြားတဲ့ ဓားသုံးချက်က မဆိုးပါဘူး၊ ဒါကြောင့်လည်း ဟူရှန်ဖုံလို့ နာမည်ကြီးတာကိုး"

ဟူရှန်ဖုံ အံ့အားသင့်သွားတော့၏။

"မင်းက ငါ့ကို သိနေတယ် ဟုတ်လား"

အပြာရောင်ဝတ်စုံဝတ်လူရွယ်က ....

"သိပ်တော့ မသိပါဘူး၊ ကြားဖူးတာပါ၊ မြာပွေပြီး ယုတ်မာတဲ့ ဟူရှန်ဖုံဆိုတဲ့ အမည်ဟာ သိုင်းလောကသားတွေ သိကြတဲ့ နာမည်တစ်ခုပဲ မဟုတ်လား"

ဟူရှန်ဖုံ၏ ဒေါသများသည် မီးတောက်ကဲ့သို့ ကြွတက်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်စုံဝတ် လူရွယ်အား တချက်မျှ တိုက်ခိုက်ပြန်တော့သည်။ သည်တစ်ကြိမ်တွင်တော့ လုံးဝ မလွှော့တော့ပေ။ သို့သော် ဟူရှန်ဖုံ ထင်သကဲ့သို့ မဟုတ်ပါ။ အပြာရောင်ဝတ်စုံဝတ် လူရွယ်က ထိုအချိန်ကျမှ ဓားခွဲထုတ်ပြီး ပြန်လှန်တိုက်ခိုက်လေတော့သည်။

သူတို့၏ တိုက်ပွဲသည် ပြင်းထန်သည်ထက် ပြင်းထန်လာ၏။ အချိန်တရွေ့ရွေ့ ကုန်သွား၏။

ဓားကွက်တစ်ရာမျှ ရောက်သောအခါ ဟူရှန်ဖုံမှာ အရေးနိမ့်လာတော့သည်။

အပြာရောင်ဝတ်လူရွယ်၏ ဓားမှာ သူ၏ တစ်ကိုယ်လုံးအား လွှမ်းခြုံလာတော့သည်။

ဟူရှန်ဖုံက အံကို တင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်သည်။ သို့သော် မရတော့ပါ။ လက်ရည်က ကွာခြားလာပါသည်။

သိုင်းကွက်တစ်ရာ့နှစ်ဆယ်မျှ အရောက်တွင် ထန်းခနဲမြည်သံနှင့်အတူ ဟူရှန်ဖုံ၏ ဓားမှာ လွင့်စဉ်သွားလေတော့သည်။

ထိုအခါ ဟူရှန်ဖုံ၏ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားလေတော့၏။

သူ အကြီးအကျယ် ထိတ်လန့်သွားလေပြီ။ ထိုလူရွယ်သည် သာမန်သိုင်းသမား မဟုတ်ချေတကား။

ထိုလူရွယ်၏ ဓားကွက်များသည် ဟူတန်းဂိုဏ်း၏ ဓားကွက်များဖြစ်ကြောင်း သိလိုက်ရခြင်းက သူ့အဖို့ ပို၍ ထိတ်လန့်စရာ ဖြစ်သွားခြင်းပင်။

ဟူရှန်ဖုံက ထစ်ထစ်ငေါ့ငေါ့ မေးလိုက်၏။

"မင်း .... မင်း ဟူတန်းက မဟုတ်လား"



"ဟုတ်တယ် .... "

အပြာရောင်ဝတ်စုံဝတ်လူရွယ်က တည်ကြည်စွာ ပြောလိုက်သည်။

"မင်းနဲ့ ငါ ဘာမှ ရန်ငြိုးမရှိတဲ့ ဥစ္စာကို ဘာဖြစ်လို့ လိုက်နှောင့်ယှက်ရတာလဲ၊ သိုင်းလောကသားတွေဟာ ကိုယ်နဲ့ မဆိုင်တဲ့အလုပ်ကို ဝင်ရှုပ်လေ့မရှိဘူး"

"ဟား .... ဟား .... ဟား .... မင်းလို မဟုတ်တာလုပ်မယ့်လူကို ငါက လက်ပိုက်ကြည့်နေရမှာလား၊ မတရားတဲ့အလုပ်ကို တားဆီးဖို့က သိုင်းသမားတိုင်းရဲ့ တာဝန်သာ မဟုတ်ဘူး၊ လူတော်လူကောင်းတိုင်းရဲ့ တာဝန်ကွ"

"မင်း .... စွက်ဖက်တဲ့ဒဏ်ကို မင်းခံရမယ်၊ မှတ်ထား"

"မင်းကများ ပြောရတယ် ရှိသလား၊ မင်း ကျူးလွန်တဲ့ အပြစ်အတွက် ငါ အပြစ်ဒဏ်ပေးလိုက်မယ်"

"ရှမ်း .... "

"အား .... "

ဟူရှန်ဖုံက နာကျင်စွာ တစ်ချက်အော်လိုက်သည်။

သူ၏ နားရွက်တစ်ဘက်မှာ အပြာရောင်ဝတ်စုံဝတ်လူရွယ်၏ ဓားချက်ကြောင့် ပြတ်ထွက်သွားသည်။ သွေးများလည်း ရဲခနဲ ဖြာကျလာသည်။

ဟူရှန်ဖုံက နားရွက်ကို လက်နှင့်အုပ်ရင်း ....

"မင်း .... တကယ် သတ္တိရှိတယ်ဆိုရင် မင်းနာမည်ကို ပြောခဲ့စမ်းပါ"

အပြာရောင်ဝတ်စုံဝတ်လူရွယ်က ....

www.burmeseclassic.com

www.burmeseclassic.com



"ရှန်လင့်ကျင် .... မင်းကို ငါမသတ်ဘူး၊ လွှတ်ပေးလိုက်မယ်၊ မင်းအကျင့်ဆိုးကို မပြင်ဘူးဆိုရင်တော့ မင်းကို ငါ လာသတ်မယ်၊ ငါဟာ မင်းလိုပဲ နေရာတကာ ရောက်နေတဲ့လူကွ၊ မတရားတဲ့ကိစ္စကို လုပ်မယ်ကြံတိုင်း ငါ့ကို သတိရစမ်းပါ"

သူသည် စကားဆုံးသည်နှင့် ခြံဝင်းအပြင်သို့ ကျွမ်းထိုးထွက်သွားလေတော့၏။

သူဌေးကြီး ကျင်းဝေကျန်တို့ ဂေဟာလည်း တိုက်သံခိုက်သံများကြောင့် အိပ်ရာမှ နိုးလာကြလေပြီ။ မီးများ ထွန်းညှိလိုက်ကြသည်။

ခြံဝင်းထဲ၌ မည်သူမျှ မရှိတော့ပါ။

သို့သော် ....

ဓားတစ်ချောင်းနှင့် နားရွက်ပြတ်တစ်ခုကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။

နောက်ရက်များ၌ သူဌေးကြီး ကျင်းဝေကျန်၏ ခြံထဲ၌ ဓားတစ်လက်နှင့် နားရွက်တစ်ဘက်ကျန်ခဲ့သောအကြောင်းမှာ တစ်မြို့လုံး ပျံ့နှံ့သွားသည်။

ဟူရှန်ဖုံသည်လည်း ထိုမြို့မှ ပျောက်ကွယ်သွားခဲ့သည်။

ဟူရှန်ဖုံသည် ချင်ဟိုက်ပြည်နယ်သို့ ရောက်ရှိသွားသည်။

သူသည် အလွန်တရာခေါင်သော ကျေးရွာတစ်ရွာ၌ ဇာတ်မြှုပ်နေရန် ဆုံးဖြတ်လိုက်သည်။ ရိုးသားသော ရွာသားများသည် အပြောကောင်းသူ ဟူရှန်ဖုံအား ရွာစွန်တစ်နေရာ၌ ယာခင်းတစ်ကွက်တွင် နေထိုင်ခွင့်ပြုလိုက်ကြသည်။

စင်စစ် ဟူရှန်ဖုံသည် ငွေကြေးမရှိ မဟုတ်ပါ။ လောင်းကစားပွဲမှ နိုင်ထားသော ငွေများရှိပါသည်။ သူသည် ထင်ပေါ်မှုမရှိလိုချိန်



ဖြစ်သဖြင့် ဤသို့ သိမ်ငယ်စွာ ခေါင်းလျှိုဝင်ခြင်း ဖြစ်သည်။ ထိုယာခင်းကလေး၌ သူသည် သူ့သိုင်းပညာများကို ထက်မြက်သည်ထက် ထက်မြက်အောင် လေ့ကျင့်တော့သည်။ သူသည် နားရွက်ကို လက်နှင့် စမ်းမိတိုင်း ပို၍ ပို၍ သိုင်းပညာကို လေ့ကျင့်မိသည်သာ ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၄)

## ရွှေထုပ်လေတော်တိုက်သူ

ဆယ့်သုံးလမျှ ကြာမြင့်ပြီးသောအခါ ....

ဟူရှန်ဖုံသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ပြန်လည်ရရှိလာလေ၏။

ဆယ့်သုံးလလုံးလုံး ဓားရေးကို မနားမနေ လေ့ကျင့်ခဲ့သဖြင့် ဤမျှ တိုးတက်ခဲ့ရခြင်း ဖြစ်ပေသည်။

အတတ်ပညာတို့၏သဘောမှာ ထိုအတိုင်းသာဖြစ်၏။

လေ့ကျင့်ဖန်များလျှင် တိုးတက်သည်သာ ဖြစ်၏။ နာကြည်းခြင်း၊ လက်စားချေလိုခြင်းတို့သည် သူ့အား တွန်းအားပေးနေသဖြင့် ဟူရှန်ဖုံသည် သိုင်းပညာအရာ၌ အံ့သြစရာကောင်းလောက်အောင် အဆင့်မြင့် တိုးတက်ခဲ့ခြင်းဖြစ်ပေသည်။

သူ့ကိုယ်သူ စိတ်ချလောက်သည့်အချိန်၌ ဟူရှန်ဖုံ ခရီးထွက်လာခဲ့လေ၏။ သူ့ခရီးကား ဟူတန်းတောင် ခရီးတည်း။



ဟူတန်းတောင်သို့ သွားရသည့်အချိန်မှာ ကြာမြင့်လှသည်။ ခရီးဝေးကွာလှ၍ ဖြစ်သည်။

ဟူရှန်ဖုံသည် စိတ်မပျက်ဘဲ အေးအေးဆေးဆေးပင် သွားနေသည်။

ခရီးစဉ် တစ်နေရာတွင် ရှေ့မှ လျှောက်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူကို သတိပြုမိခြင်းမှာ ထိုသူ၏ ဝတ်စုံသည် ဟူတန်းဂိုဏ်းသားများ ဝတ်ဆင်သည့်ဝတ်စုံ ဖြစ်နေသောကြောင့်ပေတည်း။ ကြည့်ရင်းကြည့်ရင်းနှင့် ဟူရှန်ဖုံ၏ တစ်ကိုယ်လုံးရှိ သွေးများ ဆူကြွလာတော့သည်။

ဟူတန်းဂိုဏ်းမှ ရှန်လင့်ကျင်နှင့် ရင်ဆိုင်မတိုက်ခိုက်မီ ထိုလူအား အရင်ဆုံးမည်ဟု ဆုံးဖြတ်လိုက်၏။ သို့မှသာ ဟူတန်းဂိုဏ်းက သူ့ကို စော်ကားထားချက်ကို ပဏာမ လက်စားချေရာ ရောက်ပေတော့မည်။

ရှေ့မှ လာနေသောသူသည် ဟူရှန်ဖုံအနီးသို့ ရောက်ရှိလာလေ၏။ ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိသဖြင့် လူကြီးပိုင်းဖြစ်နေလေပြီ။ ထိုလူမှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများနှင့်ဖြစ်၍ ရှိရင်းစွဲ အသက်ထက် ပိုကြီးပုံ ရနေလေတော့သည်။

ထိုလူက ဟူရှန်ဖုံ လမ်းပိတ်ရပ်ထားသည်ကို တွေ့သဖြင့် အံ့အားသင့်သွားသည်။

သို့သော် ထိုလူက ဘာမျှမပြောပါ။

လမ်းဘေးမှ ကွေ့သွားရန် ဟန်ပြင်လိုက်ပါသည်။ ရန်မလိုသည့်သဘောပါတည်း။

"ချွမ် .... "

www.burmeseclassic.com

www.burmeseclassic.com



ဓားထုတ်သံနှင့်အတူ ဟူရှန်ဖုံ၏ဓားက ထိုလူ သွားရာလမ်းကို ပိတ်ဆို့ထားလိုက်တော့သည်။

ထို့ကြောင့် သူက ဟူရှန်ဖုံအား ကြည့်ကာမေးသည်။

"မိတ်ဆွေ .... ဘာကြောင့် ကျုပ်ကို ဟန့်တားရတာလဲ"

ထိုလူကြီး၏ ဟန်မူရာမှာ တည်ငြိမ်၏။

ဟူရှန်ဖုံက သူ့အား ရန်ပြုမည့် အရိပ်အယောင် တွေ့နေရသော်လည်း တုန်လှုပ်ခြင်း မရှိပါ။

ဟူရှန်ဖုံက ထိုလူအား ကြည့်ကာ ....

"ခင်ဗျား .... ဟူတန်းဂိုဏ်းက မဟုတ်လား .... "

ထိုလူ၏ မျက်ခုံးမွေးအစုံမှာ အပေါ်သို့ မြင့်တက်သွား၏။

"ဘာဖြစ်လို့ မေးတာလဲ၊ ဟူတန်းဂိုဏ်းနဲ့ မိတ်ဆွေက ဘာပြဿနာရှိလို့လဲ .... "

ဟူရှန်ဖုံက အေးစက်သော လေသံဖြင့် ....

"ကျုပ်မေးတာသာ ဖြေပါ .... "

"ဟုတ်ပါတယ် .... ကျုပ်က ဟူတန်းဂိုဏ်းကပါ .... "

ထိုလူ၏စကား မဆုံးပါ။

ဟူရှန်ဖုံ၏ဓားက ဝင်လာလေတော့သည်။

ထိုလူမှာ ရုတ်တရက် အံ့အားသင့်သွားဟန် ရှိသည်။

သို့သော် ....

ဓားချက်ကိုမူ ရှောင်တိမ်းနိုင်စွမ်းရှိပါသည်။

ထိုလူက နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်ပြီး ....

"နေပါဦး .... မိတ်ဆွေနဲ့ ကျုပ်နဲ့ ဘာရန်ငြိုးရှိလို့လဲ .... ကျုပ်သိရသလောက်တော့ မိတ်ဆွေကို ခုမှမြင်ဖူးတာပဲ .... "



ဟူရှန်ဖုံက အဖြေမပေးပါ။ ဓားကိုသာ ဝှေ့ယမ်းရင်း တိုက်ခိုက်နေသည်။

ထိုလူမှာ ကြောင်အမ်းအမ်းဖြင့် ရှောင်တိမ်းပေးနေရသည်။ ဆက်တိုက် တိုက်ခိုက်နေသော်လည်း ဟူရှန်ဖုံ၏ဓားက ထိုလူအား မထိပါ။ ထို့ကြောင့် ဟူရှန်ဖုံ ဒေါသထွက်လာသည်။

ထိုနည်းတူပင် ဘာမသိဘာမသိနှင့် တိုက်ခိုက်ခံနေရသောကြောင့် ထိုလူကြီးကလည်း စိတ်တိုလာလေသည်။ ဟူရှန်ဖုံကို ဒေါသထွက်လာနေသည်။

"ဝုန်း .... ဝုန်း .... "

ထိုလူက လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်ရာ ဟူရှန်ဖုံမှာ နောက်သို့ ဆုတ်သွားရလေတော့သည်။ အံ့ဖွယ်လက်ဝါးတိုက်ကွက်ပေတည်း။ ဟူတန်းဂိုဏ်းသားများသည် ဓားရေးသာ ကျော်ကြားသည်။ လက်ဝါးသိုင်း၌ မကျော်ကြားပေ။

ထိုလူမှာ .... လက်ဝါးနှစ်ဖက်နှင့်ပင် မိမိဓားကို ဟန့်တားနိုင်ကြောင်း သိရှိလိုက်ရသောအခါ ဟူရှန်ဖုံမှာ ထိုလူကို အထင်မသေးရဲတော့ပေ။

ဟူတန်းဂိုဏ်းသားက ....

"မင်းက ဘာကြောင့် ငါ့ကို တိုက်ခိုက်ရတာလဲ .... "

ဟူရှန်ဖုံက ....

"ခင်ဗျားတို့ ဟူတန်းက ပညာကို စမ်းချင်လို့ပဲ .... ကဲ .... သတိထား .... ကျုပ်ရဲ့ဓားက်လာပြီ .... ကျုပ် သေသေချာချာ ခိုက်တော့မယ် .... "

သူ့ဓားကွက်များသည် .... လျှပ်ပြက်သည့်နှယ် တလင်းလင်း

www.burmeseclassic.com



တလက်လက် ထွက်ပေါ်လာလေတော့သည်။

ဓားရိပ်များ ဆင့်ကာ ဆင့်ကာ ထွက်လာပြီး ထိုလူကြီးအား ဖုံးလွှမ်းသွားလေတော့သည်။

သုံးကွက်ဓားသည် ဆယ့်သုံးလကြာမျှ ပင်ပန်းကြီးစွာ လေ့ကျင့်ထားသော ဓားသိုင်းပညာထဲမှ အချို့ဖြစ်သည်။ ဓားချက်များ၏ တိကျမှု၊ လျှင်မြန်မှုတို့မှာ အံ့သြဖွယ်ရာပင်။ ပထမတွင် လက်နက်ရှိနှင့် လက်နက်မဲ့တို့ တိုက်ခိုက်နေခြင်းဖြစ်သည်။ သို့သော် သူ့ဓား စက်ဝိုင်းများထဲ၌ ရွှေရောင် တဝင်းဝင်း တွေ့လာရသဖြင့် ဟူတန်းဂိုဏ်းသားကလည်း လက်နက် ထုတ်ကိုင်လာပြီဟု သိလိုက်ရသည်။

ထိုစဉ် သူ၏ ဓားရိပ်များကြားမှ ရွှေရောင်တစ်ချက် လင်းလက်သွားပြီး ထန်းခနဲမြည်ကာ သူ၏ဓားမှာ ထက်ပိုင်းကျိုးသွားလေတော့၏။

ဟူရှန်ဖုံ မျက်နှာပျက်သွားသည်။

မယုံကြည်နိုင်စွာဖြင့် ဟူတန်းဂိုဏ်းသားအား ကြည့်လိုက်လေသည်။

ထိုလူ၏လက်ထဲ၌ ရွှေရောင်ဓားတိုကလေးတစ်ချောင်း ကိုင်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကြီးက ဓားကို ခါးကြားထဲ ပြန်ထိုးလိုက်၏။

ထို့နောက် ဟူရှန်ဖုံအား တစ်ချက်ကြည့်ကာ နံဘေးမှ ကျော်ဖြတ်သွားသည်။

ဟူရှန်ဖုံမှာ မဟန့်တားတော့ပါ။ ဟန့်တားနိုင်စွမ်း မရှိတော့ပါ။ သူ ဆယ့်သုံးလမျှကျော်ကြာမျှ လေ့ကျင့်ခဲ့သော ဓားပညာသည် သုံးနာရီမျှ မပြည့်မီမှာပင် အလကားဖြစ်သွားပြီကို သူ သိလိုက်



ဟူတန်းဂိုဏ်းသို့ သွားပြီး ရှန်လင့်ကျင်အား လက်စားချေမည့် အစီအစဉ်မှာလည်း ပြိုကွဲသွားလေတော့သည်။ ဤပညာလောက်ဖြင့် ဟူတန်းကို ယှဉ်မရကြောင်း၊ သူ၏ သိုင်းပညာမှာ ဟူတန်း၏ ကျော်ကြားသော ရှန်လင့်ကျင်အား မပိုင်နိုင်သေးဟု ယူဆလိုက်သည်။

ယခု သူ ယှဉ်ပြိုင်ခဲ့သော ဟူတန်းဂိုဏ်းသားကိုပင် သူက ရှုံးသည်။ သူသည် ဓားကျိုးကို လွှင့်ပစ်လိုက်၏။ သူသည် ခေါင်းငိုက်စိုက်ချပြီး ထွက်ယောခဲ့၏။

အကယ်၍များ ဟူရှန်ဖုံတစ်ယောက် ယခု သူ ယှဉ်ပြိုင်ခဲ့သော လူသည် သာမန်ဂိုဏ်းသားတစ်ယောက် မဟုတ်ဘဲ၊ ဟူတန်းဂိုဏ်းမှ ရှန်လင့်ကျင်ထက်ပင် အဆများစွာ သာလွန်သည့် ဒုတိယဂိုဏ်းချုပ်တစ်ယောက်ဖြစ်ကြောင်း သိခဲ့လျှင်မူ သူ ဤသို့ စိတ်ဓာတ်ကျခြင်း မဟုတ်သည်မှာ သေချာပါတော့သည်။

သူ စိတ်ပျက်လက်ပျက် လျှောက်လာသည်။ မိုးရွာလာသည်။ သို့သော် ဟူရှန်ဖုံ မိုးရွာမှန်း မသိပါ။ လေတိုက်လာသည်။ လေတိုက်မှန်း မသိပါ။ လေသည် တဖြည်းဖြည်း ပြင်းထန်လာသည်။ သစ်ကိုင်း သစ်ပင်များပင် အမြစ်မှ ကျွတ်လဲသောအခါ ဟူရှန်ဖုံကဲ့သို့သော လူသားမှာ အဘယ်မှာ ခံနိုင်ရည်ရှိပါတော့မည်နည်း။ သူလည်း လွင့်စဉ်သွားလေတော့၏။

ဟူရှန်ဖုံတစ်ယောက် မုန်တိုင်း၌ လွင့်ပါပြီး သတိမေ့တော့သည်။

ဟူရှန်ဖုံ သတိပြန်ရလာသည်။ သူ မည်မျှကြာအောင် သတိမေ့နေမှန်း မသိပါ။ သူ့ဘေးပတ်ပတ်လည်တွင် သစ်ကိုင်းကျိုးများ၊ အမြစ်မှ ကျွတ်လဲနေသော သစ်ပင်များ၊ အများအပြား တွေ့ရသောအခါမှ

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပျက်လက်ပျက် လျှောက်လာခဲ့သည်ကို ပြန်လည်သတိရတော့သည်။

"ငါ ..... သတိမေ့နေခဲ့တာပါကလား ....."

သူ့ကိုယ်သူ ပြန်လည်စစ်ဆေးကြည့်သည်။ ကျိုးပဲ့ခြင်းမရှိသဖြင့် သူ အလွန်ကံကောင်းခဲ့ကြောင်း သိရှိတော့သည်။

သစ်တောကြီးအတွင်း၌ သစ်ကိုင်းသစ်ခက် အကျိုးအပဲ့များ အနှံ့အပြား ဖြစ်နေသည်။

ဟူရှန်ဖုံ ဒယီးဒယိုင် ထလိုက်၏။ သူ့ဝမ်းထဲ၌ တကြွတ်ကြွတ် ဆာလောင်နေသည်။ မကျိုးမပဲ့ ဒုက္ခမဖြစ်ခြင်းကြောင့် စားရေးသောက်ရေးကို ရှာကြံနိုင်မည်ကတော့ ဧကန်မုချ သေချာသည်။ ဟူရှန်ဖုံသည် သစ်တောကြီးအလယ်၌ အခြေအနေဆိုးရွားစွာ လျှောက်လာခဲ့လေ၏။

အချိန်မည်မျှ ကြာသွားသည်မသိ။ သူလျှောက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ သူ၏တစ်ကိုယ်လုံးမှာလည်း နာကျင်နေသည်။

သူ၏မျက်နှာမှာလည်း စစ်စစ် စစ်စစ်နှင့် ကိုက်ခဲနေသည်။

ထိုသို့နှင့် မလှမ်းမကမ်း တစ်နေရာ၌ ဂူပေါက်သဏ္ဍာန်လိုလို အပေါက်တစ်ပေါက်ကိုတွေ့လိုက်ရလေ၏။ ဤကား လူမိုက်ကံကောင်း ဟူရှန်ဖုံအတွက် ကြက်ကန်းဆန်အိုးတိုးခြင်း၏ နိဒါန်းအစပေတည်း။

သူသည် ဂူပေါက်ထဲသို့ လှမ်းကြည့်လိုက်သည်။

အထဲ၌ အလင်းရောင် မှိန်မှိန်ကလေး ရှိနေသည်ကို တွေ့လိုက်ရသဖြင့် ဟူရှန်ဖုံမှာ အကြီးအကျယ် အံ့အားသင့်သွား၏။

အလင်းရောင်ရှိလျှင် လူရှိရမည် မဟုတ်ပါလား။ လူရှိလျှင် သူ့အတွက် အစားအစာတောင်း၍ ရပေလိမ့်မည်။ သူ့အတွက် အစာအဟာရသည် အရေးကြီးဆုံးဟု ဟူရှန်ဖုံ ယူဆထားခဲ့ပေသည်။



မကြာမီ သူသည် အလင်းရောင်ထွက်ပေါ်နေရာသို့ ရောက်ရှိလာလေတော့သည်။

ဟူရှန်ဖုံသည် ဂူအတွင်းပိုင်းကို သေချာစွာ ကြည့်လိုက်၏။ လူတစ်ယောက် ထိုင်နေသည့် ပုံသဏ္ဍာန်ကို တွေ့ရသည်။ မလှုပ်မယှက် ထိုင်နေသည်။ ဂူအောင်းရသေ့တစ်ပါးပါးများ ဖြစ်လေမည်လားဟု ဟူရှန်ဖုံ ထင်မိလိုက်လေသည်။ သို့သော် .... အသေအချာကြည့်သောအခါမှ ထိုလူသည် အဝါရောင်အင်္ကျီနှင့် ဦးထုပ်ကို ဝတ်ဆင်ထားသူမှန်း သိရသည်။ ရသေ့တော့ မဟုတ်ပေ။

မုတ်ဆိတ်မွေးများလည်း ရှည်လျားပေသည်။

ဟူရှန်ဖုံ အံ့အားသင့်သွားသည်။

ထို့ပြင် ထိုလူသည် သူတို့ကဲ့သို့ တရုတ်လူမျိုးလည်း မဟုတ်ပြန်ချေ။

ဟူရှန်ဖုံက ချည့်နဲ့စွာ ခေါ်လိုက်၏။

"မိတ်ဆွေ ....."

ထိုလူက တုံ့ပြန်ခြင်း မရှိပါ။

ဟူရှန်ဖုံက ထပ်ခေါ်ပြန်၏။

"မိတ်ဆွေ .... ကျုပ် ဒုက္ခရောက်လာတဲ့လူပါ .... ကျုပ်ကို ကူညီပါ ...."

သို့သော် ထိုလူသည် အနည်းငယ်မျှပင် မလှုပ်ပါ။

ဟူရှန်ဖုံဘက်သို့လည်း တစ်ချက်မျှပင် ငဲ့စောင်း၍ မကြည့်ပါချေ။

ဟူရှန်ဖုံသည် ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိအောင် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ မည်သူနည်း …. ။ လူသူမနီးသော ဤသစ်တောကြီး အလယ် ဂူကြီးထဲ၌ အဘယ်ကြောင့် တစ်ယောက်တည်း နေရသနည်း။ ထူလူးလူဆန်းလော။ စုန်းကဝေလော။

သူသည် ရှေ့သို့ အရဲစွန့် မတိုးဝံ့ချေ။

သိုင်းလောက၌ လူထူးလူဆန်းများရှိသည်ဟု ကြားဖူးထားသည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် ရောက်ရာနေရာ၌ပင် ထိုင်ချလိုက်သည်။

ထို့နောက် ထိုလူ၏ အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ဟူရှန်ဖုံမှာ ထိုင်ရာမှ မထသေးပါ။

ထို့အတူ ထိုလူထူးလူဆန်းမှာလည်း ထိုင်ရာမှ ထမလာပါ။ ထူးဆန်းသည့်အချက်မှာ ဟူရှန်ဖုံက တစ်ချက်တလေ လှုပ်သော်လည်း ထိုလူက လုံးဝမလှုပ်ခြင်း ဖြစ်ပါသည်။

ကြာတော့ ဟူရှန်ဖုံ စိတ်မရှည်ဘဲ ဖြစ်လာသည်။

ထို့ကြောင့် အသံကုန် အော်လိုက်သည်။

“မိတ်ဆွေ …. ”

သူ၏အသံမှာ ပဲ့တင်ထပ်သွား၏။ ဂူထဲ၌ဖြစ်၍ သူ့အသံသည် ကြောက်မက်ဖွယ်ရာ ဟိန်းနေသည်။

သူသည် ခုနစ်ခွန်း ရှစ်ခွန်းခန့် ဆက်တိုက်ခေါ်လိုက်ရာ သူ့လည်ချောင်းများပင် နာလာတော့သည်။ ထို့မျှခေါ်သော်လည်း ထိုလူ လုံးဝမလှုပ်ပြန်ပါ။

ဟူရှန်ဖုံက ထိုင်ရာမှ ထလိုက်သည်။ တော်လောက်ပြီ။ ရှေ့



တိုးစုံစမ်းမှ သင့်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ လူထူးလူဆန်းက သတ်၍ သေကလည်း သေစေတော့ဟု ဆုံးဖြတ်ကာ ရှေ့သို့တိုး၍ သေသေချာချာ ကြည့်လိုက်၏။

ဟူရှန်ဖုံ အံ့သြသွားလေတော့သည်။

ထိုလူကား ထိုင်လျက် သေဆုံးနေခြင်းပေတကား။

လူသေတစ်ယောက်ကို လူရှင်မှတ်ပြီး သူ အချိန်များစွာ ဖြုန်းမိခဲ့ချေတကား။

သို့သော် ထိုလူ၏အသားမှာ ပုပ်ပွခြင်း မရှိပါ။ ထိုအချက်မှာ အတော်ပင် ဆန်းကြယ်လှသောအချက် ဖြစ်သည်။

ဟူရှန်ဖုံက အလင်းရောင် ထွက်ပေါ်ရာနေရာကို ကြည့်လိုက်၏။

အလင်းရောင်ထွက်ပေါ်နေသော အရာမှာ ပုလဲလုံးကလေး တစ်လုံးပင် ဖြစ်သည်။

ထိုပုလဲလုံးကလေးအား စားပွဲတစ်ခုပေါ်၌ တင်ထား၏။ ထို စားပွဲပေါ်၌ စာအုပ်သုံးအုပ်ကိုလည်း တွေ့ရသည်။

ဟူရှန်ဖုံက ထိုလူ့အနီးမှ ထကာ စားပွဲဆီသို့ လျှောက်လာ၏။ ထို့နောက် စာအုပ်အား ကြည့်လိုက်သည်။

စာအုပ်များမှာ အညိုရောင်အဖုံးနှင့် ဖြစ်သည်။

သားရေဖြင့် ပြုလုပ်ထားသော စာအုပ်ဖြစ်၍ သူ့စိတ်ထဲ၌ ထူးဆန်းသလို ဖြစ်နေသည်။

ဟူရှန်ဖုံသည် စာအုပ်တစ်အုပ်ကို အသာအယာ ကောက်ယူပြီး အဖုံးမှစာကို ဖတ်လိုက်၏။

“ဆေးကျမ်း”

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံသည် မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး စာအုပ်ကို ဟိုလှန်သည်လှန်နှင့် သမန်ကာရှန်ကာ ဖတ်လိုက်သည်။ ဆေးဖော်နည်းများ၊ ကုထုံးများပင်။

ဆေးဖော်စပ်နည်းများမှာ ထူးဆန်းလှ၏။

အတွင်းအား တိုးပွားစေရန် စားသုံးသော ဆေးများဟူသော စာမျက်နှာကို သူ စိတ်ဝင်စားသွား၏။ ထို့ကြောင့် အသေအချာဖတ်သည်။ သူ့မျက်နှာများ ထပ်မံမဲ့ရွဲ့သွားသည်။

စားရမည့်ဆေးမှာ မလွယ်ပါ။ အ်တော်ပင် ရှားပါးသော ဆေးများ ဖြစ်နေသည်။ သူသည် ထပ်မံစိတ်မဝင်စားတော့ဘဲ လျှောက်လှန်လိုက်ပြန်သည်။

တစ်နေရာအရောက်ဝယ် သူက ရပ်တန့်သွားပြန်၏။

"အတိတ်မေ့ဆေး"

ထိုဆေးကို တိုက်ကျွေးလိုက်သော သူသည် သူ၏အတိတ်ဘဝမှ အကြောင်းအရာများကို မေ့သွား၏။

အကယ်၍ သိုင်းပညာ တတ်ကျွမ်းထားသူအဖို့ ထိုဆေးမိသော်လည်း သိုင်းပညာမှာမူ မေ့လျော့ခြင်းမရှိဟု ဆိုထားသည်။

ထိုဆေး မိနေသောလူအား မိမိက အမိန့်နာခံအောင် ပြုလုပ်နိုင်သည်။

ထိုဆေး၏ ဖြေဆေးမှာမူ ....

ဆေးမိနေသော လူအား ပြန်ဖြေနိုင်သည့် ဆေးဖော်နည်းကိုလည်း ဖော်ပြထားသည်။

ဖြေဆေးကား မခက်ပါ။ လွယ်လွန်းသည့်အတွက် သမားတော်ကြီးများပင် ဦးနှောက်ခြောက်သွားနိုင်ပါသည်။



သူက ဖော်စပ်ရမည့် ဆေးမြစ်များကို ကြည့်ရှုမှတ်သားလိုက်၏။

ထို့နောက် နောက်ထပ် စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်သည်။

"ထပ်တစ်ရာ သိုင်းပေါင်းချုပ်ကျမ်း"

ဟူရှန်ဖုံ၏ မျက်လုံးများ အရောင်တစ်လက်လက် တောက်ပသွား၏။ သူ့လောဘသည် နောက်ထပ် စာအုပ်တစ်အုပ်ဆီသို့ ရောက်သွားပြန်၏။ သူ့မျက်လုံးများ ပို၍ အရောင်တောက်သွားပြန်သည်။

"ကျွန်ုပ်၏ကိုယ်ပိုင်သိုင်းပညာများ"

ဟူရှန်ဖုံက ငါလိုလူ ဇမ္ဗူမှာရှိဦးမလားကွ .... ဟု အော်ဟစ်မိမတတ် ဖြစ်သွားလေ၏။ သိုင်းကျမ်း ဆေးကျမ်းများကို မမျှော်လင့်သည့် နေရာမှ ရရှိခဲ့ပြီ မဟုတ်ပါလား။ ဆာလောင်သော ဝေဒနာသည်လည်း ထူးဆန်းစွာ ပျောက်သွားသည်။

ဟူရှန်ဖုံသည် ကျွန်ုပ်၏ကိုယ်ပိုင်သိုင်းကျမ်းများဟူသော ကျမ်းကို ခပ်မြန်မြန် လှန်လှောဖတ်လိုက်ရာ လွန်စွာသဘောကျသွား၏။

သိုင်းကျမ်းမှာ ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များနှင့် ပြည့်နှက်နေသည်။

ထို့အတူ သိုင်းလေ့ကျင့်ရာ၌လည်း အသုံးပြုရန် အသက်ဆယ်နှစ်ပတ်ဝန်းကျင် လူငယ်ယောကျ်ားလေးများ လိုအပ်သည်ကိုပါ တွေ့ရှိလိုက်၏။

ဟူရှန်ဖုံသည် ထိုအချက်ကို လွန်စွာစိတ်ဝင်စားသွားသည်။

သူက ဤသိုင်းကျမ်းကိုသာ လေ့ကျင့်ပြီးမြောက်ပါက သိုင်းလောကကြီးကို စိုးမိုးနိုင်မည်ဟု တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်လောင်းတွေးမိသည့် အတွေးမှာ သူ၏ ငြိုးသူရန်ဘက် ရှန်လင့်ကျက်ကို .... ကောင်းစွာ အကြွေးဆပ်နိုင်တော့မည်ဟူသည့် အချက်ပင်တည်း။

သူသည် စာအုပ်သုံးအုပ်စလုံးကိုယူပြီး ရင်ခွင်ထဲထည့်လိုက်၏။ အဖိုးတန်ရတနာများကို သိမ်းဆည်းထားသည့်နှယ် လက်ဖြင့်ဖိပြီး ဝှထဲမှ ထွက်လာသည်။ လူထူးလူဆန်း သူ့ကျေးဇူးရှင်အား မြေမြှုပ်ပေးရန်ပင် စိတ်မကူးခဲ့ချေ။



အခန်း(၁၅)

## မှန်စင်ကြယ်ဂိုဏ်း

ဟူရှန်ဖုံသည် သူနားရွက်တစ်ဘက် ပြတ်ခဲ့သည့်အတွက် မှန်မကြည့်ခဲ့သည်မှာ ကြာချေပြီ။

ထို့ကြောင့် သူ့ရုပ်ရည် မည်မျှဆိုးရွားနေပြီဖြစ်သည်ကို သူ မသိဘဲ ဖြစ်ခဲ့ရသည်။

မုန်တိုင်းနှင့်အတူ လွင့်စဉ်ပါးသွားစဉ်က ဒဏ်ရာအကြီးအကျယ် မရသော်လည်း သူ့မျက်နှာမှာမူ ဒဏ်ရာများစွာ ရခဲ့၏။ ထိုဒဏ်ရာများ အကင်းသေသွားသောအခါ နားရွက်တစ်ဘက်ပြတ် ဟူရှန်ဖုံမှာ လူချော လုလု ဟူရှန်ဖုံ မဟုတ်တော့ပါ။ လွန်စွာရုပ်ဆိုးလှသော ဟူရှန်ဖုံ ဖြစ်ခဲ့သည်။

ထိုအချက်ကို သူ မသိချေ။ သူ့ကိုယ်သူ ယခင်ကလို ရုပ်ချောသူဟု ထင်နေပေသေးသည်။

တစ်နေ့တွင် သူသည် အမှတ်မထင် မှန်ကြည့်လိုက်၏။ ရုတ်တရက် သူ လန့်သွားသည်။ ကြေးမုံထဲ၌ ပေါ်နေသော ရုပ်သွင်မှာ

www.burmeseclassic.com



မျက်နှာပေါ်၌ အမာရွတ်ကြီးများ ပြည့်နေ၏။ နဂိုက ချောမောသော သူ၏မျက်နှာ မဟုတ်တော့ပါ။

ဟူရှန်ဖုံမှာ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ငိုမိသည်။

သူ၏ ရင်ထဲမှ အငြိုးများသည်လည်း ပို၍ ပို၍ ကြီးမားလာသည်။

သူသည် သူ၏ငြိုးသူရန်ဘက် ရှန်လင့်ကျင်ကိုသာမက ဟူတန်းတစ်ဂိုဏ်းလုံးကို ဖျက်ဆီးပစ်မည်ဟု သစ္စာဆိုလိုက်လေတော့သည်။

ထို့နောက် ....

သူသည် လူသူဝေးသော ကျက်ကျန်း ပင်လယ်ဘက်ဆီသို့ ထွက်လာခဲ့လေ၏။ ခြောက်လမျှ ကြာသောအခါ ဟူရှန်ဖုံသည် ကျက်ကျန်းပင်လယ်ကမ်းခြေသို့ ရောက်ရှိလာ၏။

သူက ကျက်ကျနီး ပတ်ဝန်းကျင်တစ်လျှောက် စခန်းချရန် နေရာလိုက်ရှာ၏။ တိတ်ဆိတ်သော လူသူမရှိသော ကျွန်းများကို လိုက်လံရှာဖွေသည်။

ကျက်ကျန်းပင်လယ်ကမ်းခြေတစ်ဝိုက်ကျွန်းများမှာ အများအပြားရှိသည်။ လူသူမနေသော ကျွန်းများမှာလည်း ဆယ်ကျွန်းခန့်ပင် ရှိနေသည်။ သူ့အတွက် လွန်စွာဟန်ကျနေသည်။

နောက်ဆုံး ....

ဟူရှန်ဖုံသည် မီးကျွန်းဟူသော ကျွန်းကလေးကို ရွေးချယ်လိုက်သည်။

ထိုမီးကျွန်းသည် သူ၏ ဌာနချုပ်ဖြစ်လာလေသည်။

မီးကျွန်းမှာ တိတ်ဆိတ်၏။ အေးချမ်း၏။

သစ်ပင်ဝါးပင်များလည်း ထူထပ်သည်။



သူပုန်သူကန် ဌာနချုပ်လုပ်ရန် သင့်လျော်သောနေရာ ဖြစ်၏။ သိုင်းလေ့ကျင့်ရန် အနေအထားလည်းကောင်းသည်။

ထို့အပြင် အခြားသော တံငါရွာများသည် ဤမီးကျွန်းနှင့် အလှမ်းမဝေးရခြင်းက ရိက္ခာဝယ်ရန်သော်လည်းကောင်း၊ လုယက်ရန်သော်လည်းကောင်း အဆင်ပြေနေသည်။

"ဒီမီးကျွန်းဟာ ငါ့အတွက် နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုတာလို အင်မတန်သင့်လျော်တဲ့ နေရာပဲ .... ငါ ဒီနေရာကို ဌာနချုပ်လုပ်မယ် .... ငါ့ရန်သူတွေကို ဒီဌာနချုပ်ကနေပြီး လက်စားချေရမယ် ...."

ဟူရှန်ဖုံသည် ကျွန်းပေါ်၌ တစ်ယောက်တည်း စကားပြောနေသည်။ သူ့အတွက် ထိုသို့ ပြောလိုက်ရသည့်အတွက် ရင်ပေါ့သွားသည်ကတော့ အမှန်ပင်။ သူ့ရင်ထဲ ကျိတ်ထဲသို့ဝှက်ထားရသည်မှာ ပင်ပန်းလေးလံလှပြီ မဟုတ်ပါလော။

ဟူရှန်ဖုံသည် ကျွန်းကလေးပေါ်၌ နေထိုင်စရာ ရှာဖွေရာ ဂူအချို့ ရှိနေသဖြင့် သူ့အနေဖြင့် အိမ်ဆောက်ရန် မလိုတော့ချေ။

ထို့နောက် ....

သူရရှိသော သိုင်းကျမ်းစာအုပ်ပါ သိုင်းပညာများကို စတင်လေ့ကျင့်တော့သည်။

ဟူရှန်ဖုံ၌ အခြားအာရုံ မရှိတော့ချေ။ သူ့ကိုယ်သူ လွန်စွာရုပ်ဆိုးနေမှန်း သိလိုက်ပြီဖြစ်၍ မိန်းမပွေရန်လည်း မစဉ်းစားတော့ချေ။

ထို့ကြောင့် ....

နေ့စဉ်နေ့တိုင်း သိုင်းပညာလေ့ကျင့်တော့သည်။

ထို့နောက် ....

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျွမ်းသူ ပါရှိသော ဆေးများကို ဖော်စပ်သည်။ ပရဆေးပင်များ စုဆောင်းသည်။ ဆေးကို ဖြေကြည့်သည်။ ရိက္ခာအလိုရှိသော အခါ ရှပ်ဖျက်၍ မြို့သို့လည်းကောင်း၊ ရွာကလေးများသို့လည်းကောင်း သွား၍ ဝယ်သည်။

ထိုသို့ဖြင့် အချိန်များမှာ တစ်စထက်တစ်စ ကုန်လွန်လာခဲ့သည်။

နွေ၊ မိုး၊ ဆောင်း ရာသီဥတုပင် နှစ်ပတ်မျှ လည်ပတ်သွားသည်။

နှစ်နှစ်ဟူသော အချိန်အတွင်း ဟူရှန်ဖုံ၏ သိုင်းပညာမှာ တစ်စထက်တစ်စ ပို၍ မြင့်မားလာသည်။ အတွေ့အကြုံ အသင့်အတင့် ရှိခဲ့သော ဟူရှန်ဖုံသည် သိုင်းပညာကို စိတ်ချသည်ထက် စိတ်ချမှုရှိစေရန် အထပ်ထပ်လေ့ကျင့်သည်။

သို့သော် ....

သူသည် တစ်ကိုယ်တည်း ဖြစ်နေသည်။ အကူအညီလိုသည်။ အင်အားလိုသည်။ ထို့ကြောင့် ကလေးငယ်များကို ဖမ်းဆီးပြီး သူ့တပည့်များအဖြစ် ဖန်တီးရန် စီစဉ်လေတော့၏။

ထိုအချိန်မှစ၍ .... ကျက်ကျန်းပင်လယ်ကမ်းခြေရှိ တံငါရွာကလေးများ၌ ယခင်က မရှိခဲ့ဘူးသော အန္တရာယ်များ ကျရောက်လာတော့သည်။

တံငါရွာများမှ ကလေးငယ်များ ပျောက်ဆုံးစ ပြုလာသည်။

တစ်နေ့၌ ထိုတံငါရွာရှိ တံငါသည် ယွင်ပိုင်၏ ကလေးမှာ ပျောက်ဆုံးသွားသည်။ တံငါသည် ယွင်ပိုင်မှာ သားကလေးတစ်ဦးသာ ရှိ၏။ ထိုသားကလေး ပျောက်ဆုံးသွားသဖြင့် ယွင်ပိုင်မှာ အိပ်ရာထဲ လဲတော့သည်။



ရွာထဲရှိ တံငါသည်များသည် ယွင်ဖျောင်ကို ချစ်ခင်ကြသူများဖြစ်သည့်အလျောက် ကြိုးစား၍ ရှာဖွေကြ၏။

သို့သော် ယွင်ဖျောင်ကိုမူ လုံးဝမတွေ့ရတော့ချေ။

တစ်ရွာလုံးမှာ ယွင်ပိုင်တို့ သားအဖအဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်မိကြသည်။ အချိန်ရတိုင်း လက်လှမ်းမီသလောက် စုံစမ်းပေးကြသော်လည်း ယွင်ဖျောင်သတင်းကို လုံးဝစုံစမ်း၍ မရတော့ချေ။

ထို့ပြင် နောက်ထပ် အဖြစ်အပျက်တစ်ခုကို ထပ်၍ကြုံဆုံလိုက်ရပြန်သောအခါ တံငါသည်များ ထိတ်လန့်သွားရတော့သည်။

ယွင်ပိုင်၏ သားကလေး ယွင်ဖျောင် ပျောက်ဆုံးပြီး ခုနစ်ရက်ခန့် ကြာသောအခါ ရွာထဲရှိ ကလေးသုံးယောက်မှာ တစ်ပြိုင်နက် ပျောက်ဆုံးသွားကြပြန်သည်။ ရွာသားများအားလုံးထွက်ကာ ရှာဖွေကြသည်။

ကလေးများ၏ အကြိုးစ အစုတ်အပြဲလေးမှအပ မည်သည့်ကလေးကိုမျှ ပြန်မတွေ့ရပါချေ။ တံငါသည်များမှာ ရိုးသားသူများ ဖြစ်ကြသည်။ စာပေ မတတ်ကြပါ။ အယူလည်း သည်းကြသည်။

သူတို့က ကလေးများအား ပင်လယ်နတ်မင်းကြီး ဖမ်းစားသည်ဟု ထင်မြင်ယူဆကြသဖြင့် သူတို့က ပင်လယ်နတ်မင်းကြီးအား ပူဇော်ပသပွဲများ ပြုလုပ်ကြသည်။ စိတ်ဆိုးပြေပါရန် တောင်းပန်ကြသည်။

သို့သော် .... ပူဇော်ပသပြီးနောက် တစ်လခန့်အကြာ၌လည်း ရွာထဲမှ ကလေးနှစ်ယောက် ထပ်မံပျောက်ဆုံးသွားပြန်လေရာ ရွာထဲရှိ လူများမှာ ပို၍ ကြောက်ရွံ့သွားကြလေတော့သည်။

ကလေးရှိသော မိသားစုများမှာ မိမိတို့၏ ကလေးများကို အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အိမ်ပြင်ကိုပင် ထွက်ခွင့်မပေးတော့ချေ။

အမြဲတမ်း ကလေးများ ဆော့ကစားရာ သဲသောင်ပြင်၌ မည်သည့် ကလေးကိုမျှ မတွေ့ရတော့ချေ။

ထိုတံငါရွာကလေး၏ ကလေးပျောက်ဆုံးသော သတင်းမှာ ပတ်ဝန်းကျင်ရွာများသို့ ပျံ့နှံ့သွားလေသည်။

ပတ်ဝန်းကျင်ရှိ ရွာများသည် ထိုသတင်းကြောင့် ပို၍မကြောက်နိုင်အားချေ။

အဘယ်ကြောင့်ဆိုသော် သူတို့၏ရွာ၌လည်း အလားတူ အဖြစ်အပျက်မျိုးကို ခံစားနေရသောကြောင့် ဖြစ်သည်။

ကလေးရှိသော မိသားစုများမှာ တံငါရွာတွင် ဆက်လက်မနေရဲတော့ပါ။ အနီးဆုံးမြို့များသို့ ချက်ချင်းပြောင်းရွှေ့သွားကြတော့သည်။

ထိုမိသားစုများ ပြောင်းရွှေ့သွားရာ ဒေသတစ်လျှောက်၌ ကလေးများ ပျောက်ဆုံးသည့် သတင်းသည် တောမီးပမာ ပျံ့နှံ့သွားလေတော့သည်။

အာဏာပိုင်များကလည်း ဤသတင်းကို လက်ပိုက်ကြည့်မနေကြပါ။ စစ်သားများကို စေလွှတ်၍ စုံစမ်းခိုင်းသည်။

သို့သော် မည်သို့မျှ ထူးခြားခြင်း မရှိချေ။ မည်သည့် သဲလွန်စမျှလည်း မရချေ။ စစ်သားများက ကလေးများ ဆော့ကစားရင်း ရေနစ်သေခြင်းသာ ဖြစ်ပါသည်ဟု အစီရင်ခံကြသည်။

ဤသို့ဖြင့် အာဏာပိုင်များ၏ အရေးယူမှုသည် လျော့နည်းအားပျော့သွားလေတော့သည်။

ကလေးပျောက်ဆုံးသောသတင်းမှာ သိုင်းလောကသို့လည်း ပျံ့နှံ့သွားသည်။ သိုင်းသမားများသည် ထိုသတင်းကို စိတ်ဝင်စားကြ



လေသည်။ သိုင်းသမားအတော်များများထွက်၍ စုံစမ်းကြ၏။ သို့သော် သူတို့သည်လည်း ယခင်က စစ်သားများနည်းတူ မည်သည့်သဲလွန်စမျှ ရှာမတွေ့ဘဲရှိသည်။ တစ်ခုကွာခြားသည်မှာ သိုင်းသမားများသည် စစ်သားများကဲ့သို့ လွယ်လွယ်နှင့် စိတ်မလျှော့ကြခြင်းပေတည်း။

သိုင်းသမားများသည် တစ်စုံတစ်ခုကို စိတ်ဝင်စားပြီဆိုလျှင် အစမှ အဆုံးတိုင် လှုပ်ရှားပါဝင်တတ်ကြပေသည်။

သူတို့က စစ်သားများယူဆသကဲ့သို့ ကလေးများ ပင်လယ်ထဲ နစ်သည်ဆိုခြင်းကို လက်မခံကြချေ။

ထိုသို့ တစ်ရွာတည်း၌ ဖြစ်ပျက်လျှင် သူတို့ လက်ခံကောင်း လက်ခံနိုင်သည်။

ဤသို့ ရွာအများအပြား၌ ဖြစ်ပျက်ခြင်းကို ဖြစ်ရိုးဖြစ်စဉ်ဟု မယူဆကြပေ။

ဤကိစ္စနောက်ကွယ်၌ ထူးခြားချက်ရှိရမည်ဟု သူတို့ယုံကြည်ကြပေသည်။ ပျောက်ဆုံးသော ကလေးများမှာလည်း ဆယ်နှစ်ကျော် ပတ်ဝန်းကျင် ယောကျ်ားကလေးများသာ ဖြစ်၏။

ထို့ကြောင့် တစ်စုံတစ်ယောက်၏ လက်ချက်ဟု ယူဆကြသည်။

သူတို့သည် သိုင်းလောကအတွင်း နာမည်ဆိုးရှိသော အောက်လမ်းသိုင်းသမားများကို မျက်စိဒေါက်ထောက်ကြည့်ကြ၏။

သူတို့သည် ဟူရှန်ဖုံကိုတော့ သတိမရကြပေ။ သူတို့ သိထားသလောက် ဟူရှန်ဖုံသည် နံပါတ်တစ်သို့မဟုတ် ထိပ်သီးသိုင်းသမားလည်း မဟုတ်ချေ။ ထို့ပြင် မီးကျွန်းကလည်း လှို့ဝှက်သိုသိပ်လွန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဟူရှန်ဖုံမှာ အေးအေးဆေးဆေး လှုပ်ရှားခွင့်ရလေတော့သည်။

နောက်ထပ် ခြောက်လမျှ ကြာသောအခါ ဟူရှန်ဖုံမှာ သိုင်းပညာအရာ၌ သိသိသာသာ မြင့်မားလာသည်။

သိုင်းလောက၏ ထိပ်သီးသိုင်းသမားအဆင့်သို့ ရောက်ရှိလာလေတော့သည်။ သို့သော် သူသည် သူ၏ပညာကို လက်တွေ့အသုံးမချရသေးသဖြင့် မည်သို့အဆင့်ကို ရောက်ရှိနေပြီကို မသိခဲ့ချေ။ သူ သင်ကြားသည့် သိုင်းပညာမှာ အောက်လမ်းပညာဖြစ်၍ သူ့သိုင်းပညာများ အောင်မြင်လာလေလေ စိတ်ဓာတ်က ကြမ်းတမ်းလာလေလေ ဖြစ်လာသည်။

ရက်စက်ကြမ်းကြုတ်သော သိုင်းပညာကို လေ့လာမိသည့်အတွက် သူ၏စိတ်မှာလည်း တစ်စထက်တစ်စ ကြမ်းကြုတ်လာခြင်းဖြစ်သည်။ ဤပညာမျိုးကား လေ့ကျင့်သူကို ပြန်လမ်းမရှိသော နေရာသို့ ပို့သည့်ပညာမျိုးပေတည်း။ ဟူရှန်ဖုံ၏ နဂိုကကောက်ကျစ်သော စိတ်ထားမှာလည်း ပို၍ ပို၍ပင် ကောက်ကျစ်လာလေသည်။

ဟူရှန်ဖုံသည် ဟူတန်းဂိုဏ်းအား လုံးဝမမေ့ချေ။

ဟူတန်းဂိုဏ်းအား ဖြိုခွဲရန် သူတစ်ယောက်တည်းနှင့် မဖြစ်ကြောင်း သဘောပေါက်မိသဖြင့် လူသူအင်အား စုဆောင်းရန်နှင့် ဂိုဏ်းတစ်ခု တည်ထောင်ရန် စိတ်ဆုံးဖြတ်လိုက်လေ၏။

ထိုအခါ တပည့်အဖြစ် လူများစွာ လိုအပ်လာသည်။ သူက လူကြီးများကိုပါ ဖမ်းဖို့ ဆုံးဖြတ်လိုက်၏။ သို့မှသာ သူ၏ ဂိုဏ်းသစ်သည် လျင်မြန်စွာ အင်အားတောင့်တင်းလာမည် မဟုတ်ပါလား။

နောက်တစ်လမျှ အချိန်အတွင်း၌ ကလေးများ ပျောက်ဆုံး



သော သတင်းသည် လူရွယ်များ ပျောက်ဆုံးသော သတင်းသို့ ကူးပြောင်းသွားလေ၏။

ဟူရှန်ဖုံအဖို့ ကလေးများထက် လူကြီးများကို ဖမ်းရခြင်းမှာ ပို၍ လွယ်ကူသည်။

လူရွယ်အတော်များများမှာ လွတ်လွတ်လပ်လပ် သွားလာကြသဖြင့် သူ့အဖို့ ဖမ်းရန် ပိုလွယ်ခြင်းဖြစ်သည်။

ဟူရှန်ဖုံသည် သူ ဖမ်းဆီးရမိသော လူရွယ်များအား ဆေးကျမ်း၌ပါသော အတိတ်မေ့ဆေးကို တိုက်ကျွေးလိုက်သည်။

ထိုအခါ လူရွယ်များသည် သူ၏စေသည့်ကျွန်၊ ထွန်သည့်နွားပမာ ဖြစ်သွားတော့သည်။ ထိုလူရွယ်များသည် ကိုယ်ပိုင်အသိဉာဏ်မရှိတော့ဘဲ ဟူရှန်ဖုံ ခိုင်းစေသမျှ ပြုလုပ်ကြတော့၏။

လူရွယ်များအား စကားမပြောနိုင်ရန်လည်း အကြောများကို ပြုပြင်လိုက်သည်။

ထို့နောက် သူ၏ သိုင်းပညာကို သင်ကြားပေးသည်။

ဤသို့ဖြင့် ဟူရှန်ဖုံသည် သူ့ဂိုဏ်းသားများကို စုဆောင်းလာသည်။

ဂိုဏ်းသားများ များပြားလာသည့်အတွက် ရိက္ခာများ လိုအပ်လာသည်။

ထိုအတွက် ဖြေရှင်းနည်းကလည်း လွယ်ကူပါသည်။

မကြာမီ ....

ကျက်ကျန်းပင်လယ်ပြင်၌ ဓားပြတိုက်မှုများ ပုယက်မှုများ ဖြစ်ပေါ်လာ၏။

ဓားပြတိုက်ခံရသော လှေများမှာ လှေသာပြန်ရောက်သည်

www.burmeseclassic.com



လှေထဲ၌ပါသော ရိက္ခာနှင့် လှေသမားများကား ပြန်ရောက်မလာချေ။ အသက်ကြီးသော အလောင်းများသာ ပြန်ပါလာသည်။

သိုင်းသမားများမှာ လူပျောက်မှုကို စုံစမ်းနေရာမှ ဓားပြမှုများ ပိုမိုများပြားလာကြောင်း တွေ့လိုက်ရသဖြင့် ဦးနှောက်ခြောက်သွားကြရသည်။

အောက်လမ်းသိုင်းသမားများသည် ဒုစရိုက်မှုများ ကျူးလွန်တတ်ကြသော်လည်း သူခိုးဓားပြများကဲ့သို့ သူ့ငွေဖြစ် ဓားပြတိုက်တတ်ကြသည် မဟုတ်ပါ။ ထို့ကြောင့် သိုင်းလောကသားများ ပို၍ အတွေးရ ကြပ်လာခြင်း ဖြစ်တော့သည်။

ခုနစ်စဉ်ကြယ်ဂိုဏ်းဆိုသည်မှာ သိုင်းသမားခုနစ်ယောက်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ သူတို့အားလုံးမှာ အဖြူရောင်သိုင်းသမားများချည်းသာ ဖြစ်သည်။

သူတို့၏ ခုနစ်စင်ကြယ်ဂိုဏ်းမှ မတရားမှု ကျူးလွန်းသော ဒုစရိုက်ဂိုဏ်းသားများအား သုတ်သင်သည့်နေရာ၌ အလွန်ပင် နာမည်ကြီး၏။

ဒုစရိုက်သမားများမှာ ခုနစ်စဉ်ကြယ်ဂိုဏ်းဆိုလျှင် ဝေးဝေးမှ ရှောင်ကြရသည်အထိ သူတို့ အရှိန်အဝါ ကြီးသည်။

ယခု ကျက်ကျန်းပင်လယ်မှ ဒုစရိုက်မှုခင်း သတင်းများမှာ ခုနစ်စဉ်ကြယ်ဂိုဏ်း၏ နားသို့ ပေါက်သွားတော့သည်။

ခုနစ်စဉ်ကြယ်ဂိုဏ်းသားများသည် ငြိမ်မနေကြတော့ပါ။ သိုင်းလောကထဲသို့ ပြန်ထွက်လာကြသည်။ ဤသို့ ပြောရခြင်းမှာ ခုနစ်စဉ်ကြယ်ဂိုဏ်းသားများ ငြိမ်သက်နေသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သောကြောင့်ပင်။



သူတို့က ဖြစ်ပျက်ပုံများကို အသေးစိတ် လေ့လာကြသည်။ အခြေအနေကိုလိုက်၍ သုံးသပ်ကြည့်သည်။

ဒုစရိုက်မှုခင်းများသည် ကျက်ကျန်းပင်လယ်ကမ်းခြေနှင့် ပင်လယ်ထဲသာ ဖြစ်ပွားနေကြောင်း သူတို့ တွေ့ရှိရသည်။

ထို့ကြောင့် ဒုစရိုက်သမားများသည် ကျက်ကျန်းပင်လယ်တွင်းရှိ တစ်နေရာရာ၌သာ အခြေစိုက်ရမည်ကို စဉ်းစားမိကြသည်။

ထို့ကြောင့် သူတို့က ကျက်ကျန်းပင်လယ်တွင်း၌ လှည့်လည် စုံစမ်းရန် ဆုံးဖြတ်လိုက်ကြသည်။

ထို့နောက် ....

သူတို့ ခုနစ်ယောက်စလုံး ကျက်ကျန်းပင်လယ်ဆီသို့ ထွက်ခွာလာခဲ့ကြလေတော့သည်။

နောက်ခုနစ်ရက်ကြာသောအခါ ကျက်ကျန်းပင်လယ်ပြင်၌ လှေတစ်စင်း ရွက်လွှင့်သွားလာနေသည်။

လှေမှာ အတော်ပင်ကြီးမားသည်။ ထည်ဝါသည်။ ထိုလှေပေါ်၌ လူနှစ်ဆယ်ခန့်ပါသည်။ ဆယ့်သုံးယောက်မှာ လှေထိုးသားများ ဖြစ်ကြသည်။ ကျန်ခုနစ်ယောက်မှာမူ ခုနစ်စဉ်ကြယ်ဂိုဏ်းမှ သိုင်းသမားများပင် ဖြစ်ပါသည်။

သူတို့က ဓားပြများ မျက်စိကျစေရန် တမင်လှေကို ခမ်းနားထည်ဝါစွာ ပြုလုပ်လာခြင်း ဖြစ်သည်။

ယခု သူတို့ ကျက်ကျန်းပင်လယ်အတွင်း၌ လှုပ်ရှားသွားလာနေသည်မှာ သုံးရက်ခန့်ပင် ရှိနေပြီ။

သို့သော် .... ဓားပြများ၏ အရိပ်အယောင်မျှပင် မတွေ့ရသေးချေ။ ကျက်ကျန်းပင်လယ်ထဲ၌ သူတို့ ဖြည်းဖြည်းမှန်မှန် ရွက်လွှင့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့က ရောက်ပြီးသားနေရာသို့ နောက်တစ်ခါ ပြန်၍ မသွားကြပါ။

ထောင်ခြောက်မှုန်း ရိပ်မိသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ယှနေ့ထိလည်း ဓားပြများ မတွေ့ရသည့်အတွက် သူတို့ အံ့သြနေကြသည်။ ဤမျှနားမဆုံအောင် သောင်းကျန်းနေသော ဓားပြများသည် အဘယ့်ကြောင့် ငြိမ်သက်နေကြသနည်း။

"အားလုံး အသင့်ပြင် .... အရှေ့ဘက်က လှေနှစ်စင်း ထွက်လာနေပြီ .... "

ရွက်တိုင်ထိပ်မှ အမှတ်တစ်၏ အော်သံကြောင့် လှေကစ်စင်းလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အမှတ်တစ်၏ အသံကြောင့် အားလုံးပင် အရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်မိကြသည်။

အဝေး၌ အမည်းစက်ကလေးနှစ်ခုကို တွေ့လိုက်ရသည်။

စောင့်ဆိုင်းနေရသည်မှာ ကြာမြင့်လှပြီ။ သူတို့ စိတ်မရှည်ချင်ကြတော့ပေ။ မျှော်နေသူများ လာနေပြီဖြစ်၍ သူတို့မျက်နှာ၌ အပြုံးများ ပွင့်လန်းလာကြခြင်းဖြစ်၏။

လှေကလေးနှစ်စင်းမှာ လျှင်မြန်လှ၏။

မကြာမီ အထင်အရှား မြင်လာရသည်။

လှေပျော်၌ အဖြူရောင်ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြသော လူနှစ်ဆယ်ခန့် ပါလာသည်။

အားလုံး ညီတူမျှတူ လှော်ခတ်နေသည့်အတွက် လှေမှာ ဤမျှ လျှင်မြန်နေခြင်း ဖြစ်သည်။

လှေကလေး၌ ရွက်တိုက်မပါချေ။



ရွက်တိုင်အစား အလံတိုင်တစ်ခုသာပါသည်။

အလံပေါ်၌ အရိုးတစ်ချောင်းကို အဖြူရောင်ဖြင့် ရေးဆွဲထား၏။ မည်သည့်အထက်လမ်းဝိုက်ဖားမျှ ဤသို့သော အနိဋ္ဌာရုံ အမှတ်အသားများကို မရေးဆွဲကြပေ။

အမှတ်နှစ်က စိတ်လှုပ်ရှားသွား၏။

"ညီအစ်ကိုတို့ .... ဓားပြလှေတော့ ကျိန်းသေပြီ .... အားလုံး အသင့်ပြင်ထားကြ .... "

သူစကား မဆုံးမီပင် လှေနှစ်စင်းသည် သူတို့လှေ၏ ဝဲယာတစ်ဘက်တစ်ချက်ဆီသို့ ရောက်ရှိလာလေတော့သည်။

ခုနစ်စင်ကြယ်သိုင်းသမားများမှာ ယခုထိ မလှုပ်ရှားကြသေးပါ။ သူတို့က အခြေအနေကို အကဲခတ်ကြည့်နေသည်။

ယခုလာသော လှေနှစ်စင်းမှအပ ပင်လယ်ထဲ၌ အခြား မည်သည့် လှေကိုမျှ မတွေ့ရပါချေ။

ထိုစဉ် အရိုးဖြူအလံတပ်ထားသော လှေငယ်လေးနှစ်စင်းမှာ သူတို့လှေ၏ နံဘေးသို့ ကပ်မိသွား၏။

အဝါရောင်ဝတ်စုံနှင့် လူများ လှေပေါ်သို့ ခုန်တက်လာသည်နှင့် စောင့်ကြည့်နေသော ခုနစ်စင်ကြယ် သိုင်းသမားခြောက်ယောက်စလုံး တစ်ပြိုင်နက် လှုပ်ရှားကြတော့သည်။

သူတို့က လက်နက်ပုန်းနှင့် စကင်တိုက်ခိုက်ကြသည်။

ခုနစ်စင်ကြယ် သိုင်းသမားများ၏ လက်နက်ပုန်းမှာ နာမည်ကျော်ကြားသည်။

ထို့ကြောင့်လည်း လှေပေါ်သို့ ခုန်တက်လာသော အဝါရောင်ဝတ်စုံဝတ် လူများမှာ တစ်ဝက်ခန့် လဲကျသွားလေတော့သည်။

www.burmeseclassic.com



အဝါရောင်လူများမှာ ထိတ်လန့်ခြင်း၊ နောက်တွန့်ခြင်း မရှိပေ။

ထိုစဉ် ဖျက်တိုင်ပေါ်မှ အမှတ်တစ်က အမိန့်ပေးလိုက်၏။

"အားလုံးတိုက်ခိုက်ကြ ...."

သူ၏ အမိန့်ပေးသံကြောင့် ဂိုဏ်းတူညီအစ်ကိုခြောက်ယောက်တို့က ရန်သူများကို တက်ညီလက်ညီ တိုက်ခိုက်ကြသည်။

သူတို့၏ သိုင်းပညာမှာ အဆင့်မြင့်လှသည်။

အဝါရောင် ဝတ်စုံဝတ်လူများမှာ ခုနစ်စဉ်ကြယ်၏ သိုင်းပညာကို မည်သို့မျှ မယှဉ်နိုင်ချေ။

ထို့ကြောင့် တစ်ခဏချင်းမှာပင် ဒဏ်ရာအများအပြား ရရှိသွားကြတော့သည်။

အဝါရောင်လူများမှာ ထိတ်လန့်သွားကြ၏။ အချို့က သူတို့၏ လှေပေါ်သို့ ပြန်ခုန်ဆင်းသွားကြသည်။ သူတို့ ၏ လှေကလေးများသည် ခုနစ်စဉ်ကြယ်တို့၏ လှေကြီးအနီးမှ အပြင်း ခွာထွက်သွား၏။

အဝါရောင်ဝတ်စုံဝတ်လူလေးဆယ်မှာ ပြန်ဆုတ်သွားသောအခါ ဆယ်ယောက်ပင် မပြည့်ချင်တော့ချေ။

ခုနစ်စဉ်ကြယ်သိုင်းသမားများက အားရပါးရ ရယ်မောလိုက်ကြသည်။

အမှတ်စဉ်တစ်က အောက်သို့ဆင်းလာပြီး အမိန့်ပေးညွှန်ကြားသည်။

"ကဲ .... ရယ်မနေကြနဲ့ဦး .... စစ်ဆေးကြည့်ကြဦး .... "

သူတို့သည် လှေပေါ်၌ လဲကျကျန်ခဲ့သော အဝါရောင်ဝတ်စုံဝတ်လူများကို စစ်ဆေးကြည့်ရာ အသက်ရှင်ကျန်ခဲ့သူဟူ၍ .... သုံးယောက်သာ တွေ့ရတော့သည်။



ကျန်လူများမှာ အားလုံးသေဆုံးသွားကြလေပြီ။

အမှတ်တစ်က အဝါရောင်ဝတ်စုံဝတ်လူအား မေးခွန်းထုတ်လိုက်၏။

"မင်းတို့ ဘယ်အဖွဲ့ကလဲ .... မှန်မှန်ပြောစမ်း .... "

အဝါရောင်ဝတ်စုံဝတ်လူက ဘာမျှပြန်မပြောပါ။ သူတို့အား ငေးကြည့်နေ၏။

အမှတ်နှစ်မှာ စိတ်မရှည်ချင်တော့ပါ။ သူသည် နဂိုကပင် စိတ်တိုသူ ဖြစ်၏။

"ဟေ့ ... မေးနေတာ မကြားဘူးလား .... "

အမှတ်နှစ်၏ အော်ငေါက်သံကြောင့် အဝါရောင်ဝတ်စုံဝတ်နှင့် လူသုံးယောက်မှာ ထိတ်လန့်လှုပ်ရှားလာကြလေသည်။

"ပူး .... ပူး .... ဝါး .... ဝါး .... "

သူတို့၏အသံမှာ လျှာလေးအာလေး ဖြစ်နေကြသည်။

အဘယ်သို့ ဖြစ်သနည်း။ ခုနစ်စဉ်ကြယ်အားလုံး အံ့အားသင့်သွားကြသည်။ ဤအဖြစ်မျိုးကို သူတို့ ယခင်က မကြုံခဲ့ဘူးပေ။ နောက်ဆုံး၌ ထိုလူများမှာ စကားမပြောနိုင်ကြကြောင်း တွေ့ရှိလာရတော့သည်။

ထို့ကြောင့် သူတို့က စာရွက်နှင့် စုတ်တံ ယူပေးလိုက်ပြီး မေးမြန်းတော့၏။

"မင်းတို့ ဘယ်အဖွဲ့ကလဲ .... "

ထိုအဝါရောင်ဝတ်စုံဝတ် လူတစ်ယောက်က စာရေးပြသည်။

"အရိုးဖြူဂိုဏ်း .... "

ခုနစ်စဉ်ကြယ်သိုင်းသမားများ မျက်မှောင်ကြုတ်သွားကြသည်။

www.burmeseclassic.com



သူတို့ သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်မနည်းတော့ပါ။ အရိုးဖြူဂိုဏ်းဟူ၍ တစ်ခါမျှ မကြားဘူးခဲ့ပါ။ ဂိုဏ်းသစ်ဖြစ်ကောင်းဖြစ်နိုင်သည်ဟု တွေးသည်။

ထို့ကြောင့် အမှတ်ခြောက်က ....

"ခေါင်းဆောင်က ဘယ်သူလဲ .... "

အဝါရောင်လူက စာရေးပြီး ဖြေသည်။

"မသိ"

အမှတ်ခြောက်က အံ့သြသွားသည်။ သူမေးရန် ဟန်ပြင်နေစဉ်

"မင်းတို့နာမည် ဘယ်လိုခေါ်သလဲ .... "

အဝါရောင်ဝတ်စုံဝတ်လူသည် အမှတ်လေး၏ မေးခွန်းကို သဘောမပေါက်ပေ။ ခေါင်းခါပြသည်။

အခြားနှစ်ယောက်ကလည်း ခေါင်းခါယမ်းပြသည်။

ခုနစ်စဉ်ကြယ် သိုင်းသမားများ အားလုံးပင် အံ့အားသင့်သွားကြသည်။

ထိုလူများ၏ မိဘ၊ ရပ်ရွာ၊ ဇာတိ အားလုံးကို မေးကြည့်သည်။ ထိုလူအားလုံး ခေါင်းခါကြသည်။

အမှတ်ငါးက အခြားသူများထက် အတွေးအခေါ်ကောင်းသည်။

သူက အဝါရောင်ဝတ်စုံဝတ် လူများအား စစ်ဆေးကြည့်လိုက်ရာ အဆိပ်တစ်မျိုးမိနေကြောင်း သိရှိလိုက်ရလေသည်။

သူသည် အဆိပ်နှင့် ပတ်သက်၍ ကျွမ်းကျင်သူ ဖြစ်သည်။

ယခု ....

အဝါရောင်လူမှာ အဆိပ်မိနေကြောင်း သိသော်လည်း မည်သည့်အဆိပ်မိနေကြောင်းကိုမူ သူ မသိချေ၊



သူက သူ၏ ထက်မြက်သော အဆိပ်ပြေဆေးများ တိုက်ကျွေးသည်။ သို့သော် မည်သည့်အဆိပ်မျှ မပြေပေ။

ထို့နောက် သုံ့ပန်းများအား ပါးစပ်ဟခိုင်းပြီး ကြည့်ရှုစစ်ဆေးသည်။

ထိုလူများ စကားမပြောနိုင်ရခြင်းမှာ အကြောများကို ပြုပြင်ထား၍ဖြစ်ကြောင်း သိလာရသည်။

အမှတ်ငါးက သူညီတော် နောင်တော်များအား ရှင်းလင်းပြောပြသည်။

"ညီတော် နောင်တော်တို့ .... ဒီအရိုးဖြူဂိုဏ်းခေါင်းဆောင်ဟာ အတော့်ကို ယုတ်မာပါတယ် .... "

အမှတ်တစ်က ....

"ညီတော် ဘာတွေ တွေ့ရသလဲ .... "

"သူတို့ကို အဆိပ်ဆေးတစ်မျိုး ကျွေးထားတယ် .... ညီတော်ရဲ့ အဆိပ်ပြေဆေးလည်း မတိုးဘူး .... များသောအားဖြင့်ကတော့ ထူးခြားတဲ့ အဆိပ်တိုင်းဟာ ဖြေဆေးကိုယ်စီ ရှိတတ်ပါတယ် .... သူတို့ကို ဘာနဲ့ ဖြေပေးမှ ပြေမယ်ဆိုတာ ညီတော်လည်း မပြောနိုင်ဘူး၊ အဆိုးဆုံးကတော့ ဒီလူယုတ်မာဟာ သူ့တပည့်တွေ စကားမပြောနိုင်အောင် လည်ပင်းက အကြောတွေကို ပြုပြင်ထားတာပဲ .... သူတို့အားလုံး လူ့ဘဝဆုံးသလို ဖြစ်နေကြပြီ .... "

ထိုအခါ ....

ခုနစ်စဉ်ကြယ်ဂိုဏ်းသား အားလုံးပင် အရိုးဖြူခေါင်းဆောင်ကို အမျက်ခြောင်းခြောင်း ထွက်မိကြလေတော့၏။

အားလုံးပင် အရိုးဖြူဂိုဏ်းချုပ်အပေါ် ရွံမုန်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ငါးသည် သူ့ဆေးတိုက်ကျွေးထားသော ရန်သူများ ထူးခြားလာလိုလာငြား စောင့်ကြည့်သည်။

မည်သို့မျှ ထူးခြားမလာပါသဖြင့် သူ၏ ဖြေဆေးမှာ မည်သို့မျှ အသုံးမဝင်ကြောင်း လုံးဝသိရှိသွားလေတော့၏။

အမှတ်တစ်က ....

“တို့တစ်တွေ အချိန်ဖြုန်းနေမယ့်အစား ဒီလူတွေကို သူတို့ အရိုးဖြူဂိုဏ်းရှိတဲ့နေရာကို လိုက်ပြခိုင်းပြီး သွားဖို့ခွဲရင် ကောင်းလိမ့်မယ်”

ခုနစ်စဉ်ကြယ် သိုင်းသမားအားလုံး သဘောတူကြ၏။

ထို့နောက် အဝါရောင်ဝတ်စုံဝတ်လူများအား အရိုးဖြူဂိုဏ်း၏ တည်နေရာကို လိုက်ပြရန် စာရေး၍ မေးမြန်းကြလေတော့၏။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com